
နေရီရီစာအုပ်တိုက်

# ကျွန်မဘဝ
# အမှတ်တရလေးများ

ခင်မြဆွေညို (လန်ဒန်)



ကျေးရွာကြီးလှ မိနှင့် ပသို့ အမှတ်တရ

နှင့်

အိမ်ထောင်သက် နှစ်(၅၀)ကျော် ယခုအချိန်အထိ
သည်းခံ စိတ်ရှည် မေတ္တာတွေ ပေးဝေဆဲ ဖြစ်သည့်
ခင်ပွန်းသည်သို့
"ကျေးဇူးတင်ရှိကြောင်း
ပထမဦးစွာ ပွင့်ဟာဝန်ခံချက်"
အမှတ်တရ



12.6.1965 ----- 12.6.2015

**Golden Wedding Anniversary**

. . . . .

၁၂-၆-၁၉၆၅ ....... ၁၂-၆-၂၀၁၅

အိမ်ထောင်သက် နှစ်(၅၀) ပြည့်

'ရွှေရတုမင်္ဂလာ' အထိမ်းအမှတ်စာစု

မင်းညို + ခင်မြဆွေ

# ကျွန်မဘဝ
# အမှတ်တရလေးများ

ခင်မြဆွေညို(လန်ဒန်)

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ နေရီရီ၊ ၂၀၁၆၊ ဖေဖော်ဝါရီ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးအောင်သပြေ (Digital Cottage) အမှတ်(၂/က)၊ အောင်ရတနာလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခွင့်အမှတ် | ၀၀၂၅၆ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်) ၂/က၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခွင့်အမှတ် | ၀၀၃၃၄ |
| မျက်နှာဖုံး | NN |
| ကာလာခွဲ | Sunn |
| အတွင်းဖလင် | AZ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| တန်ဖိုး | ၂၀၀၀ |
| ဖြန့်ချိရေး | နေရီရီ |

ခင်မြဆွေညို(လန်ဒန်) ၈၉၅. ၈၃
ကျွန်မဘဝ အမှတ်တရလေးများ/ရန်ကုန်
နေရီရီစာအုပ်တိုက်၊ ပ-အကြိမ်၊ ၂၀၁၆
၁၂၀ စာ၊ ၁၃. ၅ X ၂၀ စင်တီ။
ကျွန်မဘဝ အမှတ်တရလေးများ

## မာတိကာ


စာရေးသူ၏ အမှာ . . .

ကျွန်မရဲ့ မျိုးရိုးစဉ်ဆက် . . .

၁။ ကျွန်မ မမွေးခင်ကာလ . . . ၁

၂။ ၁၉၄၅ – ၁၉၄၇ . . . ၉

၃။ အလုံ ခရေပင်လမ်းအိမ် . . . ၁၁

၄။ ပဲခူး ဘုရားလမ်းအိမ် . . . ၁၃

၅။ ဟိုလိုလို ဒီလိုလို
တက္ကသိုလ်ကျောင်းသူဘဝ . . . ၁၈

၆။ ဘဝခရီးဖော် . . . ၂၃

၇။ အိမ်ထောင်သည်ဘဝ ခရီးအစ . . . ၂၈

၈။ ၁၉၆၆–၁၉၆၈ မော်စီးမိုင်း ၃၃

၉။ ၁၉၆၈ . . . ၄၀

၁၀။ ကသာ (၁၉၇၄–၇၅) . . . ၄၇

၁၁။ ၁၉၇၅ – ၇၇ မန္တလေး . . . ၅၀

၁၂။ တစ်ကျွန်း တစ်မြေဆီသို့ . . . ၅၆

၁၃။ စကတည်းက ယဉ်သကို . . . ၅၈

၁၄။ ငွေဗျိုင်းဖြူ ဒေါ်လေးဘဝ . . . ၆၃

၁၅။ ဘာသာစကား လှေလှော်မှတ်သား . . . ၆၈

၁၆။ **Bush House** ရုံးခန်းက အမှတ်တရများ . . . ၇၀

၁၇။ အင်္ဂလန်မြေက ဘဝအတွေ့တွေ . . . ၇၈

၁၈။ မြန်မာစာပြ ဆရာမဘဝ . . . ၈၃

၁၉။ ဘာသာရေးကြီးပမ်းမှု အမှတ်တရ ၉၃

၂၀။ လူမှုရေးဘက်လည်း မလစ်ဟင်းရစေ . . . ၉၆

၂၁။ ကမ္ဘာအနှံ့ ခြေဆန့်ခဲ့ကြရာမှာ . . . ၁၀၂

၂၂။ နှစ် (၅၀)ပြည့် ရွှေရတု . . . ၁၀၈

## အမှာစာ

အမိမြေနဲ့ ဝေးရာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် ဝါသနာကို အရင်းခံ၍ ပညာ၊ ဥစ္စာ၊ ဒါန၊ သီလ၊ ဘာဝနာပါမကျန် တိုးတက်ရာ တိုးတက်ကြောင်း ရှာဖွေစုဆောင်း ကြိုးပမ်းအားထုတ်ရင်း နေလာခဲ့သည်မှာ ကိုယ့်အသက် ထက်ဝက်ပင်မက ကျော်လွန်လာခဲ့ပြီ ဖြစ်ပါသည်။ တစ်နှစ်တစ်ခါ အမိမြေသို့ ပြန်ကာ မိသားစုများနှင့် လည်ပတ်သွားလာ တွေ့ဆုံခဲ့ပြီး လိုအပ်သည့်နေရာများမှာ တတ်အားသရွေ့ ကူညီ လှူဒါန်းလိုက်နှင့် နှစ်တွေ ဘယ်လိုကနေ ဘယ်လို ကုန်ဆုံးသွားခဲ့မှန်းပင်မသိ၊ အမှတ်မထားခဲ့မိဘဲ ရှိနေခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ကုန်ခါနီး လန်ဒန် ဆောင်းရာသီ။ အအေးဒဏ်က လွန်ကဲသည့်သဖြင့် ခရီးသိပ်မထွက်ဖြစ်ချိန်တွင်တော့ အိမ်တွင်းအောင်းကာ ရောက်တတ်ရာရာ တွေးနေမိရင်းက. . .

"အော်. . . ဘာလိုလိုနဲ့ လာမယ့်နှစ် ၂၀၁၅၊ ဇွန်လဆိုရင် ကျွန်မတို့ လက်ထပ်ခဲ့တဲ့ အိမ်ထောင်သက် အနှစ် (၅၀)ပြည့် ရွှေရတုတောင် ရောက်တော့မှာပါလား" လို့ အမှတ်ထင်ထင် တွေးမိရင်း. . .

"ကုန်ခဲ့တဲ့ နှစ်(၅၀)အတွင်း ကြုံခဲ့၊ တွေ့ခဲ့ မမေ့နိုင်စရာ ဖြစ်ခဲ့ရတာလေးတွေ မှတ်တမ်းတင်ထားခဲ့ရင်တော့၊ ကျွန်မရဲ့ များပြားလှစွာသော တူ တူမ၊ မြေးကလေးတွေ၊ သူတို့ ကြီးတော်၊ သူတို့ ဘွားဘွားတစ်ယောက် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစပြီး အခု သူတို့ မြင်နေကြရတဲ့ အဘွားအရွယ်အထိ နေခဲ့ ထိုင်ခဲ့၊ သွားလာလှုပ်ရှားခဲ့ပုံကလေးတွေ မှတ်မိသလောက် မှတ်တမ်းတင် ရေးပြပြီး သင်ခန်းစာယူနိုင်ကြရအောင်လေ"လို့ အတွေးပေါက်ပြီး "ကျွန်မဘဝ အမှတ်တရ စာစုကလေးကို စိတ်ပါ လက်ပါ ချရေးမိခဲ့ခြင်း ဖြစ်ပါသည်။

ထိုမှတ်တမ်းစာစုကလေး ရေးပြီးသွားချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်မတို့ ဇနီးမောင်နှံ၏ အိမ်ထောင်သက် အနှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အချိန် ဖြစ်နေခဲ့သောကြောင့် "အနှစ်(၅၀) ပြည့် ရွှေရတုမင်္ဂလာ နှစ်ပတ်လည် အထိမ်းအမှတ် အမှတ်တရ စာစု"ဟု အမည်တပ်ကာ ခင်မင် ရင်းနှီးသူများအား ပေးဖတ်ခဲ့ပြီး ဝေဖန် အကြံပြုချက်များ တောင်းခံခဲ့ပါသည်။ ယင်းစာစုကလေးက ပင် ယခုကဲ့သို့ ပင်ကိုရေး စာတစ်အုပ်အဖြစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ သို့ပါ၍ ကျွန်မ၏ စာမူကလေးကို စိတ်ဝင်တစား အချိန်ယူ ဖတ်ပေးခဲ့ကြပြီး ဂရုတစိုက် မှတ်ချက်၊ ဝေဖန်ချက်များ ရေးပေးခဲ့ကြသည့် လန်ဒန်နှင့် မြန်မာနိုင်ငံ မှ ချစ်လှစွာသော မိတ်ဆွေသင်္ဂဟ အပေါင်းအား အထူးကျေးဇူးတင်ရှိပါသည်။

နောက်ဆုံး ကျွန်မရဲ့စာမူလေးကို ဖတ်မိသွားခဲ့သူ နေရီရီစာအုပ်တိုက်က ကျွန်မ ညီမ ဝမ်းကွဲ(အဘွား ညီအစ်မအရင်း)တော်သူ ဒေါ်နီနီနိုင်ကလည်း ကျွန်မ စာစုကလေးကို "စာအုပ်ထုတ်ရရင် ကောင်းမှာပဲ"လို့ ပြောကြရင်းက 'ကျွန်မဘဝ အမှတ်တရလေးများ' စာအုပ်အဖြစ် ပီပီပြင်ပြင် ထွက်ပေါ်လာခဲ့တာ ဖြစ်လို့ နေရီရီစာအုပ်တိုက် မိသားစုကိုလည်း အထူးကျေးဇူး ဥပကာရ တင်ရှိပါ ကြောင်း မှတ်တမ်းတင်ရပါသည်။

ခင်မြဆွေညို(လန်ဒန်)

၇၊ ၁၂၊ ၂၀၁၅

# ကျွန်မရဲ့ မျိုးရိုးစဉ်ဆက်

ကျွန်မတို့ရဲ့ မျိုးရိုးစဉ်ဆက်ကတော့ ကျွန်မ ဖခင်ဘက်က အဘိုးတွေ ဖြစ်တဲ့ ရခိုင်ညီအစ်ကို သုံးဦးက စ ရမှာ ဖြစ်ပါတယ်။ ကျွန်မ ဖခင်ရဲ့အဘိုး ညီအစ်ကို သုံးဦးက ဦးရွှေဘွင့်၊ ဦးရွှေသားနဲ့ ဦးအောင်ကျော် ဆိုတဲ့ ဝစ်တွေက ရခိုင်လူမျိုးတွေ ဖြစ်ကြပါတယ်။

ဘိုးဘိုးဦးရွှေဘွင့်က ပဲခူးမှာ စစ်ကဲကြီးတာဝန်ထမ်းဆောင်ရင်း မွန် အမျိုးသမီး ဒေါ်ဂွမ်းနဲ့ အိမ်ထောင်ကျလို့ သား လေးယောက်နဲ့ သမီး သုံးယောက် ပေါင်း ၇ ယောက် မွေးဖွားခဲ့ပါတယ်။



ဘိုးဘိုးကြီး ဦးရွှေဘွင့်နှင့် ဘွားဘွားကြီး ဒေါ်ဂွမ်းတို့ မိသားစု ကိုးယောက်

သားဦးယောက်ျားလေး ဖွားမြင်ပြီးနောက် ဒေါ်မမကြီး၊ ဒေါ်မမလေးနဲ့ ဒေါ်မြမြ ဆိုတဲ့ သမီးကြီးပဲ သုံးဦး ဆက်တိုက် မွေးဖွားခဲ့ပါတယ်။



လက်ဝဲမှ လက်ယာ - ဒေါ်မမလေး၊ အလယ်တွင်
မတ်တတ်ရပ်နေသူမှာ ဒေါ်မြမြ၊ ညာအစွန်မှာ ကျွန်မ၏အဘွား
ဒေါ်မမကြီးတို့ ညီအစ်မ သုံးဦး

သမီးအကြီးဆုံး ဒေါ်မမကြီးက မြန်အောင်စစ်ကဲကြီး ဦးပုနဲ့ သရစိမ်း ခင်ခင်အုန်းတို့ရဲ့သား အရေးပိုင် ဦးဘသင်နဲ့ အိမ်ထောင်ကျခဲ့ပြီး ကျွန်မ ဖေဖေ အပါဝင် သားသမီး ၆ ယောက် မွေးဖွားခဲ့ပါတယ်။ ဖေဖေက ဘီးလစ်ကြီး (Bailiff) ဦးဖိုးဝိုက်နဲ့ ဒေါ်လှဝင်းတို့ရဲ့သမီး မေမေ ဒေါ်သန်းတင်နဲ့ ထိမ်းမြား တော့ သားသမီး (၉)ယောက် ဖွားမြင်ခဲ့ရာမှာ ကျွန်မက နံပါတ်(၆) ဖြစ်ပါတယ်။

ဘွားဘွား ဒေါ်မမကြီးရဲ့အောက်က ဒုတိယသမီးဟာ ခင်ပွန်းသည် လမ်းအရေးပိုင် ဦးဘထည်နဲ့ အိမ်ထောင်ကျပြီး တာဝန်ကျရာ ယောင်နောက် ဆံထုံးပါရတာကြောင့် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့ကို လိုက်သွားရလို့ ရှမ်းဘွားဘွားလို့ ကျွန်မတို့ ခေါ်တဲ့ ဒေါ်မမလေးက သားနှစ်ယောက် မွေးဖွားခဲ့ တာမှာ သားအငယ်ရဲ့ သမီးဖြစ်တဲ့ ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)က ဒေါ်မမလေးရဲ့ မြေးအငယ်ဆုံးပါ။

သူ့အောက်က ဒေါ်မြမြကတော့ ဆရာဝန်ကြီး ကာနယ်ဘခက်နဲ့ အိမ်ထောင်ကျခဲ့ပြီး သားနှစ်ယောက်နဲ့ သမီးတစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ သမီးဖြစ်တဲ့ ဒေါ်မီနီဘခက်က ရာဇဝင်ပါမောက္ခဦးဘညွန့်နဲ့ အိမ်ထောင်ပြုပြန် တော့ စွယ်စုံရ အကယ်ဒမီဆုများရှင် ကိုဝင်းဦး အပါအဝင် မောင်နှမ ၅ ယောက်ကို မွေးဖွားခဲ့တာကြောင့် သူတို့ မောင်နှမ ၅ ယောက်ဟာ ဘွားဘွားလေး မြရဲ့ မြေးတွေ ဖြစ်ကြပါတယ်။

ဘိုးဘိုးကြီး ဦးရွှေဘွင့်နဲ့ ဘွားဘွားကြီး ဒေါ်ဂွမ်းတို့ရဲ့ သားအထွေးဆုံး ဖြစ်တဲ့ ရှေ့နေကြီး ဦးသိန်းဟန်ကတော့ မော်လမြိုင်သူ ဒေါ်ရင်ရင်နဲ့ အိမ်ထောင် ကျလို့ သားနှစ်ယောက်ထွန်းကားခဲ့ရာမှာ သားအကြီးက ရဲဘော်အောင်ကြီး ဖြစ်ပြီး သားအငယ် ဦးတင်အေးက သင်္ဘောပါရဂူဘွဲ့ယူပြီးအပြန်မှာ သူ စီးလာတဲ့ လေယာဉ် Red Sea ထဲ ပျက်ကျသွားလို့ 'ဒေါက်တာလှရွှေ'တို့နဲ့အတူ ကြေကွဲဖွယ် ကွယ်လွန်သွားခဲ့ရပါတယ်။

ဒီတော့ ဘွားဘွားတို့ ညီအစ်မ သုံးဦးနဲ့ ဘိုးလေးဦးသိန်းဟန်တို့က ပေါက်ဖွားလာကြတဲ့ ကျွန်မတို့တစ်တွေဟာ အဘွားညီအစ်မတွေနဲ့ မောင် အရင်းရဲ့ မြေးတွေဆိုတော့ ကျွန်မတို့တစ်တွေဟာ နှစ်ဝမ်းကွဲ မောင်နှမတွေ တော်ကြပြန်တာပေါ့။

* * *



ဖိုးဖိုး ဦးဘသင် + ဖွားဖွားဒေါ်မမကြီး

# ကျွန်မ မမွေးခင်ကာလ

ကျွန်မဘဝအစ ချောက်မြို့ကလို့ သိထားခဲ့ရပါတယ်။ ဒီနေရာမှာ ကျွန်မကို မွေးဖွားလာခဲ့ကြတဲ့ မိဘနှစ်ပါးရဲ့ ဇာတိဇာစ်မြစ်ကိုလည်း ရှေ့စာမျက်နှာမှာ ပြောပြခဲ့ပြီးဖြစ်တဲ့အတိုင်း ကျွန်မ ဖေဖေရဲ့ မိဘများကတော့ အရေးပိုင် ဦးဘသင် (KSM, ATM) နဲ့ ဇနီး ဒေါ်မမကြီးတို့ဖြစ်ပြီး မေမေ့ရဲ့ မိဘများကတော့ (Bailiff) ဘီးလစ်ကြီး ဦးဖိုးဝိုက်နဲ့ ဒေါ်လှဝင်းတို့ ဖြစ်ကြပါတယ်။ အင်္ဂလိပ်လက်အောက်ခံဘဝ မြန်မာနိုင်ငံ မြေလတ်ပိုင်း ရေနံချောင်းမြို့နဲ့ ချောက်မြို့တို့ဟာ ဗြိတိန်နိုင်ငံပိုင် BOC (British Oil Company) ရဲ့ အဓိက အချက်အချာနေရာ ဌာနတစ်ခုဖြစ်ခဲ့ပါတယ်။ သူတို့အုပ်ချုပ်ရယူထားတဲ့ နိုင်ငံတစ်နိုင်ငံတည်းက သူတို့အတွက် အကျိုးအရှိဆုံး မြန်မာ့သယံဇာတ ရေနံတွေ ထုတ်လုပ်ရာဌာနမှာလည်း သူတို့လူမျိုးတွေသာ အထက်ပိုင်းကနေ ကြည့်ကြပ်အုပ်ချုပ် တွင်ကျယ်ခဲ့ကြတာကတော့ မဆန်းလှဘူးလို့ ဆိုရပါမယ်။ အဲ ၁၉၃၆ ခုနှစ်မှာတော့ ရှားရှားပါးပါး မြန်မာလူမျိုး လူငယ်အင်ဂျင်နီယာ လေး(၃)ယောက် ပထမဆုံးအဖြစ် BOC ရဲ့ အရာရှိတွေ အဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။ အဲဒီထဲမှာ ကျမ ဖေဖေလည်း တစ်ဦးအပါအဝင်မို့ ၁၉၃၆ ခုနှစ်မှာ ဖေဖေ၊ မေမေတို့ ချောက် BOC ကို ပြောင်းခဲ့ကြတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်အထိ သူတို့လူမျိုးတွေကိုသာ အဆင့်မြင့်တဲ့အရာရှိနေရာကို ပေးလေ့ရှိတာမို့ မြန်မာအလုပ်သမားအားလုံးက သူတို့တွေကို

"အရာရှိတွေ"၊ "ဘိုတွေ"လို့ ခေါ်ဝေါ် ပြောဆိုတတ်ကြပါသတဲ့။ အဲဒီအချိန်မှာပဲ ဗမာလူမျိုး လူငယ်အရာရှိလေးတွေကို ရလာကြတော့ အလုပ်သမားတွေက သူတို့ကို "ဗမာဘို"လို့ ခေါ်ကြတယ်လို့ ဆိုပါတယ်။ ရှားရှားပါးပါး ရောက်လာကြတဲ့ "ဗမာဘို"တွေထဲက တစ်ယောက်ကတော့ ကျွန်မရဲ့ ဖေဖေပါပဲ။ ၁၉၃၆ ခုနှစ်၊ ဖေဖေ ချောက် BOC ကို အင်ဂျင်နီယာအရာရှိတစ်ယောက် အနေနဲ့ ရောက်လာချိန်မှာ ဖေဖေနဲ့ မေမေမှာ သားကြီး၊ သမီးကြီးနဲ့ အမွှာသား နှစ်ယောက်၊ သားသမီး (၄)ယောက် ရှိနေခဲ့ကြပြီ ဖြစ်ပါတယ်။ ချောက် BOC ရောက်ပြီး တစ်နှစ်လောက်မှာ ဖေဖေ၊ မေမေတို့ရဲ့ သားကြီး မောင်မောင်သွင်၊ သမီးကြီး ခင်မြသိန်းနဲ့ သားအမွှာ ကိုကြီး၊ ကိုလေးတို့အတွက် နှမလေး မလေး (မာလေး) ဆိုတဲ့ သမီးလေး ခင်မြအေး ကို ရခဲ့ကြပြန်ပါတယ်။

အဲဒီနောက် (၂)နှစ်အကြာ ၁၉၃၉ ခုနှစ်မှာ နီနီထွေးထွေး အသားလေးနဲ့ သမီးလေးတစ်ယောက် ရလာခဲ့ပြန်ပါတယ်။ "နီနီလေး"၊ "နီနီမာ" လို့ ချစ်စနိုးအမည်တွင်ခဲ့သူကတော့ ကျွန်မပဲပေါ့ရှင်။ ဒါကြောင့် ကျွန်မဘဝ ချောက်မြို့က စခဲ့ပါတယ်လို့ ဆိုခဲ့ရတာပါ။

ဖေဖေ့ပညာ ဖေဖေ့စွမ်းဆောင် အောင်မြင်မှုတွေကနေ ပွဲလယ် တင့်ခဲ့ရတဲ့ ဖေ-မေ တို့ရဲ့ ပျော်ရွှင်စရာ အဲ့ဒီအချိန်ကာလလေးတွေအကြောင်း လည်း မေမေနဲ့ မမကြီးတို့ ပြောပြခဲ့တာလေးတွေကတစ်ဆင့် မျှဝေခံစား ခဲ့ကြရ ပါတယ်။ ကျွန်မ မွေးပြီး တစ်နှစ် အခါလည်သမီးလောက်မှာတော့ မြန်မာနိုင်ငံကို ဂျပန်တွေဝင်လာပြီး အင်္ဂလိပ်တွေ ထွက်ခွာသွားခဲ့ရတယ်လို့ သိခဲ့ရပါတယ်။ BOC က မြန်မာအရာရှိတွေလည်း သူတို့အင်္ဂလိပ်တွေလိုပဲ စစ်ပြေး ဘဝ ရောက်ခဲ့ကြရပါတော့တယ်တဲ့ရှင်။ ဖေနဲ့မေ ပြန်ပြောခဲ့ကြတာတွေထဲက သူတို့ ကိုယ်စီရဲ့ ခံစားချက်လေး တစ်ခု၊ နှစ်ခုလောက်တော့ ကျွန်မ မှတ်မိသလောက် ပြန်ဖောက်သည်ချပြောပြရပါဦးမယ်။

ချောက်မြို့ BOC မှာ အတူသွား အလုပ်လုပ်ကြ၊ သွားကြ၊ လာကြ စားသောက်ကြလေ့ရှိတဲ့ 'ဗမာဘို'မိသားစုတွေဟာ လူငယ် အိမ်ထောင်စု တွေပီပီ

အလုပ်နားတဲ့ စနေ၊ တနင်္ဂနွေနေ့တွေဆိုရင် လူစည်ကားတဲ့ ရေနံချောင်းမြို့ကိုသွားပြီး ဈေးဝယ်ထွက် စားကြ၊ သောက်ကြ၊ ရုပ်ရှင်ကြည့်ကြနဲ့ နေတတ်ကြတယ်လို့ ဆိုပါတယ်။ ဒီတော့ သားသမီးတွေများတဲ့ ဖေဖေ့ခမျာ မိသားစုအားလုံးဆန့်တဲ့ ဖို့အား V8 Ford ကားကို ဝယ်စီးရပါတယ်တဲ့။ ကား ဝါသနာပါတဲ့ ဖေဖေဟာ သူ့ကားကို အတော်မြတ်နိုးရှာပါသတဲ့။ ဂျပန်တွေ မြန်မာနိုင်ငံထဲ ဝင်အလာ အင်္ဂလိပ်တွေပြေးကြရတဲ့ အချိန်မှာ အင်္ဂလိပ်တွေဟာ ရေနံတွင်းတွေ အပါအဝင် သူတို့ပိုင်ပစ္စည်းတွေ၊ ဂျပန်လက်မရောက်အောင် အားလုံးမီးရှို့ဖြစ်ခဲ့ကြတယ်။ သူတို့ အမှုထမ်းတွေပိုင်တဲ့ အဘိုးတန်ပစ္စည်းတွေကိုလည်း တန်ရာတန်ကြေးပေးပြီး မီးရှို့တဲ့ထဲ ထည့်ခိုင်းခဲ့ကြပါသတဲ့။ အဲ့ဒီမှာ သူ့ Ford ကားကြီးကို မြတ်နိုးလှတဲ့ ဖေဖေ့ခမျာ သူ့ကားကြီးမီးလောင်နေတာကို ဝမ်းနည်းပမ်းနည်း ကိုယ်တိုင်မြင်ခဲ့ရတယ်ဆိုပဲရှင်။ မေမေ့ခမျာလည်း စစ်ပြေးကြတော့ မယ်ဆိုတော့ ပစ္စည်းတွေအကုန် မသယ်နိုင်တာက အရေးမကြီး၊ သူ သံယောဇဉ်ကြီးလှတဲ့ သူ့ရဲ့ Singer ခြေနင်းအပ်ချုပ်စက်ကို ဘယ်လို သယ်ရမှန်းမသိ ဝမ်းပမ်းတနဲ ဖြစ်နေခဲ့ရပါတယ်တဲ့။ ဒီမှာတင် ဖေဖေ မေမေ တို့ကို ခင်မင်လွန်းပြီး မေမေ့ကို အစ်မအရင်းတစ်ယောက်လိုချစ်တဲ့ အင်္ဂလိပ်အရာရှိ Uncle Maitland က မေမေ့ရဲ့ Singer စက်ကို မြေကြီးထဲမှာ နေရာမှတ်သားပြီး မြှုတ်ထားပေးခဲ့တယ်တဲ့။ ပြန်ရမရဆိုတာတော့ ကမ္ဘာသကာဆိုတဲ့ သဘောပေါ့လေ။ ကံတရားဆိုတာကလည်း အဆန်းသားပါပဲရှင်။ အဲဒီအချိန်နောက်ပိုင်း ဂျပန်ခေတ်၊ နောက် ဂျပန်တွေ ပြေးပြီး အင်္ဂလိပ်ပြန်ဝင်လာစမှာ Uncle Maitland က လေထီးစစ်ဗိုလ်တစ်ယောက်အဖြစ်နဲ့ မြန်မာနိုင်ငံ အထက်ပိုင်းမှာ တာဝန်ကျခဲ့ပြန်လို့ ဒီအချိန်က ဂျပန်ခေတ်အတွင်း ဖေဖေ ဆည်မြောင်းအင်ဂျင်နီယာအဖြစ် အမှုထမ်းနေတဲ့ မင်းဘူးခရိုင်၊ ပွင့်ဖြူဆိုတဲ့ မြို့ကလေးမှာ ရှိနေချိန် မေမေ့ Singer စက်ကို ပြန်ယူလာပေးခဲ့ပါသတဲ့ရှင်။ ဒီအကြောင်းတွေကို ကျွန်မက ငယ်ငယ်မို့ ဘာမှသေသေချာချာ မသိခဲ့ရပေမဲ့ ကျွန်မအရွယ်ရောက်စ၊ နေရာတကာ စပ်စပ်စုစု လုပ်တတ်ခါစက မေမေ့ Singer စက်ပေါ်

တက်နင်းပြီး မချုပ်တတ် ချုပ်တတ်နဲ့ တက်ချုပ်နေတုန်း မေမေက "အမယ်လေးလေး. . . မြေသြိုးမိုးပျံပြီး ဒုက္ခ သုခ မျိုးစုံကြားထဲက အသက်ဆက်လာခဲ့တဲ့ မေမေ့စက်ကလေးတော့ သမီးလက်ထက်ကျမှ ပျက်ပါတော့မယ်"လို့ ပြောခဲ့ဖူးသလို အဲဒီ သမိုင်းဝင် Singer ခြေနင်းစက်ဟာ ဖေဖေနဲ့ မေမေ ခေါင်းချသွားခဲ့တဲ့ ကျွန်မတို့ရဲ့ အင်းလျားကန်စောင်းက ဦးထွန်းငြိမ်းလမ်း အိမ်အထိ ရှိနေခဲ့ရတာကတော့ မှတ်မှတ်ရရပါပဲရှင်။

ဒီလိုနဲ့ ချောက်မြို့ BOC ကနေ ဗမာဘို အရာရှိတစ်စု စစ်ပြေးတွေအနေနဲ့ သားတွေ၊ သမီးတွေ၊ ကလေးတွေတစ်ပြုံတမနဲ့ သိုက်သိုက်ဝန်းဝန်း စစ်ဘေးလွတ်ရာ ပြေးကြ၊ ပြောင်းကြရတာမို့ ဖေ/မေတို့ရဲ့ ဒီတုန်းက လုပ်ဖော်ကိုင်ဖက်တွေဟာ မောင်နှမတစ်တွေလို ရင်းနှီးခင်မင်ခဲ့ကြတယ်ဆိုတာ နောင်အသက်တွေကြီး အိုပင်းလာတဲ့အချိန်အထိ ခင်မင်နေခဲ့ကြတာကို မြင်ခဲ့ရတာလည်း ဖြစ်ပါတယ်။ အဲဒီလို စစ်ပြေးရင်း ဂျပန်ခေတ်မှာ ဖေဖေက ဆည်မြောင်း အင်ဂျင်နီယာ(Irrigation Engineer) ဖြစ်နေပြန်ပါရောတဲ့ရှင်။ ရှေးခေတ် ဖေဖေတို့ခေတ်က အင်ဂျင်နီယာဘွဲ့က ခုခေတ်လို တစ်မျိုးတည်းမကဘဲ သင်ကြရတာမို့ ဖေဖေက စက်မှုလျှပ်စစ်နဲ့ အင်ဂျင်နီယာဘွဲ့ရထားခဲ့တယ်လို့ ဆိုပါဘယ်။ အဲဒီတော့ ဆည်မြောင်းချောင်းကန်တွေ လိုအပ်တဲ့ မြန်မာပြည်အထက် အညာဘက်ပိုင်းမှာ စစ်ရှောင်ရင်း ဆည်ဝန်ထောက်ဘဝနဲ့ နေခဲ့ကြရရင်းက စလင်းမြို့မှာ နေရတဲ့ ၁၉၄၃ ခုနှစ်ကျတော့ ကျွန်မရဲ့ တစ်ဦးတည်းသော မောင်ကလေး တင်မောင်လှကို မွေးခဲ့ပါတယ်တဲ့။ ရွှေလင်ပန်းနဲ့ အချင်းဆေး ဆိုတာမျိုး မဟုတ်ပေမဲ့ အချင်းစလွယ်သိုင်း မျက်နှာဖုံးကလေးနဲ့ မွေးလာတဲ့ ကျွန်မ မောင်လေးကတော့ သူတကာနဲ့မတူ တစ်မူထူးခြားခဲ့သူတစ်ယောက်လို့ မှတ်မှတ်သားသား ဖြစ်ခဲ့ရပါတယ်။ စလင်းကနေ တစ်ခါ ပွင့်ဖြူဆိုတဲ့ မြို့ကလေးကို ဖေ့အလုပ်ပြောင်းခဲ့ကြပြန်ပါတယ်တဲ့။ ဒီတုန်းက မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့မှာတော့ နွဲ့နွဲ့ဆိုတဲ့ သမီးကလေးတစ်ယောက် ထပ်ရခဲ့လို့ ဝမ်းသာပီတိဖြစ်ခဲ့ကြသလို ရှားရှားပါးပါး မွေးထားခဲ့ရတဲ့ ၉ နှစ်သား အမွှာသားနှစ်ယောက်ထဲက

အကြီးဖြစ်တဲ့ ကိုကြီးကို မတော်တဆမှု တစ်ခုကြောင့် ဖေ/မေတို့ ဆုံးရှုံးခဲ့ကြရပါတယ်။ တစ်သက်မမေ့နိုင်စရာ ကြေကွဲဖွယ် ဖြစ်ရပ်ကလေးတစ်ခုပါပဲရှင်။

အဲဒီကြေကွဲဖွယ်ရာ အဖြစ်အပျက်ကလေးကတော့ မမကြီး (ခင်မြသိန်း)ရဲ့ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်ကလေးမို့ မမကြီး မကြာခဏ ပြောပြောပြခဲ့တာ ဖြစ်ပါတယ်။ ဂျပန်တွေ အုပ်စိုးနေရာက အားလျော့နည်းလာတဲ့အချိန် ၁၉၄၃ ခုနှစ်လောက်မှာလို့ ဆိုပါတယ်။ ဖေဖေက မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့မှာ ဆည်ဝန်ထောက်အလုပ်နဲ့ သားသမီး တစ်ပြုံတမကြီးကို မိဝေးဘဝေး တစ်ရပ်တစ်ကျေးမှာ လုပ်ကိုင်ကျွေးမွေးနေရချိန် ဖြစ်ပါသတဲ့။ အဲဒီအချိန်က ဂျပန်ကလည်း စစ်ရေးနိမ့်စ အုပ်ချုပ်ရေးက လျော့ရဲလာချိန် သူခိုးဓားပြတွေ ထကြွသောင်းကျန်းနေချိန်လို့ ဆိုပါတယ်။ သားသမီး တစ်ပြုံကြီးနဲ့ ဖေဖေ့ခမျာလည်း အန္တရာယ်တွေ ရင်ဆိုင် ကာကွယ်နိုင်ဖို့ Double Barrel ခေါ်တဲ့ နှစ်လုံးပြူးသေနတ်တစ်လက်ကို လိုင်စင်နဲ့ ဆောင်ထားခဲ့ရတယ်လို့ ဆိုပါတယ်။ (၁၃)နှစ်သား သားအကြီးဆုံးကိုလည်း ကျည်ဆန်ထည့်ပုံ၊ ထုတ်ပုံ၊ ကိုင်ပုံ၊ တွယ်ပုံတွေ သင်ပေးထားရတယ်လို့ ဆိုပါတယ်။ တစ်နေ့ ဖေဖေနဲ့ အတော်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအရာရှိတစ်ယောက် မတရားအချုပ်အနှောင်ခံ၊ အမှုဆင်ခံခဲ့ရပြီး ရန်ကုန်တရားရုံးချုပ်အထိ တက်ပြီး လျှောက်လဲရမဲ့အခြေအနေမှာ ဖေဖေ့ကို အကူအညီတောင်းလာခဲ့ပါတယ်တဲ့။ ဒီတုန်းက ဂျပန်ခေတ်၊ ဒေါက်တာ ဗမော် အစိုးရလက်ထက်မှာ ဖေဖေရဲ့ ဦးလေးအရင်း ဦးဘဝင်းက ပြည်ထဲရေးဝန်ကြီး ဖြစ်နေတာမို့ အခြေအနေမှန်တွေ ရှင်းပြပေးဖို့ ဖေဖေ့ကို အကူအညီတောင်းခဲ့ရှာတာ ဖြစ်ပါတယ်။ မတရားတာကို လုံးဝမခံတတ်တဲ့ ဗုဒ္ဓဟူးသား ဖေဖေကလည်း ဒီအချိန်က ခရီးလမ်းပမ်းသွားလာရခက်ခဲလှတဲ့ ရန်ကုန်အထိ လိုက်ပြီး ရှင်းပြကူညီပေးဖို့ သဘောတူလိုက်ပါတယ်။ မေမေနဲ့ သားသမီးတွေကိုလည်း ပွင့်ဖြူမြို့သူကြီးရဲ့ အိမ်ဝိုင်းထဲက နှစ်ထပ်အိမ်ကလေးတစ်လုံးမှာ နေနေကြရတာဆိုတော့ ဆွေမျိုးရင်းချာလိုဖြစ်နေတဲ့ တစ်ဝိုင်းလုံးက သူကြီးမိသားစုတွေကို အသေအချာ အပ်ထားခဲ့ပါတယ်။

အိမ်မှာလည်း မေမေ့ကို မှာစရာရှိတာတွေမှာ သားအကြီးဆုံးကျွန်မတို့ အစ်ကိုကြီးကိုလည်း သေနတ်ထဲ ကျည်ဆန်ထည့်မထားဖို့ အရေးရှိမှ ထည့်သုံးဖို့ အစစမှာကြားပြီး ရန်ကုန်ကို လိုက်ပါသွားခဲ့ပါတယ်တဲ့။ ဖေ့ရုံးကလည်း အိမ်ရဲ့အောက်ထပ်မှာပဲရှိနေတာမို့ ဖေဖေ မရှိတဲ့အချိန်မှာ စာရေးကြီးက နေ့ရုံး လာထိုင်၊ ညနေ အိမ်ပြန်၊ ရုံးစောင့်ကြီး သျှောင်တစ်စောင်းနဲ့ ဦးမျှားကတော့ နေ့ရောညပါ အိမ်မှာပဲ စောင့်ကြပ်ပေးနေကျ ဖြစ်တယ်လို့ ဆိုပါတယ်။ အိမ်မကြီး နဲ့ ဆက်နေတဲ့ မီးဖိုဆောင်ထဲမှာ မေမေ ထမင်းဟင်းချက်ပြုတ်နေရင်လည်း သူက ဈေးဝယ်ပေး၊ ကူညီပေးပေ့ါ။ အတူနေ အတူစားသဘောမျိုးပါပဲ။ အထက် အညာသူ အညာသားတွေရဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေနဲ့ စကားပြော တတ်ကြတဲ့ ဖေဖေ့တပည့်တွေအကြောင်းလည်း မမကြီးတို့ ပြောပြောပြတာတွေ ကျွန်မ အမှတ်ရနေမိပါတယ်။ ဖေဖေ့ကို အဲဒီခေတ်က အခေါ်အဝေါ် "သခင်" လို့ ဝန်ထမ်းတွေ အားလုံးက ခေါ်ကြပြီး သူတို့ကိုယ်သူတို့ ကျွန်နေ>်မျိုးလို့ ပြောလေ့ရှိကြပါတယ်တဲ့။ ဖေဖေ့ရုံးက အညာသား၊ တောသား ရိုးသားနုံအ လှတဲ့ ရုံးစေ ကိုလှဒင်ကလည်း အများခေါ်သလို ဖေဖေ့ကို "သခင်"လို့ခေါ်ပေမဲ့ ဘုန်းကြီးလူထွက်ပီပီ သူ့ကိုယ်သူ ကျွန်တော်မျိုးလို့ မပြောတတ်ဘဲ "တပည့်တော်"လို့ပဲ ပြောနေခဲ့တာတဲ့။ စစ်ပြီးလို့ ရန်ကုန်ပြန်တော့လည်း ဖေ/မေတို့နဲ့ တစ်ပါတည်းလိုက်လာခဲ့တာ နောက်ဆုံး ပဲခူးအိမ်ကြီးရောက်ပြီး အိမ်ထောင်ရက်သားကျတဲ့အထိ ကိုလှဒင်ရဲ့ "တပည့်တော်"သံတွေကို ကြားနေခဲ့ ရပါတယ်။ "သခင်"ကနေ "ဆရာ"လို့ခေါ်ဖို့ကိုလည်း ဖေဖေ့မှာ ချော့တစ်ခါ ချောက်တစ်လှည့် ပြောခဲ့ရတယ် ဆိုပဲရှင်။

အဲ. . . အဲ ပွင့်ဖြူမြို့က မမေ့နိုင်တဲ့ ရင်နာစရာအကြောင်းလေးကို ဆက်ပြောရပါဦးမယ်။ ဖေဖေ ရန်ကုန်ထွက်သွားပြီး တစ်ရက် နှစ်ရက်အကြာမှာ မေမေက မီးဖိုဆောင်ထဲ ထမင်းဟင်းချက်ပြုတ်နေတုန်း အိမ်ပေါ်က သေနတ်သံ တစ်ချက်ကြားလိုက်ရပြီး ဝါးကြမ်းပြင်ခင်းထားတဲ့ အိမ်နောက်ဘက် ရေချိုးခန်း၊ အဝတ်လဲခန်းကနေ သွေးတွေစီးကျလာတာမြင်လို့ မီးဖိုထဲမှာ ဝိုင်းကူလုပ်နေတဲ့

ဦးမျှားကြီးကို သွားကြည့် ခိုင်းခဲ့ပါတယ်တဲ့။ ဦးမျှားကြီးက ယောင်တောင်တောင်နဲ့ ပြေးသွားကြည့်ပြီး ပြန်လာတော့ မင်းကတော်ရယ် "ကြက်"ဖျက်ထားတဲ့ အတိုင်းပဲလို့လည်း ပြောရော မေမေလည်း သူ့သမီး(၃)လသမီးလေး မန္တဲ့တော့ သေပါပြီလို့ ထင်ပြီး သတိလစ်မေ့မျောသွားတော့တာပါပဲတဲ့ရှင်။

တကယ်မှာတော့ ဖေဖေ ရန်ကုန်ထွက်သွားတဲ့နေ့မှာပဲ သားအကြီးဆုံးအနေနဲ့ သူ လူကြီးအဖြစ် တာဝန်ရှိနေပြီလို့ အတွေးပေါက်သွားခဲ့တဲ့ အကိုကြီးဟာ ကျည်ဆန်ကို လိုအပ်မှထည့်သုံးလို့ မှာခဲ့တဲ့ ဖေဖေ့စကား နားမထောင်ဘဲ အစိုးရိမ်လွန်ပြီး သေနတ်ထဲမှာ ကျည်ဆန်ကို ထည့်ထားခဲ့ပါရောတဲ့ ရှင်။ ခါတိုင်းဆို ကျည်ဆန်တွေ ဖေဖေက သိမ်းထားတော့ သားကြီး၊ သားလတ်၊ သားငယ်တွေဟာ ယောက်ျားလေးတွေပီပီ ကျည်ဆန်မရှိတဲ့ နှလုံးပြူးသေနတ်ကြီး မောင်းတင်ကြည့်၊ မောင်းဆွဲကြည့်နဲ့ ကစားလေ့ရှိကြတာ ဖြစ်ပါတယ်တဲ့။ အဲဒီနေ့ကလည်း စာဖတ်နေတဲ့ အစ်ကိုကြီးကို အမွှာအကြီး 'ကိုကြီး'က သေနတ်နဲ့ လာချိန်ပြီး စ ပါလေရောတဲ့ရှင်။ သူကိုယ်တိုင် သေနတ်ထဲ ကျည်ဆန်ထည့်ထားတဲ့ အစ်ကိုကြီးမှာ အထိတ်တလန့်နဲ့ "ဟေ့ဟေ့ အဲဒီထဲမှာ ကျည်ဆန်ရှိတယ် မလုပ်နဲ့ကွ"လို့ ပြောပေမဲ့ ကိုကြီးက "အမယ်. . . ကိုကိုကလည်း ဘယ်တုန်းက များ ကျည်ဆန်ထည့်ထားဖူးလို့လဲ၊ ကျည်ဆန်တောင် မမြင်ဖူးဘဲနဲ့များ"လို့ ပြောပြောဆိုဆို မောင်းတင်လိုက်ပါရောတဲ့ သူ့ကို တည့်တည့်ချိန်ပြီး မောင်းတင်နေတဲ့ ညီငယ်ကို ဘာလုပ်ရမှန်းမသိ ဖြစ်နေရာက မောင်းဆွဲခါနီးမှာ အတင်းဝင်လုရတော့တာပါပဲတဲ့ရှင်။ အဲဒီမှာတင် နှစ်ယောက်သားလုံးရင်းထွေးရင်းက သေနတ်ပြောင်းဝဟာ ကိုကြီးရဲ့ ဂျိုင်းအောက်ရောက်သွားပြီး ခလုတ်အဆွဲမှာ နှစ်လုံးပြူးသေနတ်ကျည်ဆန်တွေ အမွှာအကြီး ကိုကြီးကိုယ်ထဲ ဝင်ဖောက်သွားခဲ့လို့ ဖေဖေ၊ မေမေတို့မှာ သားလေးတစ်ယောက် ရင်နာဖွယ်အဖြစ်နဲ့ ဆုံးရှုံးသွားခဲ့ရတယ်လို့ မမကြီးရဲ့ Story Retold ကနေ ကျွန်မ သိထားခဲ့ရပါတယ်။ မမျှော်လင့်စရာ အဖြစ်ဆိုးကြီးနဲ့ ကြုံခဲ့ရတဲ့ မေမေ့ခမျာ အားကိုးစရာဖေဖေက လည်း မရှိ။ ဦးမျှားကြီးအပြောကြောင့် (၃)လသမီး၊ သမီးငယ်လေးတော့ ကြက်ကို

ဖျက်ထားသလို ဆုံးပါးရပါပြီဆိုပြီး အပူလုံးဆို့ သတိလစ်သွားရာကစပြီး အမွှာသားကြီးမှန်း သိတဲ့အခါမှာ အလောင်းကိုပဲဖြစ်ဖြစ် ကြည့်ပါရစေဆိုပြီး အိမ်ပေါ်တက်သွားလိုက်၊ မြင်လိုက်တာနဲ့၊ သတိလစ်မေ့မျောသွားလိုက်နဲ့ သားအလောင်းမြေချတာ ထုံးတမ်းစဉ်လာလုပ်စရာတွေအားလုံးကို သူကြီး မိသားစုနဲ့ ဆွေမျိုးတစ်သိုက်ကပဲ လိုလေသေးမရှိ ပြီးစီးအောင် လုပ်ဆောင်ပေး သွားကြတယ်လို့ ဆိုပါတယ်။ ဖေဖေပြန်ရောက်လာမှ အဲဒီသားငယ်ရဲ့ ခေါင်းချ ရာနေရာကို သွားကြည့်ရတယ်လို့ ဆိုပါတယ်။ ဖေနဲ့မေဟာ ဆွေမျိုးရင်းချာမက မေတ္တာထားခဲ့ကြတဲ့ သူကြီးမိသားစု၊ ဆွေမျိုးတစ်စုရဲ့ ကျေးဇူးတွေကို ကျွန်မတို့ အရွယ်ရောက်တဲ့အထိ ပြောမဆုံးအောင် ရှိနေခဲ့ကြတာပေါ့ရှင်။

* * *

# ၁၉၄၅ – ၁၉၄၇

(၉)နှစ်အရွယ် အမွှာညီအစ်ကိုထဲက သားကြီးလေးကို ဆုံးရှုံးခဲ့ရတဲ့ မမေ့နိုင်စရာ ကြေကွဲဖွယ် အဖြစ်နဲ့ ကြုံခဲ့ရတဲ့ အထက်အညာဘက်မှာ ဘယ်တော့မှ မနေချင်တော့ပါဘူးလို့ မပြောစဖူးပြောလာတဲ့ မေမေ့ရဲ့သောကကို နားလည်သဘောပေါက်တဲ့ ဖေဖေကလည်း စစ်အပြီးမှာ ချောက် BOC မှာ အလုပ်ပြန်မဝင်တော့ဘဲ ရန်ကုန်ကိုပဲ ပြန်လာခဲ့ကြပါတော့တယ်။

အဲဒီအချိန် ၁၉၄၅ ခုနှစ်လောက်ဆိုတော့ ကျွန်မ အသက် ၅ နှစ်ကျော် ၆ နှစ်ထဲမှာမို့ ဒီတုန်းက အကြောင်းတချို့ကိုတော့ ခပ်ရေးရေးမှတ်မိခဲ့ပါတယ်။ ရန်ကုန်ရောက်တော့ ဖေဖေ့ရဲ့ ဦးလေး ဒီအချိန်မှာတော့ ရန်ကုန်မြို့တော်ဝန် ဖြစ်နေတဲ့ ဦးဘဝင်းရဲ့ အလုံ၊ ချိ(ပ်)လမ်း (Cheap Road) က အိမ်နံပါတ် (၇၄)၊ 'မနော်ဟရီ'အိမ်ကြီးမှာ ခဏခိုနားခဲ့ကြရပါတယ်။ အဲဒီ 'ဖိုးလေးဘ'ရဲ့ အိမ်ကြီးနာမည် 'မနောဟရီ' ဆိုတဲ့ နာမည်ကိုယူပြီး ချိ(ပ်)လမ်းကနေ မနော်ဟရီလမ်းရယ်လို့တွင်လာခဲ့တာ ဖြစ်ပါတယ်။ မနော်ဟရီအိမ်ကြီးရဲ့ အပေါ်ထပ်မှာ ဖိုးလေးဘ (ဦးဘဝင်း)နဲ့ ဖွားလေး ဒေါ်စောမြင့်တို့ အိမ်သားတွေ နေကြပြီး အောက်ထပ် အဆောင်ဆောင် အခန်းခန်းတွေမှာတော့ ခေတ္တခဏ ခိုနားလာကြတဲ့ တူ၊ တူမ၊ ညီ မိသားစုတွေ နေနေကြတာမို့ - ချိ(ပ်)လမ်းက မနော်ဟရီအိမ်ကြီးဟာ ဆူဆူညံညံ စည်ကားနေကြတော့တာပေါ့ရှင်။ ဖေဖေ၊ မေမေတို့ရဲ့ ဒုတိယအငယ်ဆုံးသမီးလေး ရီရီမြကို အဲဒီ ချိ(ပ်)လမ်း၊ မနော်ဟရီ

အိမ်နဲ့ မဝေးလှတဲ့ ဒပ်ဖရင်ဆေးရုံမှာ မွေးဖွားခဲ့တာ ဖြစ်ပါတယ်။

မနော်ဟာရီအိမ်ကြီးကနေ ဒီတုန်းက အခေါ် လျှပ်စစ်ဓာတ်အား ပေးရေးဌာန ESB မှာ ဖေဖေ အလုပ်ရပြီး ပဲခူးမြို့ကို ပြောင်းရွှေ့ခဲ့ကြရပါတယ်။ ပဲခူးမြို့ကတော့ ဇာတိမြို့မဟုတ်ပေမဲ့၊ သူငယ်တန်းက စလို့ ၈-၉တန်းအထိ ဆယ်နှစ်နီးပါးနေခဲ့ရတာမို့ ကျွန်မတို့ကို တချို့က ပဲခူးဇာတိလို့တောင် ထင်ခဲ့ကြပါတယ်။ ကျွန်မ သူငယ်တန်းကနေ ဒုတိယတန်းအထိ ပဲခူးအစိုးရကျောင်းမှာ ပညာသင်နေချိန် ၁၉၄၉ မှာ ကရင်အရေးအခင်းဖြစ်ပြီး အစိုးရအရာထမ်း မိသားစုတွေ တစ်စုတစ်ပြုံကြီး မီးရထားတွဲတွေ စင်းလိုက်ငှားပြီး ရန်ကုန်ကို ပြောင်းရွှေ့ခံခဲ့ရလို့ ရန်ကုန်ကို ရောက်ခဲ့ကြရပြန်ပါတယ်။ ESB ဌာနက ဖေဖေ့ကို R.D.O အနေနဲ့ ရာထူးတိုးပေးပြီး အလုံ၊ လျှပ်စစ်ဌာနရုံးနဲ့နီးတဲ့ ခရေပင်လမ်း (Leeds Rd)အိမ်နံပါတ် (၁၁၃) မှာ နေရာချထားပေးခဲ့ပါတယ်။

* * *

# 'အလုံ ခရေပင်လမ်းအိမ်'

ခရေပင်လမ်းအိမ်ဟာ ကျွန်မဘဝအတွက် အကျိုးရှိစေမဲ့ အခြေခံအချက်ကလေးတွေ အများကြီး ရခဲ့တဲ့နေရာဖြစ်ပါတယ်။

ဒီတုန်းက ကရင်အရေးအခင်းကြောင့် ဟင်္သာတမြို့ကနေ ပြောင်းလာခဲ့ရတဲ့ ကျွန်မ ဖေဖေရဲ့ ဖခင်ကြီး ဦးဘသင်နဲ့ ဖေဖေ့အစ်မငယ် ကြီးကြီးစီ၊ မီးရထားအရာရှိ ဖေဖေ့အစ်ကို ဘကြီး ဦးဘဦး မိသားစုနဲ့ ဖေဖေရထားတဲ့ Leeds လမ်း (ခရေပင်လမ်း)အိမ်ကြီးဟာ စည်ကားသိုက်မြိုက်နေခဲ့တာပေါ့ရှင်။ ဖေနဲ့ မေတို့ မိသားစုက ကလေး(၈)ယောက်၊ ဘကြီးတို့က ကလေး(၅)ယောက်၊ ကျွန်မတို့ မောင်နှမတစ်တွေ ကလေးချည်း(၁၃)ယောက် ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ကြီးကြီးစီ၊ ဘကြီးနဲ့ ဇနီး အိမ်ဖော်တွေနဲ့ အိမ်ကြီးက ကျယ်ဝန်းလှလို့သာ အဆင်ပြေခဲ့ကြရပါတယ်။ ခရေပင်လမ်းအိမ်မှာ နေခဲ့ရတဲ့နှစ်က ကျွန်မတို့ မောင်နှမတစ်တွေ ပြည်လမ်း TTC မှာ ကျောင်းတက်ခဲ့ရပါတယ်။ တတိယတန်းမှာပေါ့။ အဲဒီအချိန်မှာ ဘိုးဘိုးက လည်ချောင်းကင်ဆာဖြစ်နေပြီလို့ ဆိုပါတယ်။ ဒီတုန်းက အဲဒီအကြောင်းတွေ ဘာမှမသိခဲ့ပေမဲ့ ည(၇)နာရီဆိုရင် ကြီးကြီးတို့နဲ့အတူ ကျွန်မတို့အားလုံး ဘုရားဝတ်တက်ခဲ့ကြရပါတယ်။ ဘိုးဘိုး ကြည်နူးအာရုံ ပြုနိုင်အောင်တဲ့ ဘုရားဝတ်တက်ကြပြီဆိုရင်လည်း "ကဲ. . . နီနီက ဘုရားပင့်"ဆိုတော့ 'မဟာကရုဏိကောကော'ကစပြီး ကျွန်မက Solo ဘုရားပင့်ပေးရလေ့ရှိပါတယ်။ အသက် ၁၀ နှစ်ဝန်းကျင် ကလေးကတည်းက အသံနဲ့ ဘုရားပူဇော်ခဲ့ရတဲ့

အကြောင်းကြောင့်ပေလားမသိ အကျိုးကတော့ ကျွန်မဘဝမှာ အသံနဲ့ အကျိုးပေးတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကို အငြိမ်းစားယူတဲ့အထိ အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ခဲ့ရပါတယ်။

ခရပင်လမ်းအိမ်ကနေ အကျိုးပြုခဲ့တဲ့ နောက်အကြောင်း တစ်ခုကတော့ ကြီးကြီးအပျိုကြီးတွေရဲ့ ကျေးဇူးနဲ့ ညည ဘုရားဝတ်တက်ရာမှာ ညီညာဖျဖျ ဆိုနိုင်ကြဖို့ မြတ်စွာဘုရားကို ဆီမီး ရေချမ်း ပန်းကပ်စာတွေ ၂၄ ပစ္စည်းတို့၊ မေတ္တာသုတ်၊ ရတနာရွှေချိုင့်စတဲ့ ဝတ်ရွတ်စဉ်တွေ အလွတ်ကျက်မှတ်ခဲ့ကြရတာ ဖြစ်ပါတယ်။ အိမ်ရှေ့ လမ်းတစ်ဖက်တစ်ချက်မှာ အုပ်အုပ်ဆိုင်းဆိုင်း စီတန်း ပေါက်နေတဲ့ ခရေပင်တွေက ဖူးပွင့်ကြွေကျနေတဲ့ ခရေပန်း ဖြူဖြူလွလွ ကားကား စွင့်စွင့်လေးတွေကို မောင်နှမတွေ သူ့ထက်ငါ အရင်ဦးအောင် မနက်စောစော ထပြီးကောက်၊ ရသမျှအပွင့်တွေရေတွက်၊ စာရင်းမှတ်ထားပြီး (၈၄,၀၀၀)ပြည့် အောင် ဘုရားပန်းကပ်ခဲ့ရတဲ့ ကုသိုလ်တွေကြောင့်လည်း ခုလိုကျွန်မဘဝ ငြိမ်းငြိမ်းအေးအေးနဲ့ ကုသိုလ်ဆက်နေနိုင်ခဲ့တာမို့ ဦးဆောင်လမ်းပြ သင်ကြား ဆုံးမပေးခဲ့ကြတဲ့ ကြီးကြီးတို့ကို ကျွန်မ အမြဲတမ်း မမေ့ဘဲ ဂါရဝပြုလျက်ပါရှင်။

ခရေပင်လမ်းအိမ်မှာပဲ ကွယ်လွန်သွားခဲ့တဲ့ ဘိုးဘိုးအတွက်လည်း ဖေဖေ မေမေနဲ့တကွ ကျွန်မတို့ မိသားစုတွေ တာဝန်ကျေခဲ့ရတာကနေလည်း ကုသိုလ်တွေအများကြီးထပ်ရခဲ့တာမို့ တစ်နှစ်ဆိုတဲ့အချိန် ကလေးဟာ ဘာမှ မကြာလိုက်ပေမဲ့ ကျွန်မအတွက်တော့ ကုသိုလ်တွေ၊ ကောင်းမှုတွေ တစ်ပုံ တစ်ပင်ကြီး ရလိုက်တဲ့ နေရာနဲ့ အချိန်ကလေးအဖြစ် မမေ့နိုင်စရာ ကာလ ကလေးပဲ ဖြစ်ပါတော့တယ်။

* * *

## ပဲခူး ဘုရားလမ်းအိမ်

ရန်ကုန်၊ ခရေပင်လမ်းအိမ်မှာ တစ်နှစ်နေခဲ့ပြီး ဖေဖေ **DE** အဖြစ် ဆက်နေရမယ့် ပဲခူးမြို့ကိုပဲ ပြန်ခဲ့ကြရပါတယ်။ ဒီတစ်ခါတော့ ပဲခူး၊ ၃၃ လမ်း၊ နောက်တော့ ပဲခူး-ရွှေမောဓောဘုရားလမ်း၊ လွတ်လပ်ရေးကျောက်တိုင်ရှေ့က ဖေဖေ့ကို နေရာချထား၊ ငှားရမ်းပေးထားတဲ့ အိမ်ကြီးမှာ နေခဲ့ကြရပါတယ်။ သပြေပင်၊ သရက်ပင်၊ မာလကာပင် စတဲ့ သစ်ပင်ကြီးတွေ ညို့ညို့မှိုင်းမှိုင်းနဲ့ 'အပင်တွေပေါ် နွယ်တက်ဖူးပွင့်နေတဲ့ ထားဝယ်မှိုင်းပန်းပင်တွေ 'Forget me not' ခေါ်တဲ့ ခရမ်းပြာပြာ ပန်းခက်နွယ်ကလေးတွေကိုတော့ ကျွန်မ သတိအရမိဆုံးပဲ ဖြစ်ပါတယ်။ အသက် (၁၃-၁၄)နှစ်အရွယ်လောက်က Cambodia မင်းသား သီဟာနု (Sihanu) မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်မှာ ပဲခူး-ရွှေမောဓောဘုရားကိုလည်း လာပြီး ကြည်ညိုကန်တော့သွားပါတယ်။ ဒီတုန်းက မြန်မာနိုင်ငံသမ္မတကြီး ဒေါက်တာဘဦးကိုယ်တိုင် မင်းသားသီဟာနုနဲ့ အတူ ကြွရောက်လာခဲ့တာမှာ မမလေး ခင်မြအေးနဲ့ ကျွန်မတို့ ပန်းဆက်ဖို့ တာဝန်ကျခဲ့ပါတယ်။ အဲဒီခေတ်က အခုခေတ်လို ပကာသနတွေ သိတ်ရှိလှတာ မဟုတ်တော့ ဘီးဆံထုံး ကလေးတွေ ကိုယ်စီထုံး၊ ထိုင်မသိမ်းအင်္ကျီ ဝတ်စုံကလေး တွေနဲ့၊ သီဟာနု မင်းသားနဲ့ သမ္မတကြီးကို ခြံထိပ်ကပဲစောင့်နေပြီး ပန်းစီး ဆက်ခဲ့ကြရတာ ဖြစ်ပါတယ်။ မမလေးက သီဟာနု မင်းသား၊ ကျွန်မက သမ္မတကြီးကို ဆက်သဖို ပန်းစီးကလေးတွေနဲ့စောင့်နေကြတုန်း Convent

ကျောင်းသူဟောင်း ဖေဖေ့ အစ်မ ကြီးကြီးစိက အပျိုကြီးပီပီ Very Romantic "ဟဲ့ဟဲ့ သမီးတို့ Cambodia မင်းသားကလေးအတွက် အမှတ်တရ ဟောဒီ Forget me not ပန်းကလေးတွေလည်း ထည့်ထားပေးလိုက်ရအောင်" ဆိုပြီး ခရမ်းရောင်ပန်းကလေးတွေ လာထည့်ပေးတာကိုလည်း အမှတ်ထင်ထင် မမေ့နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဒီတုန်းက ကျွန်မက သမ္မတကြီးကို ပန်းစီးဆက်ရတော့ ကျက်သရေမင်္ဂလာရှိလှပြီး ဥပဓိရုပ်ကောင်းလှတဲ့ သမ္မတကြီး ဦးဘဦးက ကျွန်မကို "ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒပြည့်ပါစေ"လို့ နူးညံ့ညင်သာတဲ့ အသံနဲ့ ဆုပေးသွားခဲ့တာကိုလည်း ခုထက်တိုင် အမှတ်ထင်ထင် သတိရနေမိပါသေးတယ်ရှင်။

ကျွန်မနဲ့ မောင်လေးအကြား "ခင်ခင်"ဆိုတဲ့ မေ့သမီးလေးတစ်ယောက် ရခဲ့တဲ့အိမ်။ ညီမ အထွေးဆုံးကလေး ဆွေဆွေလှကို မွေးဖွားခဲ့ရာအိမ် ကျွန်မ စတုတ္ထတန်းကနေ (၉)တန်းအထိ နေခဲ့ရတဲ့ ပဲခူး-ရွှေမောဓောဘုရားလမ်း အိမ်ကြီးကတော့ ကျွန်မရဲ့ ဆယ်ကျော်သက် ဘဝ အပျော်ကြီးပျော်ခဲ့တဲ့ မမေ့နိုင်စရာနေရာလေးတစ်ခုပါပဲ။ အားကစားဝါသနာပါလှတဲ့ ကျွန်မတို့ မောင်နှမတစ်တွေ အထူးသဖြင့် ကျွန်မအတွက်၊ ငယ်ငယ်တုန်းက တန်းခုံပြေး အပြေးသမားဖြစ်ခဲ့တဲ့ ဖေဖေက ဘုရားလမ်း ခြံကြီးထဲမှာပဲ ဘော်လီဘောကစားကွင်း၊ ကြက်တောင် ကစားကွင်းတွေ လုပ်ပေးထားခဲ့ပါတယ်။ ဒီတုန်းက အမျိုးသမီး ကိုယ်လက်ကြံ့ခိုင်ရေးမှူးတွေ ပထမဆုံးခန့်လိုက်တဲ့အချိန်မို့ ပဲခူးမြို့အတွက်က မမကြီးရဲ့ အချစ်ဆုံး သူငယ်ချင်း မမခင်ရီ (မြန်မာနိုင်ငံ Burma Champ မှာ အမြင့်ခုံ ချန်ပီယံ ဘွဲ့ရထားသူ)က ပဲခူးအမျိုးသမီး ကိုယ်လက် ကြံ့ခိုင်ရေးမှူးဖြစ်နေခဲ့လေတော့ ကျွန်မအတွက်က အဆင်ပြေပြီးရင်း ပြေရင်းပေါ့။ အဲ အဲ ကျောင်းစာဘက်ကတော့ နည်းနည်းလစ်ဟင်းပေမပေါ့လေ။ မမခင်ရီရဲ့ အားထုတ်မှုတွေနဲ့ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွေမှာ 'မြို့တွင်းအသင်း'အဖြစ် ကျွန်မတို့ခြံထဲမှာ လာကစားကြသူတွေ ပြိုင်ပွဲဝင်နိုင်ခဲ့ကြပါတယ်။ ပဲခူးက အလှမယ်ရွေးပွဲတွေမှာလည်း ကိုယ်လက်ကြံ့ခိုင်ရေးမှူး မမနဲ့ ဖဲဂါဝန်ရှည်ကြီးဝတ်ပြီး Tango အက

ကခဲ့ရတာလည်း မမေ့နိုင်စရာပါဘဲ Volley ball ကို ဘယ်လောက်တောင် သဲသဲမဲမဲ ကစားခဲ့သလဲ ဆိုရင် ပြိုင်ပွဲဝင်ဘို့ Smash 'အဆွဲကျင့်ခဲ့တာမှာ ကျွန်မအစ်ကို ကိုကိုလတ်က ဘောလုံးကို မြှောက်ပေးလိုက် ကျွန်မက ခုန်ပြီး ခုတ်ချလိုက်နဲ့ နေ့စဉ် နေ့တိုင်း တခြားကစားသူတွေ အိမ်ပြန်သွားကြလည်း မောင်နှမနှစ်ယောက် သဲသဲမဲမဲလေ့ကျင့် ကစားလိုက်တာ ကျွန်မ အပြင်းဖျားခဲ့ရ ပါရောရှင်။ ခဏတဖြုတ် အာဂန္တုအဖျားဆို တော်သေးရဲ့ ခုတော့ ဖေဖေ့မိတ်ဆွေ ပြည်သူ့ဆေးရုံက ဆရာဝန်ကြီးက "နှလုံးအားနည်းနေပြီ၊ ကစားတာကို (၃)လတော့ နားရမယ်၊ လုံးဝ မကစားရ" လို့ ပြောခဲ့တော့ သေပါလေရော၊ ဒီတုန်းက ကျွန်မ အားခဲထားခဲ့တဲ့ စစ်သမီးအသင်းနဲ့ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ် ကို ပွဲကြည့်စင်ပေါ်ကနေပဲ အားမလိုအားမရ ကြည့်ရှုအားပေးခဲ့ ရတဲ့အချိန် ဟာလည်း ကျွန်မဘဝရဲ့ အမှတ်တရလေးတစ်ခုပါပဲရှင်။

အဲဒီလို ကစားရင်း၊ ကျောင်းသွားရင်းနဲ့ စတုတ္ထတန်းကနေ ဆဋ္ဌမ တန်းအထိ ပျော်ပျော်ကြီး ပညာသင်ခဲ့ရတဲ့ ပဲခူး BBM ကျောင်းက (၆)တန်း အောင်ခဲ့ပြီးတော့ ဆရာကြီး Mr. Simon၊ ဆရာကြီး ဦးအေးမောင်၊ ဆရာမကြီး အန်တီ Alice တို့ရဲ့ လိပ်ပြာကန် အင်္ဂလိပ်ကျောင်းမှာ Prematric တန်းအထိ နေခဲ့ရပါတယ်။ အဲဒီကျောင်းရောက်တော့ ငယ်ငယ်က အထွေးဆုံးဆိုပြီး 'ခင်မြထွေး'လို့ မှည့်ထားခဲ့ပေမဲ့ ဆရာကြီး Simon က နေ့သင့် နံသင့် 'ခင်မြဆွေ' လို့ မှည့်ပေးခဲ့တာ ဖြစ်ပါတယ်။ (၁၀)တန်းတက်ရမဲ့နှစ် မတိုင်ခင် မမကြီးကို ရတနာဆောင်ကို လိုက်လိုက်ပို့နေရတဲ့အချိန်မှာ မေမေက ရန်ကင်းက Duplex အိမ်သစ်ကလေးတွေ့လို့ "နီနီ (၁၀)တန်းအောင်ရင် ရန်ကင်းကောလိပ် တက်ဖို့ ဒါမျိုးအိမ်လေးရရင် ကောင်းမှာ"လို့ ပြောမိခဲ့ရာက ရန်ကင်း Duplex အိမ်ကလေးကို ငှားခွင့် ရလာခဲ့တာဖြစ်ပါတယ်။ ဖေဖေလည်း သာယာဝတီ၊ ပြည်ပြောင်းရ၊ ကျွန်မလည်း(၁၀)တန်းနှစ် ပြည်လမ်း TTC မှာ တက်နေရချိန်က စပြီး ရန်ကင်းကို ပြောင်းခဲ့ကြတာပါပဲ။ ရန်ကင်းရောက်တော့လည်း အားကစား ဝါသနာအိုး အကျင့်ဆိုးက မပျောက်တဲ့အပြင် ဒီတုန်းက အမျိုးသား ကိုယ်လက်

ကြံ့ခိုင်ရေးမှူး ဦးကြင်စိန် (ဦးထင်အောင်) က ကျွန်မ Volley Ball ကစားကြူးသူမှန်းသိသွားပြီး ကစားဖို့လာခေါ်ခဲ့ရာက လူတွေစုမိသွားကြပြီး 'ရန်ကင်းအမျိုးသမီး Volley Ball အသင်းကြီး' ဖြစ်မြောက်သွားခဲ့တော့တာပါပဲ။ ကျွန်မလိုပဲ သဲသဲမဲမဲ ဝါသနာပါသူတွေလည်း များတော့ ကစားလိုက်ကြတာမှ အောင်ဆန်းကွင်းမှာတောင် သွားပြိုင်ခဲ့ကြရတဲ့အဆင့် ဖြစ်သွားခဲ့ပါတယ်။ ဒီတုန်းက နာမည်ကြီး စစ်သမီးအသင်းနဲ့ ဖိုင်နယ်တက်ပြီး ရန်ကင်းအမျိုးသမီးအသင်းက ဒိုင်းဆုကြီးရခဲ့ဖူးပါရောလားရှင်။

ကစားကြူးသူ ကျွန်မ TTC မှာ (၁၀)တန်းတက်တဲ့နှစ် စာမေးပွဲကျခဲ့ပါရော။ ရှက်ရှက်နဲ့ TTC ဆက်မတက်တော့ဘဲ နောက်နှစ် ရန်ကင်းကျောက်ကုန်းအရပ်က Mr. Chapman ရဲ့ အလွတ်ပညာသင်ကျောင်းကလေးကနေမှ (၁၀)တန်းစာမေးပွဲအောင်ခဲ့တော့တာ ဖြစ်ပါတယ်။

ရှည်လျားလှတဲ့ ကျွန်မဘဝရဲ့အမှတ်တရလေးတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အဲဒီ ၁၀ တန်း စာမေးပွဲအောင်တဲ့အချိန်ကလေးလည်း ပါခဲ့ပါတယ်။ TTC မှာ မမလေးနဲ့ ကျွန်မတို့ ညီအစ်မ နှစ်ယောက်စလုံး (၁၀)တန်းကျပြီး နောက်တစ်နှစ် ဆရာကြီး Chapman ကျောင်းကနေ (၁၀)တန်းဖြေထားခဲ့ချိန်မှာ မမလေးက မင်္ဂလာဆောင်ပါလေရော၊ ဒီတုန်းက မမလေးနဲ့ အိမ်ထောင်ကျသူက အစ်ကို(၂)ဝမ်းကွဲလည်း တော်ခဲ့တာမို့ သူတို့ရဲ့ Honey Moon ပျားရည်ဆမ်းခရီးစဉ်လို့ဆိုနိုင်တဲ့ သူတို့ရဲ့အိမ်ထောင်သည်ဘဝ ပထမဆုံး ရက်ရှည်ခရီးစဉ်တစ်ခုသွားကြတာမှာ ကျွန်မအစ်ကို (ခဲအို)က မီးရထားအရာရှိမို့ ရတဲ့အခန်းစုံ မီးရထားတွဲမှာ သူတို့ ကြင်စဦး ဇနီးမောင်နှံအပြင် ကျွန်မတို့ မေမေ၊ ဖေဖေရဲ့ အစ်မ ကြီးကြီးစီ၊ မေမေ့အစ်မ ကြီးကြီးမြ၊ ကျွန်မနဲ့ ကျွန်မ ညီမအထွေး မေမေ့သမီးအငယ်ဆုံး (၆)နှစ်သမီးလေး မိဆွေတို့ပါ ပါသွားကြတာပေါ့ရှင်။ မြစ်ကြီးနားအသွား အဲဒီလမ်းခရီးမှာ သူပုန်တွေရဲ့ မိုင်းဗုံးထိခဲ့ပြီး ကျွန်မတို့စီးလာတဲ့တွဲ အမိုးက၊ အောက်ကြမ်းပြင်က အထက်လုံးလုံးကြီး ဇောက်ထိုးမိုးမျှော်ဖြစ်ခဲ့ကြရပေမဲ့ သေကံမရောက် သက်မပျောက် မမလေးက

မှန်ကွဲရှပြီး လက်ဖျံက အကြောကလေးတစ်ချောင်းပြတ်၊ ကျွန်မက ခေါင်းပေါက်လောက်သာ ဖြစ်ခဲ့ပါတယ်။ တွဲခေါင်မိုးပေါ် နင်းပြီး တွဲပြတင်းပေါက်က ငုံ့လျှိုးထွက်လာခဲ့တဲ့ ကျွန်မတို့တသိုက်ကို သူပုန်တွေ ဆုတ်ခွာသွားအပြီး ဝိုင်းလာကြတဲ့ အနီးအနားက ပရိတ်သတ်ဟာ တအံ့တဩ ဖြစ်နေခဲ့ကြပါတယ်။ တွဲခေါင်မိုးကအောက်၊ ကြမ်းပြင်ကအထက် လုံးဝပြောင်းပြန်မှောက်သွားတဲ့ ရထားတွဲထဲကထွက်လာတဲ့ အရွယ်ရွယ် အစားစား ခရီးသည်များကိုလည်း တအံ့တဩ မယုံနိုင်စလောက်အောင် ဖြစ်နေကြတယ်ဆိုပဲရှင်။

ဒီနေရာမှာ ကြုံတောင့်ကြုံခဲ ဒီဖြစ်ရပ်ကို မျက်ဝါးထင်ထင် ကိုယ်တိုင် ကြုံတွေ့သိမြင်ခဲ့တဲ့ မျက်မြင်သက်သေတစ်ယောက်ကို အနှစ်(၂၀)အကြာ ဗြိတိန်နိုင်ငံ London မှာ တွေ့ခဲ့ရပါရောရှင်။ ၁၉၇၇ ခုနှစ်က ကျွန်မ ဗြိတိန်နိုင်ငံက BBC ကမ္ဘာတစ်လွှားအသံလွှင့်ဌာနမှာ အလုပ်ဝင်စ (၆)လလောက် အကြာမှာ လန်ဒန်ကို ရောက်လာသူတစ်ယောက်က ကျွန်မကို သိတယ်၊ လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်က ကျွန်မတို့ မန္တလေး နဘားမီးရထားလမ်းပေါ်မှာ သူပုန်တွေထောင်ထားတဲ့ မိုင်းဆုံးထိချိန်အကြောင်း အသေးစိတ်ပြောပြနေတာမို့ ကျွန်မမှာ တအံ့တဩ ဖြစ်ခဲ့ရပါတယ်။ သူက အဲဒီတုန်းက ကျွန်မတို့စီးတဲ့ မီးရထားတွဲအနောက်က ဆက်ရက် ပါလာတဲ့ မီးရထားအင်ဂျင်နီယာရဲ့ တွဲနဲ့ လိုက်ပါလာတဲ့ မီးရထား Chief Engineer ရဲ့ တူမ ဖြစ်နေတာကိုးရှင့်။ အဲဒီအချိန်ကစပြီး အဲဒီသူငယ်ချင်း သန်းသန်းချို နဲ့ ကျမ ရေစက်ပြန်ဆုံခဲ့ကြတာ၊ အခုအချိန်အထိပဲပေါ့ရှင်။ ဒီခရီးရဲ့ အမှတ်တရတွေကတော့ ဒါနဲ့တင် မပြီးသေးပါဘူး။ တွဲပျက်တွေ ပြန်လာတွဲ ကျွန်မတို့လည်း မြစ်ကြီးနားကို မသွားဝံ့ဝံ့နဲ့ ခရီးဆက်ခဲ့ကြရပြီး မြစ်ကြီးနားရောက်လို့ (၂)ရက်အကြာမှာပဲ ကျွန်မ ဖြေထားခဲ့တဲ့ (၁၀)တန်းစာမေးပွဲအောင်စာရင်းတွေထွက်ပြီး Radio က အောင်စာရင်းတွေ ကြေညာခဲ့တော့ ကျွန်မ နာမည်ပါလာခဲ့ပါတော့တယ်။ အော် ဘဝကံဆိုတာ တက်လိုက်ကျလိုက် ဘယ်ဟာမှ မတည်မြဲပါကလားလို့ တွေးမိရင်း ဘဝသံသရာ သီချင်းကလေးကို ကြားယောင်နေမိပါတော့တယ်ရှင်။

# ဟိုလိုလို ဒီလိုလို တက္ကသိုလ်ကျောင်းသူဘဝ

ပဲခူးကပြောင်းလာကတည်းက ရန်ကင်းမှာ Volley Ball ကို ဒိုင်းရတဲ့အထိ သဲသဲမဲမဲကစားနေခဲ့ရာက နောင်တစ်အခါမှာ ကျွန်မဘဝအတွက် အရင်းနှီးဆုံးလူဖြစ်လာမဲ့သူတစ်ယောက် အနီးအနားမှာ တစ်ချိန်လုံးရှိနေခဲ့တယ်ဆိုတာ နှစ်အတော်ကြာမှ ရိပ်မိသိရှိလာခဲ့ရတာလည်း ဖြစ်ပါတယ်။



စစခြင်းတော့ ဗိုလ်(၂)ဗိုလ်တွေ့ကြတဲ့ပွဲပေါ့။ အသားညိုညို၊ အရပ်မြင့်မြင့်၊ သူ့ကိုယ်သူ လူကြီးကြီးလို ဆရာလုပ်တတ်တဲ့ အမျိုးသားအသင်း 'Captain' က အမျိုးသမီးအသင်းကို အားကစားမှုကိုယ်စား လေ့ကျင့်ပေးရပြီဆိုရင် 'အမျိုးသမီးတွေ သွေးပူလေ့ကျင့်ခန်းလုပ်ကြပါ'လို့ ဆိုတာနဲ့ အမျိုးသမီးအသင်း Captain ဂျစ်ကန်ကန် ကျွန်မက ဝတ်ကြေ တန်းကြေလုပ် မျက်နှာကလည်း တင်းဆိုတော့ သူက "ဓာတ်မီး အရေးပိုင်သမီး မာနကြီးတယ်" ပေါ့ အိမ်ကနေ ကစားကွင်းလာလို့ ရေအိုင်တို့၊ မြောင်းတို့ တွေ့ရင်တောင် ရှုံးရှုံးရှောင်မသွားဘဲ ခုံပျံကျော်လွှားသွားတတ်တာမို့ သူ့အမြင်မှာ ထောင့်မကျိုးတဲ့ ကောင်မလေးပေါ့ရှင်။ ဒါပေမဲ့ ရန်ကင်းကောလိပ်အတူတူ ရောက်လို့ Biology ဘာသာတွဲ အတူတူယူခဲ့ကြတဲ့အခါမှာတော့ ငယ်ကတည်းကလူကြီးဆန်လှပြီး စာတော်တဲ့ အဲဒီ သူငယ်ချင်းက ဖားခွဲတာတွေ၊ Physics, Chemistry ဘာသာတွေကို စိတ်ရှည်လက်ရှည် သင်ပြပေးတတ်လာတဲ့အခါမှာတော့ ခင်မင်စရာကောင်းတဲ့ သူငယ်ချင်း ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်တော့ Inter (B) မှာ သူနဲ့တကွ ကျွန်မနားက သူငယ်ချင်းတွေက အားလုံးအမှတ် ကောင်းကောင်းနဲ့အောင်ပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရသွားကြပါတယ်။ ကစားမက်တဲ့ ကျွန်မမှာတော့ ရူပဗေဒဘာသာရပ်မှာ ဆေးတက္ကသိုလ်ဝင်ခွင့် အမှတ် (၅၀)ရရမှာ (၄၅)မှတ်ပဲရလို့ ဆေးဝင်ခွင့်မရဘူး။ ဆေးတက်ချင်ရင် နောက်တစ်နှစ်၊ ဘာသာ အားလုံးပြန်ဖြေရမှာဆိုတော့ သူများထက်တစ်နှစ်တော့ နောက်ကျမခံနိုင်ဘူး ဆိုတဲ့ မာနနဲ့ ဆေးကျောင်းမတက်တော့ဘဲ ဝိဇ္ဇာဘာသာရပ်တွေ ပြောင်းယူလိုက် တော့တာပါပဲရှင်။ သမီးကို ဆရာဝန်ဖြစ်စေချင်လှတဲ့ ဖေဖေ့ခမျာလည်း ဘာမှသာမပြောတယ် စိတ်တော့မကောင်းရှာဘူးပေါ့ရှင်။ ကျွန်မလည်း တစ်လွဲမာနတွေနဲ့ ဝိဇ္ဇာတန်းပြောင်းခဲ့ပေမဲ့ သိပ္ပံဘာသာရပ်တွေနဲ့သာ ရင်းနှီး နားလည်နေခဲ့သူမို့ ဝိဇ္ဇာတန်းကျတော့လည်း ယောင်လည်လည်၊ ဒီကြားထဲ တက္ကသိုလ်ကျောင်းတွေ ပိတ်ချီတစ်လှဲ့ ဖွင့်ချီတစ်ခါ အခြေအနေနဲ့ လည်း ကြုံခဲ့ရ၊ နောက်ဆုံး ကျွန်မ ဝိဇ္ဇာဘွဲ့ယူရတဲ့

ဘွဲ့နှင်းသဘင်က (၃)နှစ် ပေါင်းပြီး ကျိုက္ကဆံကွင်းမှာပေးတဲ့ မကြုံစဖူး ဘွဲ့နှင်း သဘင်ကြီးနဲ့ ကြုံခဲ့ရပါရောရှင်။

၁၉၆၂ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသူတစ်စု စာမေးပွဲပြီးလို့ ကျောင်းပိတ်ခါနီး ပြည်လမ်းက မြန်မာ့အသံကို လေ့လာရေးခရီးထွက်ခဲ့ကြတော့ အပျော်တမ်းအသံစစ်ကြည့်ကြ၊ သတင်းဖတ်ကြလုပ်ရင်းက ကျွန်မကို ကျောင်းတက်ရင်းကပဲ မနက်ပိုင်းသတင်းလာဖတ်ပေးပြီး ကျောင်းဆက် တက်ပါလားလို့ ကမ်းလှမ်းခဲ့တာနဲ့ (၃)နှစ်လောက် မြန်မာ့အသံမှာ အချိန်ပိုင်းသတင်းကြေညာသူအဖြစ် အမှုထမ်းဖြစ်ခဲ့ပြန်ပါတယ်။ အဲဒီအတွေ့အကြုံကလည်း ကျွန်မ BBC မှာ အလုပ်လာလုပ်ဖို့အတွက် အထောက်အကူတစ်ခု ဖြစ်ခဲ့ရတာမို့ ကျွန်မ အမှုထမ်းဘဝရဲ့ ပထမဆုံးရတဲ့ တန်ဖိုးရှိလှတဲ့ ပညာယူရာ၊ နားခိုရာနေရာ ဌာနကြီးတစ်ခုအဖြစ် တစ်သက်တာ ကျေးဇူးတင်မဆုံး ဖြစ်နေခဲ့ရပါတယ်ရှင်။

အဲဒီအချိန်မှာ ဖေဖေက နမ္မတူ Burma Corporation ရဲ့ အင်ဂျင်နီယာချုပ်အဖြစ် ရှမ်းပြည်မြောက်ပိုင်း နမ္မတူကို မိသားတစ်စုလုံး ပြောင်းရွှေ့ခဲ့ကြတာ ရန်ကင်းအိမ်မှာ ကျွန်မနဲ့ ကျွန်မကို စောင့်ရှောက်ဖို့ ဖွားလေးကြိုင် ကျောင်းပိတ်မှ ပြန်လာတဲ့ အဆောင်နေတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေဖြစ်တဲ့ မောင်လေး တင်မောင်လှနဲ့ ညီမ ရီမြတို့ပဲ ရန်ကုန်မှာ ကျန်ခဲ့ကြပါတယ်။ မမကြီးကတော့ ရန်ကင်းမှာပဲ သူ့အိမ်နဲ့ သူ မနီးမဝေးက စောင့်ရှောက်ပေးနေခဲ့ပါတယ်။

ကျွန်မမှာတော့ ရန်ကင်းကောလိပ် သိပ္ပံပထမနှစ် I.Sc Part A အောင်ကတည်းက ပင်မ တက္ကသိုလ်တက်ဖို့ဆိုပြီး ဖေဖေ ဝယ်ပေးခဲ့တဲ့ Austin A 40 အနက်ရောင်ကလေးနဲ့ မြန်မာ့အသံသွားလိုက်၊ ကျောင်းတက်လိုက်နဲ့ ကိုယ့်ခရီးကိုယ် နှင်ခဲ့ရပါရောလားရှင်။

Austin A 40 လေးနဲ့ ပတ်သက်ပြီး မှတ်မှတ်ရရရှိနေခဲ့တဲ့ အဖြစ်အပျက်ကလေးတွေကိုလည်း ကြုံတုန်း မှတ်တမ်းတင်လိုက်ရပါဦးမယ်။

စကိုဒါတွေ၊ မာဇဒါတွေ ပေါ်စအချိန်မှာ ကျွန်မကားကလေးက နည်းနည်းတော့ ခေတ်နောက်ကျနေပြီပေါ့ရှင်။ မကြာခဏလည်း ဟိုပြင်၊ ဒီပြင် ပြင်နေရတာမို့ ယာယီအချိန်ပိုင်း ဝင်လုပ်လို့ရတဲ့ လခ ကားပြင်တာနဲ့ ကုန်သလောက်ပါပဲ။ ဖေ မေတို့က ကျွေးထားလို့သာ တော်တော့တာပေါ့။ ကျွန်မရုံးသွား ကျောင်းသွား က အပြန် ပြည်လမ်းကနေ ကမ္ဘာအေးဘုရားလမ်း၊ အဲဒီကမှတစ်ဆင့် ကန်ဘဲ့လမ်းကနေ ရန်ကင်းပြန်လေ့ရှိတာမှာ ကမ္ဘာအေးဘုရားလမ်းနဲ့ ကန်ဘဲ့ သစ္စာလမ်းဆုံမှာ မကြာခဏ ရှောင်တခင် ကားမောင်းလိုင်စင်စစ်တတ်ပါတယ်။ ကျွန်မကားလေးကလည်း မကြာခဏဆိုသလို စက်နှိုးမရတတ်ဘဲ 'တွန်းစတပ်' တွန်းနှိုးမှ စက်နှိုးတတ်တာမို့ မြန်မာ့အသံက မော်တော်ယာဉ် အမှုထမ်းတွေက မကြာခဏ တွန်းပြီးနှိုးပေးလိုက်လို့ ကျွန်မ အိမ်အပြန်လှခဲ့ရတာပေါ့။ တစ်နေ့ ရှောင်တခင်လိုင်စင်စစ်မဲ့ ယာဉ်ထိန်းရဲက လှမ်းတားလို့ ကျမလည်း ဖြန်းခနဲ ရပ်ပေးလိုက်တာ ကားစက်ပါရပ်သွားပါရောရှင်။ လိုင်စင်စစ်ပြီး ပြန်ထွက်ဖို့ စက်နှိုးတော့ ထုံးစံအတိုင်း မနှိုးတော့တာနဲ့ ယာဉ်ထိန်းရဲခမျာကားကို တွန်းပေးရ တော့တာပေါ့။ ကံမကောင်း အကြောင်းမလှတဲ့ အဲဒီရဲ ခမျာ နောက်တစ်ခါလည်း ခုလိုပဲ ကြုံခဲ့ရပြန်တာမို့ နောက်ပိုင်း ကျွန်မနဲ့ကားကိုမြင်ရင် ရပ်ခိုင်းမဲ့အစား မြန်မြန်သွားခိုင်းတော့တာပါပဲရှင်။

မြန်မာ့အသံမှာ ည(၉)နာရီသတင်းဖတ်ပြီး အိမ်အပြန် ပြည်လမ်းက နေ တက္ကသိုလ်ရိပ်သာ လမ်းကဖြတ်မောင်းရတော့လည်း တစ်ညမှာ ဟိုင်စွမ် ဟိုတယ်ရှေ့အရောက် တစ်လမ်းလုံး ယာဉ်နဲ့ လူသွား လူလာအတော်ရှင်း နေချိန်မှာ ဟိုတယ်ထဲက ထွက်လာတဲ့ အရက်မူးသမားတစ်ယောက် ကားရှေ့မှာ ဟိုယိမ်း သည်ယိုင် တစ်လမ်းလုံး သူ ပိုင်သလိုလျှောက်သွားနေတာမှာ သူက ဘယ်ဘက်ယိမ်းထိုးသွားလို့ ကျွန်မက ညာဘက်ရှောင်ရင် သူက ညာဘက်ကို ယိုင်ပြီးလျှောက်လာ၊ ဘယ်ဘက်ပြန်ရှောင်တော့လည်း ဘယ်ဘက်ပြန်ရောက် လာနဲ့ ယိမ်းတိုက်ထားတာကျနေတာပဲ ၂ ခါ ၃ ခါ လောက်ဖြစ်ပြီးရော အရက်မူး သမား ကြောက်လှတဲ့ ကျွန်မမှာ အားခဲပြီး မနည်းလွတ်အောင် မောင်းထွက်ခဲ့ရ

တဲ့အဖြစ်ကိုလည်း ဘယ်တော့မှ မမေ့နိုင်ဖြစ်ခဲ့ရပါတယ်ရှင်။

ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(ခ)တက်နေတဲ့ ကျွန်မချစ်သူက တစ်ခါတစ်ရံ ရန်ကင်းပြန်ကြဖို့ ပြည်လမ်း မြန်မာ့အသံ ကျွန်မ ရုံးခန်းမှာ လာစောင့်သူ သူငယ်ချင်း ကိုမြင့်ဆွေကလည်း သူ့ချစ်သူအဆိုတော်လေးကို လာစောင့်တတ်ကြပြီး ကျွန်မရဲ့အော်စတင်လေးနဲ့ (၂)စုံတွဲ အိမ်ပြန်လေ့ရှိခဲ့ကြတာကိုလည်း မှတ်မိနေပါသေးတယ်။

ဒီလိုနဲ့ ကျောင်းမတက်ဘဲနေလိုက်၊ 7th July အရေးအခင်းမှာ ကျောင်းတွေပိတ်လိုက်နဲ့ မြန်မာ့အသံမှာ အချိန်ပိုင်းလုပ်ရင်း ဖြစ်ဖြစ် ညှစ်ညှစ်နဲ့ပဲ ဝိဇ္ဇာဘွဲ့ရခဲ့ရပါတယ်။

* * *

# ဘဝခရီးဖော်

ကျွန်မ အလယ်တန်းကျောင်းသူဘဝကတည်းက ရည်းစားစာရလည်း မမကြီးပဲဖတ်၊ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်ရောက်တော့လည်း ချည်းကပ်လာသမျှလူတွေကို အပြတ်ငြင်းနဲ့ နေလာခဲ့သလို ဖေ၊ မေတို့ နမ္မတူ မပြောင်းခင်က ကိုယ်တိုင်တစ်မျိုး၊ ဒွေးတော်မိကြီးတွေကတစ်ဆင့် စသည် စသည်ဖြင့် နားဖောက်တောင်းရမ်းလာကြသူတွေကို တစ်ခါတလေ ကျွန်မ တောင်မသိခဲ့ဘဲ မေမေက ငြင်းပြီးရင်း ငြင်းရင်းနဲ့ နေလာခဲ့ရာက တစ်ယောက်ကိုတော့ သဘောကျသယောင်၊ ကျွန်မကို စကားတွေ စလာခဲ့ချိန်မှာတော့ (၁၀)နှစ်နီးပါး သူငယ်ချင်းမောင်နှမလို စောင့်ရှောက်လာရင်း ဘဝအာမခံချက်ရှိလာပြီဖြစ်တဲ့ ဆရာဝန်ဖြစ်ခါနီးမှ ဖွင့်ဟပြောလာခဲ့သူကို တစ်နှစ်နေမှ အဖြေပေးမယ်လို့ အိုက်တင်တွေလုပ်နေရာကနေ (၆)လအကြာမှာ လက်ခံလိုက်ရတာလည်း ဖြစ်ပါတယ်။ မေမေတို့ နမ္မတူပြောင်းသွားပြီး ကျွန်မလည်း မြန်မာ့အသံမှာ အချိန်ပိုင်းလုပ်ကျောင်းတက်ရင်း ကျန်ခဲ့ရာက ကျွန်မကို ချစ်သူ၊ ကျွန်မချစ်သူလည်း ဆရာဝန်ဖြစ်ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးကို အလုပ်သင် ဆရာဝန်အဖြစ် ပြောင်းသွားခဲ့ရပါတယ်။ မန္တလေးရောက်လို့မှ မကြာပါဘူးရှင် အဲဒီခေတ်က ရေပန်းစားလှတဲ့ ရန်ကုန်ဆေးတက္ကသိုလ်ထွက် ဆရာဝန်ပေါက်စအနေနဲ့ မန္တလေးမှာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်သဖွယ် ဝိုင်းဝိုင်းလည်နေခဲ့ကြောင်း သတင်းတွေရလာခဲ့ပါတယ်။ သူ့မိခင်ကြီးကလည်း အဲဒီသတင်းတွေ ကြားမှာပေါ့လေ။ သားကို

ရန်ကုန်ဆင့်ခေါ်ပြီး “မိဘသဘောမတူရင် ကျွန်မ မယူ Aunty သဘောတူမှ ယူမှာ”လို့ ပြောင်ဖွင့် ပြောထားတဲ့ ကျွန်မကိုပါ သူ့ဆီခေါ်လာခဲ့ခိုင်းပြီး စေ့စပ်ကြောင်းလမ်းထားဖို့ မေမေတို့ဆီ အကျိုးအကြောင်းပြော တီးခေါက်ကြည့်ဖို့ သူ့သားကို နမ္မတူ လွှတ်လိုက်တော့တာပါပဲရှင်။

ဒီဘက်နိုင်ငံတွေဆီမှာ သမီးချစ်သူ သတို့သားလောင်းကိုယ်တိုင် မိန်းကလေးဖခင်ဆီမှာ ခွင့်တောင်းရတဲ့ဓလေ့မျိုးနဲ့ ကြုံကြုံဖန်ဖန် သွားတိုက်ဆိုင်ပြီး သတို့သားလောင်းခမျာ နမ္မတူအထိသွားပြီး အဖေ့တော့ကြောက်လို့ မပြောရဲသေးခင် မေမေ့ကို ပြောပြရှင်းပြခဲ့ရရှာပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ကျင့်သုံးနေထိုင်လာခဲ့တဲ့ ဖေဖေ၊မေမေတို့ကလည်း ထုံးတမ်းအစဉ်လာအရ သတို့သား ဖြစ်မယ့်သူရဲ့အမေ ကိုယ်တိုင်လာပြီး လာရောက်တောင်းရမ်းညှိနှိုင်းပြီးမှ ဘာလုပ်သင့်တယ်ဆုံးဖြတ်လို့ရမယ့်အကြောင်း ပြန်ကြားခိုင်းလိုက်ပါတယ်။ သားရန်ကုန်ပြန်ရောက်ပြီး အကျိုးအကြောင်းသိရတဲ့ မိခင်ကြီးဟာ သူ့ရုံးက ခွင့်(၁၀)ရက်ယူပြီး “ကဲ. . . သမီးပါ လိုက်ခဲ့ တို့သွားကြတာပေါ့”ဆိုပြီး သူ့အမေရယ်၊ သူရယ်၊ ကျွန်မရယ် နမ္မတူကို သွားခဲ့ကြတာမှာ ဟိုရောက်တော့ “မင်းတို့တစ်ခါတည်း လက်ထပ်လာကြပါလားကွ”လို့ သမီးကို ကြိတ်ပြီး ဆူလိုက်တဲ့ အဖေ့ဒေါသကို တစ်ဖက်သားတွေ မသိရလေအောင် ဣန္ဒြေမပျက် နေခဲ့ရပါတော့တယ်။ အချိန်အကြာကြီး စေ့စပ်ကြောင်းလမ်းထားတာကို လုံးဝမကြိုက်တဲ့ အဖေက စေ့စပ်ကြောင်းလမ်းထားတာကတော့ ကျွန်နော် မကြိုက်ဖူး ကျွန်နော်တို့ ထုံးတမ်းစဉ်လာ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပွဲကို တစ်လအတွင်း ဖြစ်အောင်ဒီမှာပဲလုပ်မယ်။ မမကျော့ ခွင့်သာ ထပ်တင်လိုက်ပါ ဆိုတော့လည်း ကျွန်မ ယောက္ခမလောင်းကြီးက “လူကြီးတွေကောင်းသလိုသာ ကြည့်စီမံပါ” ဆိုပြီး ကြည်ကြည်ဖြူဖြူ Telegram (သံကြိုး)နဲ့ ခွင့်တစ်လကျော် ထပ်ယူလိုက်ရှာပါတယ်။ အဲဒီတစ်လအတွင်းမှာတော့ သတို့သားလောင်းခမျာ၊ House Surgeon တာဝန် အပြည့်ရအောင် မန္တလေးပြန်အလုပ်လုပ်၊ မင်္ဂလာဆောင်အတွက် ပိုးပုဆိုး၊ တိုက်ပုံကအစချုပ်၊ နမ္မတူ ပြန်သတင်းပို့၊ မန္တလေးပြန်

အလုပ်လုပ်လိုက်နဲ့ ခေါက်တုန့်ခေါက်ပြန် ခရီးတွေသွားခဲ့ရရှာတာပေါ့ရှင်။ အလုပ်လည်းမလုပ်ရ၊ မိဘအိမ်မှာ အငြိမ့်သားနေနေရတဲ့ ကျွန်မကတော့ ထိုင်မသိမ်းချုပ်ဖို့ကလည်း အချိန်မရှိတာကတစ်ကြောင်း မက်မက်မောမောကလည်းမရှိတာမို့ "ရှုပ်ပါတယ်မေရာ တစ်ရက်ပဲဝတ်ရမှာ မမ ဒေါ်လှမြင့်ဆီကပဲ ငှားဝတ်လိုက်တော့မယ်"လို့ လက်လွတ်စပယ်ပြောလိုက်ပေမဲ့ ပြီးခဲ့တဲ့နှစ်ကမှ ရန်ကုန်မှာ ကြီးကြီးကျယ်ကျယ် လက်ထပ်ပြီးစ ဖေဖေ့ အင်ဂျင်နီယာတွေထဲက တစ်ယောက်ဖြစ်တဲ့ အင်ဂျင်နီယာဌာနမှူး ဦးမောင်မောင်ကြိုင်ရဲ့ သတို့သမီး နမ္မတူဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာဒေါ်လှမြင့်ရဲ့ တန်ဖိုးကြီးပြီး အလွန်လှအချိုးကျတဲ့ မင်္ဂလာသတို့သမီး ထိုင်မသိမ်းဝတ်စုံဟာ ကျွန်မနဲ့ တိုင်းချုပ်ထားတဲ့အတိုင်း အတိအကျ လှပနေတော့တာဟာလည်း ကျွန်မရဲ့ဘဝ အကျိုးပေးကောင်းမှုတစ်ခုလို့ ယူဆမိပါတယ်။



ဒီလိုနဲ့ ရန်ကုန်မှာ မင်္ဂလာဆောင် ရင် "မင်္ဂလာမောင်မယ်"ဆိုမယ်။ "နှစ်ကံပြိုင်ဖူးစာ"ဆိုမယ် "သိပ်ချစ်"ဆိုမယ် စသဖြင့် သူတို့ကိုယ်ပိုင်သီချင်းတွေဆိုဖို့ အားခဲထားခဲ့ကြတဲ့ နိုင်ငံကျော် အဆို တော်ကြီးတွေဖြစ်တဲ့ မြန်မာ့အသံက ချစ်သောအစ်မကြီးများကို အားနာနာနဲ့ပဲ၊ ရာသီဥတုအနေအထားကအစ အနောက်တိုင်းဆန်လှတဲ့ နမ္မတူမြို့မနက်မှာပဲ စုလျားရစ်ပတ် လက်ထပ်ပွဲပြုလုပ်ပြီး ညဘက်မှာ ဖေဖေ့မိတ်ဆွေတွေ၊ အမှုထမ်းတွေအတွက် Garden ပါတီကို ခြံကျယ်ကြီးထဲမှာ ညစာစားပွဲကြီး ကျင်းပပြီး

ကျမတို့ရဲ့ မင်္ဂလာပွဲ ပျော်ရွှင်စွာ နွှဲခဲ့ကြရပါတယ်ရှင်။

မင်္ဂလာပွဲအတွက် တစ်လအချိန်ယူစီစဉ်ဆောင်ရွက်နေချိန်အတွင်းမှာ သတို့သားလောင်းရဲ့ အစ်ကိုဝမ်းကွဲ ရုံးအဖွဲ့မှူးအိမ်မှာ တည်းခိုနေတဲ့ ယောက္ခမလောင်းကြီးကို နေ့တိုင်း ဖေဖေ၊ မေမေတို့အိမ် ခေါ်ထားခဲ့ရပါတယ်။ ဒီအချိန်က ရှမ်းပြည်တောင်ပိုင်း ခင်ပွန်းသည် တာဝန်ကျရာ လင်းခေးမြို့မှာ ကျောင်းအုပ်ဆရာမကြီးအဖြစ် အမှုထမ်းနေတဲ့ မမကြီးကလည်း ညီမမင်္ဂလာပွဲအတွက် ခွင့်ယူပြီး နမ္မတူမှာ ရှိနေခဲ့ပါတယ်။ မမကြီးက ကျွန်မကို သတို့သမီး ဆံထုံးထုံးကြည့်ပေးနေရင်း အန်တီကျော့က "အန်တီတို့ကောလိပ်ကျောင်း တက်တုန်းက အမြဲ ဘီးဆံထုံးနဲ့ တက်ရတော့ ဆံထုံးထုံးတာ မခက်တော့ပါဘူး။ ဒါပေမဲ့ အခုက မင်္ဂလာကိစ္စမို့ အန်တီက မုဆိုးမဖြစ်နေလို့ မင်္ဂလာယူရမဲ့ကိစ္စကို အနားကနေပဲ ပြောပြပေးမယ်နော်"ဆိုပြီး မမကြီးကို ကူညီပေးခဲ့ရှာပါတယ်။

ကျွန်မတို့ မင်္ဂလာပွဲအတွက် ဖေဖေ၊ မေမေတို့ကို ခင်မင်လေးစားတဲ့ ဖေဖေ့လက်အောက်က လျှပ်စစ်၊ စက်မှု၊ မီးရထား၊ ဘော်တွင်း စတဲ့ဌာနတွေက ဌာနမှူးအင်ဂျင်နီယာတွေနဲ့ အမှုထမ်းတွေဟာ ကျွန်မတို့ မင်္ဂလာပွဲအတွက် အိမ်နဲ့ခြံအလှပြင် မီးဆင်၊ စားသောက်စရာကအစ အသီးသီး အသက တာဝန်တွေ ယူကြပြီး ပျော်ရွှင်နေကြပါတော့တယ်။ ရန်ကုန်မှာ အကြီးအကျယ်မင်္ဂလာဆောင်ထားတာ တစ်နှစ်ပဲရှိသေးတဲ့ အစ်ကိုကြီး ဦးမောင်မောင်ကြိုင်ကတော့ သူ့သတို့သမီးရဲ့ဝတ်စုံ ကျွန်မကို ပေးဝတ်စေတဲ့အပြင် သူတို့လက်ထပ်ပွဲက နောက်ခံ တေးဂီတတွေကိုလည်း အသံသွင်းသိမ်းထားရာကနေ အသုံးချပေးခဲ့တာ ဖြစ်ပါတယ်။

နမ္မတူက ဖေဖေ့ကိုပေးထားတဲ့ အင်္ဂလိပ်တွေ စိတ်တိုင်းကျဆောက်သွားကြတဲ့ အင်ဂျင်နီယာချုပ်အိမ်ကြီးရဲ့ လှေကားကြီးပေါ်ကနေ သတို့သမီး 'ကျွန်မ'ဆင်းလာနေချိန်ကစပြီး စုလျားရစ်ပတ်လက်ထပ်မယ့် နေရာရောက်သည်အထိ ငြိမ့်ညောင်းသာယာမင်္ဂလာတေးသံကလေး နောက်ခံနဲ့ ဘယ်တီးဝိုင်းဘယ်ဆိုင်းမှ မလိုဘဲ ကျက်သရေမင်္ဂလာဝေဖြာလို့ နေခဲ့ပါတယ်။



"မေမေ့သမီးကလေး လက်ထပ်ပွဲမှာ အောင်ကြောင်းမင်္ဂလာ အဖြာဖြာနဲ့ သစ္စာတွေအမြဲရှိနေဖို့ အောင်သပြေပန်းနဲ့ သစ္စာပန်းတွေပဲ မေမေက သုံးမှာ"လို့ ပြောပြီး မေမေ စီစဉ်အလှဆင်ထားတဲ့ ရှမ်းပြည်နယ်ထွက် သစ္စာပန်းရောင်စုံလှလှကြီးတွေနဲ့ အောင်သပြေပန်းတွေ စိုပြေလန်းဆန်းနေတဲ့ ငွေဖလားကြီးတွေကနေ မွေးမိခင်ရဲ့ မေတ္တာစေတနာတွေဖေါ်ညွှန်းပြနေခဲ့တာကိုလည်း ကျွန်မတစ်သက် ဘယ်ခါမှ မေ့နိုင်မှာ မဟုတ်တော့ပါဘူးရှင်။

* * *

## အိမ်ထောင်သည်ဘဝ ခရီးအစ

လက်ထပ်ပွဲပြီး နောက်တစ်နေ့မှာပဲ ယောက္ခမကြီးရယ်၊ ကျွန်မနဲ့ ခင်ပွန်းသည်ပါ အသီးသီး အသက ကိုယ့်အလုပ်တာဝန်ရှိရာ ရန်ကုန်နဲ့ မန္တလေးကို ပြန်ခဲ့ကြရပါတော့တယ်။ ကဲ. . . ကျွန်မရဲ့အိမ်ထောင်သည်ဘဝ အစက ဘယ်လောက်များ ကဗျာဆန်လိုက်ပါသလဲရှင်။ ဒီလိုနဲ့ ကျွန်မကလည်း မြန်မာ့အသံမှာ ပြန်အလုပ်လုပ်၊ သူကလည်း House Surgeon နှစ်ပြည့်အောင် ဆက်လုပ် ဒါတောင် မင်္ဂလာဆောင်တဲ့ တစ်လတာအတွက် H.S အချိန် တစ်လထပ်ဖြည့်ပြီး လုပ်ပေးခဲ့ရပါတယ်။ သူ တစ်လအစား ပြန်ဖြည့်အလုပ်လုပ် ပေးရမဲ့ နောက်ဆုံး တစ်လမှာ မေမေ့အစီအစဉ် အထောက်အပံ့နဲ့ မန္တလေးမှာ အိမ်အပေါ်ထပ်ကလေးတစ်ခု ငှား၊ ထမင်းချိုင့် ပေးစားပြီးတစ်ခါဖူးမှ မနေခဲ့စဘူး။ အခြေအနေမျိုး နေခဲ့ရဖူးပါတယ်။ ကြိုးဖွာနေတဲ့ ဖိနပ်ကိုတောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ချုပ်ပေးနိုင်ခဲ့တာမို့ ကြုံရာဘဝမှာ အံဝင်ဂွင်ကျဖြစ်အောင် နေထိုင်နိုင်စိတ် သွင်းပေးတဲ့၊ ဆုံးမထားခဲ့တဲ့ မေမေ့ကျေးဇူးတွေကတော့ တစ်သက် မမေ့နိုင်အောင်ပါပဲရှင်။ ငွေကြေးချမ်းသာလှပေမဲ့ အသက်(၃၃)နှစ်သမီးမှာ မိခင်ကွယ်လွန်သွားခဲ့လို့မှ မကြာသေးခင် မပြည့်ဝတဲ့ မိထွေးလက်ထက် အသက်(၁၆)နှစ်နဲ့ စောစောစီးစီး အိမ်ထောင်ကျခဲ့ရတဲ့ မေမေက သူ့ဘဝသူ့ အခြေအနေတွေ ပြန်ပြန်ပြောပြပြီး သမီးတွေကို ဆုံးမလေ့ရှိတာကို ကျွန်မက လေးလေးစားစား နာယူတတ်ခဲ့သူ ဖြစ်ပါတယ်ရှင်။

မန္တလေးမှာ တစ်လအပိုနေရင်းက အားလပ်ရက်တွေမှာ သူ့သူငယ်ချင်း ဆရာဝန်တွေနဲ့ တန်ဆောင်မုန်းလပြည့် စစ်ကိုင်းတောင်တက်ကြ၊ လျှောက်လည်ကြနဲ့ ပျော်တစ်ခါ ပျင်းတစ်လှည့် အချိန်တွေ ကုန်သွားခဲ့ရပါတယ်။ မန္တလေး မလာခင် စာမေးပွဲဖြေဆို အောင်မြင်ထားခဲ့တဲ့ ပြန်ကြားရေးဌာနက အယ်ဒီတာ ရာထူးကို အမျိုးသားတစ်ဦး ရသွားခဲ့ပြီမို့လည်း နဂိုကတည်းက အဲဒီရာထူးမရရင် အလုပ်ဆက် မလုပ်တော့ဘဲ ခင်ပွန်းသည် တာဝန်ကျရာနေရာတွေမှာပဲ လိုက်နေတော့မယ်လို့ဆုံးဖြတ်ထားခဲ့တဲ့အတိုင်း ရန်ကုန်ပြန် ရောက်လာပြီး တစ်လအကြာမှာ ခင်ပွန်းသည် ပထမဆုံးတာဝန်ကျရာ ကယားပြည်နယ်၊ မော်ချီမိုင်းကို သျှောင်နောက်ဆံထုံးပါ လိုက်ပါခဲ့ရာက အိမ်ထောင်သည်ဘဝကို ပီပီပြင်ပြင် လက်တွေ့ကြုံခဲ့ရပါတော့တယ်ရှင်။

၁၉၆၆ ခု နှစ်ဆန်းပိုင်းမှာ ခင်ပွန်းသည်တာဝန်ကျရာ ကယားပြည်နယ်၊ မော်ချီးမိုင်းကို ပြောင်းရွှေ့သွားခဲ့ကြရပါတယ်။ ပထမဆုံးအကြိမ် အိမ်ထောင် သည် ဘဝခရီးအစကတော့ ပျော်လည်းပျော် မောလည်းမော၊ လျှို့ဝှက်သည်းဖို တွေလည်း ကြုံခဲ့ရပြန်ပါတယ်။ ပထမဆုံး ရန်ကုန်ကနေ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို ဝေဟင်ခရီးက လေယာဉ်စီးပြီး သွားခဲ့ကြရပါတယ်။ လွိုင်ကော် မြို့ရောက်တော့ အစိုးရအရာထမ်းတွေ တည်းခိုနားနေရာ တစ်ခုမှာ နေရာချထားပေးခံရပြီး ကျွန်မတို့ သွားရမဲ့ မော်ချီမိုင်းက ရှေ့တန်းစခန်း တစ်နေရာ ဖြစ်တဲ့အတွက် ဒီအတိုင်းသွားချင်တိုင်းသွားလို့မရခဲ့ပါဘူး။ Convoyခေါ်တဲ့စစ်တပ် အစောင့်အရှောက် ယာဉ်တန်းကြီးနဲ့မှ အုပ်စု လိုက်သွားရမှာမို့ တည်းခိုရိပ်သာမှာပဲ စောင့်ပါ။ မနက်ဖြန် မနက်သွားဖြစ် မယ်ဆိုရင် ဒီည မိုးချုပ်ချိန်ရောက်မှ လျှို့ဝှက်အသိလာပေးပါမယ်။ မနက် အဆင်သင့် လုပ်ထားရပါမယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အသိပေး လာကြပါတယ်။ ဒီလိုနဲ့ လွိုင်ကော်မြို့မှာ Convoyစောင့်ရင်း တောင်ကွဲစေတီ သွားဖူးမျှော်ကန်တော့၊ ခုမှသိကြတဲ့ မိတ်ဆွေအိမ်တွေ သွားလည်နဲ့ အချိန်ဖြုန်း နေကြရပါတယ်။ စစချင်းမှာတော့ နယ်မြို့အကြောင်း မသိသေးတဲ့ ကျွန်မတို့

နှစ်ယောက်ဟာ ည (၈)နာရီလောက်မှာ မြို့ထဲထွက်ပြီး ဆိုင်မှာ ထမင်းထွက်စားမယ်လေဆိုပြီး တည်းခိုခန်းမှာ မစားဘဲ အေးအေးဆေးဆေး နေလိုက်ကြတာ စားခါနီးလို့မြို့ထဲလည်း သွားရော ဈေးဆိုင်တွေအားလုံးပိတ်နေပြီမို့ ထမင်းတစ်နပ် ငတ်ခဲ့ကြရပါရောလားရှင်။ နောက်နေ့တွေမှာတော့ အသိတွေက အလိုက်တသိနဲ့ ထမင်းဖိတ်ကျွေးကြလို့ ဆိုင်ပိတ်ချိန်တွေလည်းသိပြီး အဆင်ပြေသွားခဲ့ကြရပါတယ်။ ဒါနဲ့ပဲ မော်ချီမိုင်းကို သွားရတော့မယ့်နေ့ ရောက်လာပါတော့တယ်။ စစ်တပ် convoy ကားတန်းကြီး နောက်ကနေ မော်ချီးသတ္တုတွင်းက ဂျစ်ကားလေးပေါ်မှာ ဘူမိဗေဒပညာရှင် တစ်ယောက်၊ နောက်ခုံမှာ ကျွန်မတို့နှစ်ယောက်၊ ဘေးတစ်ဖက်တစ်ချက်စီမှာ လူငယ်နှစ်ယောက် လိုက်ပါစီးနင်းပြီး လွိုင်ကော်-မော်ချီးကားလမ်းအတိုင်း ခရီးနှင်ခဲ့ကြပါတယ်။ အဲဒီအခါက မော်ချီးမိုင်းကို သွားကြရမယ့် ရုရှလူမျိုး Geologist ၄-၅-၆ ယောက်လောက်နဲ့၊ တခြားအမှုထမ်းတွေကလည်း ကားတစ်စီးနဲ့ လိုက်ပါလာကြပါတယ်။ အချိန်က နွေဦးရာသီရွက်ဝါတွေ ကြွေထားခဲ့တဲ့ လမ်းတစ်လျှောက် ခြောက်သွေ့ပေမဲ့ အတော်လေး သာသာယာယာ ရှိပေသားမို့ အဲဒီအချိန်က ရုပ်ရှင်ပရိတ်သတ်တွေ အတော် သဘောကျကြတဲ့ 'Hatari ' ရုပ်ရှင်ထဲက ရှုခင်းမျိုးတွေဆိုပြီး စိတ်ကူးတွေယဉ်နေမိလို့မှ မကြာပါဘူးရှင်။ "ဖုန်း ဒိုင်း ဖောင်း ဖောင်း" နဲ့ သေနတ်သံလို ကြားခဲ့ရလို့ ကျွန်မတို့နှစ်ယောက် အထိတ်အလန့်နဲ့ ရှိနေကြတုန်း ကားပေါ်ပါလာသူတွေ ကတော့ ဘယ်ရောက်ကုန်မှန်း မသိခဲ့ပါဘူး။ ဝုန်းဒိုင်းသံတွေ စဲသွားမှ လမ်းဘေး တောစပ်ထဲက ထွက်လာကြတဲ့ ကျွန်မတို့ကားက ခရီးဖော်တွေကို တွေ့ရပါတယ်။ ဂျစ်ကား နောက်ခန်းမှာ အူကြောင်ကြောင် ငုတ်တုတ်ကလေးတွေ ထိုင်လျက်သား ရှိနေတဲ့ ကျမတို့ကို မြင်မှ "sorry ဗျာ" ကျွန်တော်တို့လည်း ဆရာတို့ အခုမှ ဒီခရီး စလာတာဆိုတာ သတိလစ်သွားတယ်။ ဒီလမ်းမှာက မကြာခဏ သူပုန်တွေရဲ့ ခြုံခိုတိုက်တာခံနေကျဖြစ်နေတော့ ကျွန်တော်တို့ ခုလို ဆင်းပြေးပုန်းသို့ကြရတာ၊ ဆရာတို့ကို ပြောပြမထားမိဘဲ ပစ်ထားခဲ့သလို ဖြစ်သွားတာ ခွင့်လွှတ်ပါ" လို့ ပြောကြရှာပါတယ်။ အဲဒီတစ်ခါ

ဖုန်းဒိုင်းသံတွေကတော့ ခြုံခိုတိုက်ခံရတာ မဟုတ်ဘဲ ရာသီဥတုပူလာချိန်မှာ ဝါးပင်တွေ အချင်း ချင်း ပွတ်တိုက်ပြီး မီးလောင်လို့ ဝါးတွေမီးပေါက်တဲ့အသံလို့လည်း သူတို့ သိလာခဲ့သမျှ ရှင်းပြကြရှာပါတယ်။ " အော် ဝါးတွေ မီးလောင်လို့ ပေါက်တဲ့ အသံကိုး။ သူပုန်တွေရဲ့ ခြုံခိုတိုက်ပွဲသာဆိုရင်" စွန့်စားလှုပ်ရှားမှုဝါသနာပါကြတဲ့ ကျွန်မတို့ ကြင်စဦးဇနီးမောင်နှံရဲ့ ဘဝ မတွေးဝံ့စရာပါပဲလားရှင်။

ဒီလိုနဲ့ မော်ချီမိုင်းကိုရောက်ကြရော ဆိုပါစို့၊ တောင်ခပန်းတွေ တစ်ကွေပြီး တစ်ကွေ့ ကွေ့ကောက်တက်လာခဲ့ကြတာမှာ မော်ချီးတောင်အောက်ရွာ၊ အလယ်ရွာတွေဖြတ်လို့ တောင်ပေါ်ရွာကို ရောက်ခဲ့ကြပါတယ်။ အင်္ဂလိပ်တွေဆောက်ပြီးနေထိုင်သွားခဲ့ကြတဲ့ မိုင်းမြို့ကလေး ကတော့သိပ်ကို လှတာပါပဲရှင်။ ဒီတောင်တစ်ကွေ့က မိုင်းရုံး တစ်ဆင့်ကွေ့ပတ်တက်လိုက်တော့ မိုင်းဆေးရုံ၊ အဲဒီက အလွန် တောင်တစ်ဆင့်မှာက ဆရာဝန်အိမ် ဟိုတစ်ကွေ့အတက်ကြတော့ လောလောဆယ် တည်းခိုဆောင်လုပ်ထားတဲ့ မိုင်းမန်နေဂျာရဲ့အိမ်ကြီး၊ ဟိုကွေ့သည်ပတ် ကားမောင်းတက်ခဲ့ရတဲ့ တောင်နံရံတစ်လျှောက်မှာလည်း X'mas သစ်ပင်လို့ ရွာခံတွေက သိထားကြတဲ့ အစိမ်းနဲ့ အနီစပ်ရွက်လှပန်းကြီးတွေလို လှပတဲ့ အရွက်တွေ ဖားဖားဝေနေတဲ့ 'Poisetia' အပင်တွေနဲ့ ပန်းမျိုးစုံကို ကြည်နူးစရာ မြင်တွေ့ခဲ့ကြရပါတယ်။ ဆေးရုံအပေါ်တစ်ကွေ့ လှေကားထစ်ကလေးတွေနဲ့လည်း တက်သွားလို့ရတဲ့ တောင်ပေါ်က ဝါးရုံတာပတ်လည်နဲ့ တစ်ထပ်အိမ် ကျယ်ကျယ်ဝန်းဝန်းကြီးကတော့ ကျွန်မတို့ နေကြရမယ့် ဆရာဝန်အတွက် အိမ်ကြီးပါပဲရှင်။ ပွင့်ဖူးလှပနေတဲ့ နှင်းဆီပန်းရောင်စုံ နှင်းဆီနွယ်ခြုံတွေနဲ့မို့ ကျွန်မ စိတ်ကြိုက်ပဲပေါ့ရှင်။ ဒါတောင် မိုးတွင်းအခါမှာ သူ့အလိုလို ပေါက်လာပြီး ရောင်စုံပွင့်ဖူးနေတဲ့ သစ္စာပန်း လှလှကြီးတွေ တွေ့ရသေးတာ မဟုတ်ဖူးရှင့်။

ရောက်ပြီး ညနေ ခတ်စောစောပိုင်းမှာ Tennis ကစားကွင်းကို ဘော်လီဘောကွင်းလုပ်ပြီး မိုင်းအရာထမ်းအမှုထမ်းတွေနဲ့ ရှုရှု ဘူမိဗေဒပညာရှင်

တွေပါ volley ball ကစားကြတာ တက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်မှာ လက်ရွေးစင် အဖြစ်ကစားလာခဲ့တဲ့ ကျွန်မခင်ပွန်းရဲ့ ခုတ်ချဘောတွေရဲ့ဒဏ် ရှုရှုတွေ အတော်ကြီးခံခဲ့ ရရှာတာပေါ့ရှင်။ အဲဒီပွဲကစပြီး သူတို့အခေါ် Mr. Doctor ကတော့သူတို့ရဲ့ hero ဖြစ်သွားခဲ့တာပေါ့။ ဒါတင်မက ည Dinner မှာ ဝက်ကြီးတစ်ကောင်လုံးကင်ပြီး အရက်၊ ယမကာတွေနဲ့ ဧည့်ခံပြန်တော့လည်း ကျွန်မရဲ့ အရက်ကြောက်တတ်မှုကြောင့် အရက်လုံးဝမသောက်တော့တဲ့ Mr. Doctor ကို ဘာဖြစ်လို့ မသောက်တာလဲလို့မေးကြပြန်တယ်။ "My wife is allergic to Alcohol"လို့ပြောခဲ့တော့ အမျိုးသမီးတွေကို ဦးစားပေး အလေးထားတတ်တဲ့ သူတို့တစ်တွေအတွက် Mr. Doctor ဟာ စိတ်ဝင်စား လေးစားစရာ ကောင်းသူ ဖြစ်ပြီးရင်း ဖြစ်ရင်းပေါ့ရှင်။ နောက်ပိုင်း အိမ်ထောင် သက်ကြာလာပေမဲ့လည်း မိတ်ဖြစ်ဆွေဖြစ် အရက်ယမကာသောက်ခဲ့ပေမဲ့ လူတကာ လေးစားရလောက်အောင် သိက္ခာရှိရှိ နေတတ်ခဲ့သူမို့ နိုင်ငံရပ်ခြားမှာ လည်း သူ့ဇနီး ကျွန်မ ဂုဏ်တင်ခဲ့ရတာ ဖြစ်ပါတယ်။ မော်ချီမိုင်းအကြောင်း ပြန်ဆက်ရရင်တော့ ရေခဲသေတ္တာ၊ လျှပ်စစ်မီးဖိုကအစ လိုလေသေးမရှိ စားသောက်နေထိုင်စရာ ကစားစရာ Tennis၊ ဘိလိယက်၊ Squash စသည်ဖြင့် နိုင်ငံခြားမှာ နေနေသလို အားလုံးအဆင်သင့်နဲ့ စကြံခဲ့ရအပြီး၊ (၇)ရက် တစ်ပတ် နေသွားတဲ့ ဧည့်သည်တွေပြန်သွားချိန်ကစပြီးတော့ ပုံမှန်ဖြစ်နေကျ ပြန်ဖြစ်သွားတာက ည (၇)နာရီဆို အိမ်ပြင်မထွက်ရတော့တဲ့ ညမထွက်ရ အမိန့် (Curfew) စနေနေ့ညတိုင်း တောင်ခါးပန်း၊ တောင်အောက်တွေကနေ တက်လာပြီး မိုင်းကို စောင့်ရှောက်နေတဲ့ မြန်မာစစ်တပ်ကင်းပုန်းတွေကို ပစ်ကြခတ်ကြတဲ့ သေနတ်သံတွေပုံမှန် ကြားနေခဲ့ရသလို တစ်နေရာက တစ်နေရာ ဝပ်တွားရွေ့လျား ပြေးလွှား ပစ်ခတ်နေတဲ့ ရှုခင်းတွေကို အိမ်ပြတင်းကနေ အမြဲမြင်တွေ့နေခဲ့ကြရပါတယ်။ အော်. . . ရွှေတန်းဆိုတာ ဒါကိုး ဒီနေရာဟာ နေ့စံပြီး ညခံဆိုတဲ့ ငရဲတစ်နေရာများလား" လို့လည်း တွေးမိခဲ့ပါတယ်။

* * *

## ၁၉၆၆–၁၉၆၈ မော်ချီးမိုင်း

အလုပ်သင်ဆရာဝန်ပြီးလို့ လက်ထောက်ဆရာဝန် အနေနဲ့ ကျွန်မ ခင်ပွန်း တာဝန်ကျတဲ့ မော်ချီးမိုင်းကတော့ (Little England လို့ တင်စား ခေါ်လေ့ရှိကြတယ်) ကျွန်မအကြိုက် ရာသီဥတုကလည်း အေးမြ ပတ်ဝန်းကျင် သဘာဝတောတောင်ရေမြေကလည်း သာယာ နေရေးစားရေးအားလုံး အဆင် ပြေလှတာ ဖြစ်ပါတယ်။ မနက် (၈)နာရီခင်ပွန်းဖြစ်သူက တောင်လှေကား တစ်ကွေ့ဆင်းပြီး သူ့တာဝန်ရှိရာ မိုင်းဆေးရုံကို ထွက်သွားချိန်မှာ အိမ်ရှင်မ ကျွန်မက ရောက်လေရာတိုင်း သူ စီစဉ်ပေးထားတဲ့ ဘုရားခန်းမှာ ဘုရားရှိခိုး ပန်းကပ် ရေကပ်နဲ့ အေးချမ်းလှပါတယ်။ ရောက်ပြီး မကြာခင်မှာပဲ 'ရှားမူ' ဆိုတဲ့ အိမ်ဖော်မလေး ရထားခဲ့လို့လည်း အချက်အပြုတ် မတောက်တခေါက် သာတတ်ထားတဲ့ ကျွန်မအတွက် အဆင်ပြေခဲ့ရတာပေါ့ရှင်။ ရှားမူ မရောက် လာခင် ကျွန်မတို့ မော်ချီးရောက်ပြီး (၂)လ၊ (၃)လမှာ ကျွန်မတို့ရဲ့ တစ်နှစ် မြောက် မင်္ဂလာနှစ်ပတ်လည်ပွဲနဲ့ ကြုံခဲ့ကြတော့ ကျွန်မခင်ပွန်းက ကြက်သားဟင်း ချက်၊ မိုင်းအင်ဂျင်နီယာလေးတွေက အုန်းထမင်းချက်ပေးကြပြီး မင်္ဂလာ နှစ်ပတ် လည်ပွဲ ပျော်ပျော်ကြီး ဆင်နွှဲခဲ့ကြပါတယ်ဆိုရင် ကျွန်မရဲ့အချက် အပြုတ် ကျွမ်းကျင်လှမှုကို အကဲခတ်နိုင်ကြမှာပါ။ ရှေ့တန်းစစ်စခန်းတစ်နေရာမို့လည်း မော်ချီးမိုင်းကို တာဝန်အချခံရတဲ့ ဆရာဝန်တွေဟာ နည်းအမျိုးမျိုးနဲ့ နေရာ ပြောင်းယူသူယူ၊ အလုပ်ကထွက်သူထွက်နဲ့ (၆)နှစ်၊ (၇)နှစ်လောက် မော်ချီးမိုင်း

ဆေးရုံမှာ ဆရာဝန်မရှိဘဲ ကွန်ပေါင်ဒါကပဲ ဦးစီးနေခဲ့တယ်လို့ သိရပါတယ်။ ဆရာဝန်ရောက်လာတော့ ဒေသခံ လူထုခမျာ ဝမ်းသာအားရ ဖြစ်နေခဲ့ကြတာဟာ မြို့ထဲကရော တောထဲကသူပုန်တွေပါ အပါအဝင်ပေါ့ရှင်။ ဆေးထိုးခ၊ စမ်းသပ်ပေးခ၊ ဆေးဘိုး 'ဝါးခ' စသည်ဖြင့် ပိုက်ဆံယူပြီး ကုသပေးခဲ့တဲ့ အရင်လူတွေနဲ့ တွေ့ခဲ့ကြုံခဲ့ကြရတဲ့၊ ရိုးသားလှတဲ့ တောင်ပေါ်တောင်အောက် တောကြိုအုံကြားက တိုင်းရင်းသား ကရင်လူမျိုး မျိုးစုံတို့ဟာ တကယ့်ဆရာဝန် ရောက်လာတော့လည်း ဆရာဝန်က ဆေးကုပေးလို့ဆိုပြီး ကျစ်ကျစ်ပါအောင် သိမ်းထုပ်ယူလာကြတဲ့ ပိုက်ဆံကလေးတွေထုတ်ပေးကြရှာပါတယ်။ အဲဒါတွေကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ကြည့်ပြီး အရပ်ရှည်သလောက် စိတ်ရှည်လှတဲ့ ကျွန်မခင်ပွန်းက "ဖထီး(ဦးလေး)တို့၊ အမိုးတို့ ကျွန်တော် ဒီမှာ အလုပ်လာလုပ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံအစိုးရက လုပ်အားခ လစာလည်း ကျွန်တော့်ကို ပေးထားတယ်။ နေဖို့ အိမ်ကအစ အားလုံးပေးထားတယ်။

ဒီဆေးရုံမှာရှိသမျှ ဆေးဝါးတွေဆေးကုဖို့ ပစ္စည်းကိရိယာတွေ အားလုံးနိုင်ငံကနေ ပေးထားတာပဲ ဒီတော့ ဖထီးတို့က ဆေးကုခ၊ ဆေးဖိုးဘာတစ်ခုမှ ပေးဖို့ မလိုဘူးလေ ပိုက်ဆံတွေပြန်ယူသွားကြပါလို့ ရှင်းပြပြောပြခဲ့ရပါတယ်။ ဒါတောင်မှ ရိုးသားလှတဲ့တိုင်းရင်းသူ၊ တိုင်းရင်းသားတွေက "ဟုတ်လား" ကသီသရာ (ဆေးဆရာ) အရင်လူတွေကိုတော့ ငါတို့က ဆေးကုခအမြဲပေးရတာလို့ ပြောကြရှာပါသေးတယ်။ အဲဒီနောက်ပိုင်းမှာတော့ အသစ်ရောက်လာတဲ့ ကသီသရာနဲ့ သရာမူ (ဆရာမ)တို့ဟာ မော်ချီးမိုင်းနဲ့ ပတ်ဝန်းကျင်တောတွင်း၊ တောင်ပေါ်တစ်ဝိုက်ကရင်လူမျိုးတွေရဲ့ သန့်စင်တဲ့ ချစ်ခင်လေးစားမှုရခဲ့ကြရတော့တာပါပဲရှင်။ အရင်လို ဆေးကုသခပိုက်ဆံမကုန်ကြရှာတော့တစ်မျိုးတစ်မည် ကျေးဇူးဆပ်ပါရ စေဆိုပြီး ကြက်တွေလာပေးကြပြန်ပါရော။ စေတနာနဲ့ 'ကသီသရာ' စားရအောင်ဆိုပြီး ကြက်တွေလာလာ ပေးနေကြပြန်တော့ ကျွန်မတို့နှစ်ယောက်မှာ ငြင်းလို့လည်းမရ၊ စားလည်းမစားရဲ ဖြစ်နေတာမို့ ကျွန်မခင်ပွန်းက ကျွန်နော်တို့ ဒီလိုမျိုး မစားတတ်ဘူး။ ဟိုကြက်အဖြူလေး

တစ်ကောင်ပဲထားခဲ့။ ကျွန်တော့်မိန်းမက အလှမွေးထားလိမ့်မယ်လို့ အပြတ်ပြော ရပါတော့တယ်။ အမှတ်မထင် ပြီးလွယ်စီးလွယ် ပြောမိလိုက်ခါမှ နောက်ပိုင်းမှာ သရာမူ (ဆရာမ) အတွက်ဆိုပြီးကြက်အဖြူလေးတွေ လာလာပေးကြတာမှာ ကျွန်မခင်ပွန်းခမျာ ကြက်ခြံကြီးဆောက်ပြီး မွေးမြူရေး လုပ်ရတော့တာပေါ့ရှင်။ ဒီမှာတင် ကျွန်မလည်း ဆင်ဖြူမရှင်တော့မဟုတ်။ ကြက်ဖြူများရှင် ဖြစ်သွားခဲ့ ရပါတော့တယ်။ ဖြူဖြူဆွတ်ဆွတ်ကြက်ကလေးတွေ အချိန်မှန်အစာကျွေး ရေသောက်ဖို့နဲ့ ကျွန်မမှာလည်း မအားရတော့ပါဘူး။ ကြက်မကဝပ်နေပြီး ကြက်ဥတွေဥပြီဆိုရင်လည်း ကျွန်မတို့နှစ်ယောက်ဟာ ဘယ်တော့ကြက်ကလေး တွေ ပေါက်လာမလဲ အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့ရပါတယ်။ ရက်တွက်ထားပြီး ကြက်ကလေးတွေပေါက်လောက်မဲ့အချိန်ဆို ကြက်ခြံထဲမထားနိုင်တော့ဘဲ ညညမှာ မီးဖိုခန်းထဲ သွင်းထားရ အပူပေးရနဲ့ နှစ်ယောက်သား အလုပ်ကို ရှုပ်နေ ကြတော့တာပေါ့ရှင်။ တစ်သက်နဲ့ တစ်ကိုယ် အဲဒီတုန်းကမှ ကြက်ကလေးတွေ ဥခွံကို 'တောက် တောက်' နဲ့ နှုတ်သီးလေးတွေနဲ့ ဖောက်ပြီး ထွက်လာတာမြင်ဖူးခဲ့ ရပါတယ်။ တစ်ခြံလုံးကြက်ဖြူတွေချည်းပဲ ရှိတဲ့ကြားကတောင် ကျွန်မတို့ နှစ်ယောက် ကြက်တွေကို နာမည်တွေမှည့်ထားတဲ့အထိ ကောင်းကောင်းကြီး မှတ်မိနေကြပါတယ်။ ဖြူဖြူလွလွနဲ့ ရွရွကလေးလှနေတဲ့ ကြက်ဖြူမလေး တစ်ကောင်ဆိုရင် သွားပုံလာပုံကိုက သူ့အလှ မာန်ဝင့်နေတဲ့ပုံ ကျော့ကျော့ ကော့ကော့ကလေးနဲ့ သိပ်ကြည့်ကောင်းလှတာမို့ အဲဒီခေတ် အဲဒီအချိန်က ခေတ်စားလှတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသမီး 'ဖျာပုံမယ်တင်တင်အေး' ပုံစံမျိုး လေးဆိုပြီး သူ့ကို တင်တင်အေးလို့ မှည့်ထားခဲ့ကြတယ်လေ။ ဆရာမင်းညို ဆေးရုံသွားဖို့ လေ့ကားဆင်းဆင်း၊ လေ့ကားကတက်လာလာ၊ ဘယ်သွားသွား နေရာတကာ တစ်ကောက်ကောက်လိုက်နေတဲ့ အမွေးအတောင် မစုံရှာသေးတဲ့ ကြက်ဖထီးကလေးတစ်ကောင်ကိုတော့ သူ့ဆရာက 'ဖင်ပြောင်' လို့ နာမည် မှည့်ထားတယ်လေ။ အဲဒီလို ပျော်စရာ စိတ်ဝင်စားစရာတွေအပြင် တစ်နေကုန် အားလပ်ချိန်တွေမှာTennis ကစား၊ Billiard ကစား၊ ရေကူး၊ မော်ချီး

အောက်ရွာအလည်ရွာ တောင်အောက်ခြေက လော်ခါးလိုရွာ စသဖြင့် အနီးအနား တစ်ပိုက် စစ်ဗိုလ် စစ်သားတွေ၊ အင်ဂျင်နီယာလေးတွေနဲ့ သွားကြ လည်ကြနဲ့ တပျော်တပါး နေနိုင်ခဲ့ကြသလို ည (၇) နာရီထိုးတာနဲ့ ညဘက် အိမ်ပြင် မထွက်ရအမိန့် (Curfew)နဲ့ နေခဲ့ကြရပါတယ်။ စနေနေ့ည ဆိုရင် ကျွန်မတို့ အိပ်ခန်း ပြတင်းပေါက်ကနေ၊ ဂေါ်ရခါးကုန်းဘက် တောင်ခါးပန်းက တစ်ဆင့် မြို့တွေ၊ သစ်ပင်တွေတိုးခွေ့ တွားသွားပြီး တက်လာတဲ့ ကရင်သူပုန်တွေ ကို လရောင်အောက်မှာ ရုပ်ရှင်ကြည့်နေရသလို အမြဲမြင်တွေ နေရတာမို့ ကြာ တော့လည်း ရိုးသွားပါတော့တယ်။ ကင်းချထားတဲ့ မြန်မာစစ်တပ် out post တွေဆီ တက်လာပြီး ပစ်ခတ်နေကြတာတွေ နှစ်ဖက်အပြန်အလှန် ဆဲကြဆိုကြ အော်ကြဟစ်ကြသံတွေဟာ ပထမတုန်းကတော့ ကြောက်စရာ ဖြစ်ခဲ့ပေမဲ့ နှစ်ချီပြီး ကြာလာတော့ မကြောက်တော့တဲ့အပြင် စနေနေ့ညမှာ ပစ်သံခတ်သံ၊ ဆဲသံဆိုသံတွေ မကြားရင် တစ်ခုခုလိုနေသလိုတောင် ဖြစ်နေတတ်ပါသေးတယ်။ ဒါပေမဲ့လည်း နေ့အခါဆိုရင် ပန်းမျိုးစုံ ရောင်စုံချယ်ပြီး တောင်လှေကား အဆင့်ဆင့်နဲ့ လှပတင့်တယ် နေချင့်စဖွယ် နေရာဒေသလေးဟာ ည (၇)နာရီ မှောင်ရီပျိုးတာနဲ့ သူ့အိမ်ကိုယ့်အိမ် ဘယ်မှ မထွက်ရတော့ဘဲ သေနတ်ပစ်သံ ခတ်သံတွေဟာ"နေ့စံပြီး ညခံရတယ်" ဆိုတဲ့ ငရဲတစ်မျိုးပေပဲ လားလို့ တွေးမိခဲ့တာ ဖြစ်ပါတယ်။

တော်သေးတာက၊ အဲဒီအချိန်က မိုင်း အင်ဂျင်နီယာတွေနဲ့ အရာရှိ အားလုံးလိုလိုဟာ အသက် (၂၀)ကျော် လူငယ်တွေချည်းပဲမို့ X' mas အချိန်ဆို လည်း ခရစ်ယာန်တွေများတဲ့နေရာဒေသမှာ အပြစ်အခတ်တွေရပ်ထားပေးတော့ ကျွန်မတို့ မိုင်းအရာရှိတွေက ဦးဆောင်ပြီး Carol Singing ထွက်ကြတာ မှာ အလှူငွေတင်မက ကြက်တွေ၊ ဘဲတွေ၊ ဘဲငန်းတွေပါ အလှူထည့်ကြတာမို့ Boxing Day ကျတော့ Tennis Court ထဲမှာ မီးပုံပွဲကျင်းပပြီး ကြက်ကင်၊ ဘဲကင်တွေစားကြနဲ့ ပျော်ခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ ရိုးရိုးအချိန်ညအခါ တွေမှာတော့ ကျွန်မတို့ နှစ်ယောက်ရဲ့ အိမ်နီးချင်း Mining Engineer

ဦးကျော်ဝင်းက (၇)နာရီကျော်လည်း အိမ်ချင်းက ကပ်ရက်မို့ ကျွန်မတို့ အိမ်ကို ကူးလာပြီး (၃)ယောက်သား အင်္ဂလိပ်စကားလုံး ဆက်ကစားနည်း (Scrabble) ကစားကြတာလည်း ညစဉ်ညတိုင်းလိုပါပဲရှင်၊ မော်ချီးမှာ လအနည်းငယ် ကြာလာတော့ ကျွန်မ အိမ်လွမ်းစပြုလာပြီပေါ့ရှင်။ အဲဒီအခြေအနေသိသွားတဲ့ မိုင်းမန်နေဂျာသတ္တုတွင်း အင်ဂျင်နီယာကြီးက ကျွန်မ မနေချင်တော့လို့ ရန်ကုန် ပြန်ပါတော့မယ်လို့ ပူဆာရင် သူတို့ ရှားရှားပါးပါး ရထားတဲ့ မိုင်းဆရာဝန် လည်းတားလို့ရမှာ မဟုတ်ဘူး။ ပြန်သွားခဲ့ကြရင် နောက်တစ်ခါ ဆရာဝန် ထပ်ရ ဖို့ ခဲယဉ်းမှာ ကြိုစိုးရိမ်ပြီး၊ ကျွန်မကို "အိမ်မှာ တစ်ယောက်တည်း ပျင်းနေရင် မိုင်းရုံး ငွေစာရင်းဌာနမှာ အလုပ်ဝင်လုပ်ပါလား။ ဒီအချိန်က သူ မိုင်းမန်နေဂျာ အာဏာကုန်အပေးနိုင်ဆုံး ဆိုတော့ တစ်နေ့ ၁၀/- စား အလုပ်နေရာမှာ လာလုပ်ပြီး သူတို့ကို ကူညီပါလားလို့ ဆွယ်တရားဟောတော့တာပေါ့ရှင်။ နေရာတကာ စပ်စုချင်လှတဲ့ကျွန်မကလည်း နှစ်ခါထပ်မစဉ်းစားဘဲ မိုင်းရုံး ငွေစာရင်းဌာန စာရင်းကိုင်ချုပ်ဖထီး (ဦးလေးကြီး) ရဲ့သွန်သင်ပြသမှုနဲ့ ငွေစာရင်းဌာနလုပ်ငန်းတချို့မှာ တာဝန်ယူ လုပ်ကိုင်ခဲ့ရပါတယ်။ မိုင်းရုံးမှာက ဌာနတိုင်းလိုလိုမှာ ကရင်မလေးတွေ စာရေးဝန်ထမ်းအဖြစ် ဝင်လုပ်နေကြတာ ဆိုတော့ ကျွန်မနဲ့ အဖွဲ့ကျသွားကြတော့တာပေါ့ရှင်။ ဒါ့အပြင် အဲဒီအချိန်က ကရင်ပြည်နယ် မော်ချီးမိုင်းနဲ့ မဝေးလှတဲ့ သံတောင်မြို့တစ်ပိုက်က တောနက် တွေထဲမှာ 'A woman general with an elephant 'လို့ကရင်လူမျိုးတွေ ကြားမှာ နာမည်ကြီး လေးစားချစ်ခင်နေကြသူဟာ ကျွန်မ တက္ကသိုလ်တုန်းက သိပ္ပံ ပထမနှစ်၊ ဒုတိယနှစ်၊ ၂ နှစ်ဆက်တိုက် တွေ့ဆုံသိကျွမ်း ခင်မင်ရင်းနှီးခဲ့ရတဲ့ ကျွန်မသူငယ်ချင်း နော်လွီဇာဘင်ဆင် (Naw Louisa Benson) ဖြစ်နေ တော့တာကိုးရှင့်။ ကရင်မလေးတွေက ကျွန်မ၊ လွီဇာ့သူငယ်ချင်း ဖြစ်နေတာ အပြင် နေ့လယ် ထမင်းစားချိန်အိမ်ပြန်မစားဘဲ အိမ်ကထမင်းဟင်းတွေ ရုံးလာ ပို့ခိုင်းပြီးကျွေး၊ သူတို့ပါလာတဲ့ ငါးပိရေတို့စရာကို မြိန်ရေယှက်ရေ စားတတ်တဲ့ သူတို့ရဲ့ ဗိုင်းတော်သားတစ်ယောက် အနေနဲ့လည်း ခင်မင်လေးစား နေကြတော့

တာပေါ့။ ဒါတင်မက ဝါဆိုလပြည့်ကျော်တစ်ရက်လို အခါကြီး ရက်ကြီးတွေဆိုရင် မြန်မာပြည်မှာ ဝါဆိုပန်းခူး ထွက်တတ်တာ ပြောပြထားတာမို့ အဲဒီလိုရက်မျိုးမှာ အဖော်တွေနဲ့ တပျော်တပါး ဝါဆိုပန်းခူးထွက် ကြလေ့ရှိပါတယ်။ လှိုင်ကော်က စစ်ဘက်နယ်ဘက် အရာရှိကြီးတွေ မော်ချီးကို စည်းရုံးရေး ဆင်းလာကြရင်လည်း မိတ်ဆွေ ကရင်မလေးတွေကို စည်းရုံးလို့ volleyball ကစားနေတဲ့ကျွန်မက ဦးဆောင်ပြီး ညှိသည် အဖိုးကြီးတွေနဲ့ volleyball ကစားကြတာမှာ ကျွန်မတို့ 'ကညာပျို'အသင်းက 'ဇရာအို' အသင်းကို အပြတ်အသတ် အနိုင်ရခဲ့တာကို လည်း ခုထက်ထိ အမှတ်ထင်ထင် ရှိနေဆဲပါပဲရှင်။

မော်ချီးမိုင်းမှာ (၂)နှစ်ကြာ ကြောက်တစ်ခါ ပျော်တစ်လှည့် ကြုံခဲ့ကြ စဉ်က အမှတ်ရစရာ အတွေ့အကြုံကလေးတွေကတော့ အများကြီးပါပဲ။ ပြောပြရရင် ကုန်နိုင်စရာမရှိတော့တာမို့ မော်ချီးမိုင်းကို မိုင်းဆရာဝန်အဖြစ် ပြောင်းလာခဲ့ပြီး ပထမဆုံး လခရတဲ့နေ့က အဖြစ်အပျက်ကလေးတစ်ခုကို မမေ့နိုင်စရာလေးမို့ မှတ်တမ်းတင်ရပါဦးမယ်။

အဲဒီနေ့က ဆေးရုံကနေပြီး ရုံးဆင်းချိန်မှာ လှေကားတစ်ကွေ့ကို တက်လာခဲ့ပြီး အိမ်ပေါ်ကို ရောက်တာနဲ့ ကျွန်မရဲ့ခင်ပွန်းက ကျွန်မကို စေ့စေ့ ကြည့်ပြီး သိုင်းဖက်ထားရင်းက "ဒါ ငါ ပိုင်တဲ့ မိန်းမ ငါ့မိန်းမ" တဲ့လေ။ ကျွန်မ ကလည်း ရုတ်တရက်ဆိုတော အလန့်တကြားနဲ့ "ဟောတော့ ဘာဖြစ်လာတာလဲ ဘာလဲ" လို့ အလန့်တကြား မေးမိတော့ "ဒီနေ့ ပထမဆုံး လခ ၄၅၀ ကျပ် ထုတ်တယ်လေ(၃၅၀ ကျပ် + ရှားပါးစားရိတ် = ၄၅၀ ကျပ်)။ အဲဒီခေတ်က ပြန်တမ်းဝင် အရာရှိဖြစ်စ လခက မာမီ့ကိုကတော့ House Surgeon ကတည်းက ကန်တော့ငွေပေးနေခဲ့ပေမဲ့ ကိုယ့်ယေက္ခမကြီးတွေကိုတော့ ခုမှ ပေးခဲ့နိုင်ပြီ။ ဒီနေ့လခ ဝင်ပြီးပြီးချင်းပဲ Telex နဲ့ မာမီ့ဆီ ၁၀၀ ကျပ်နဲ့ အန်တီ့ ဆီ ၁၀၀ ကျပ် ပို့ပေးလိုက်ပြီ။ မင်္ဂလာဆောင်တုန်းက ကိုယ့်ပိုက်ဆံနဲ့ မဟုတ်ဘဲ အန်ကယ်နဲ့ အန်တီတို့က အကုန်အကျ ခံခဲ့ရတော့ ကိုယ့်စိတ်ထဲမှာ တာဝန် မကျေပွန်ခဲ့ဘူး။ အဲဒီကိစ္စ ကိုယ့်ငွေနဲ့ သုံးမှ ယူကို ကိုယ်ပိုင်မှာ။ ငါ အလုပ်ရတာနဲ့

စပြီး ပြန်ဆပ်မယ် ဆိုတာ ကိုယ့်ရင်ထဲမှာ အမြဲရှိနေတာ။ အဲဒီအချိန် မရောက်မချင်း ယူကို ကိုယ်မပိုင်သေးဘူးလို့ပဲ စိတ်ထဲမှာ ဖြစ်နေတာ။ ဒီနေ့တော့ ပထမဆုံး တစ်ကြိမ် အောင်မြင်သွားလို့ ခုမှ စိတ်ချလက်ချ ယူ့ကို ကိုယ်ပိုင်ပြီလို့ ပြောနိုင်တာ" လို့ အားမာန်အပြည့်နဲ့ သူ ပြောနေပုံကို ကျွန်မ တအံ့တသြနဲ့ သာကြည့် နေမိခဲ့ရပါတော့တယ်ရှင်။

ဒါပေမဲ့ သိပ်မကြာခင်မှာပဲ သူ ပို့လိုက်တဲ့ငွေ ပြန်ရောက်လာပြီး "ဖေဖေ မေမေတို့ အလုပ်က ပင်စင်ယူပြီး ဝင်ငွေမရှိတဲ့အခါကျမှပဲ သား၊ သမီးတို့ဆီက ကန်တော့ငွေ လက်ခံမယ်။ ခုတော့မင်းတို့ သုံးစရာရှိတာသုံးကြဦး" ဆိုတဲ့စာရခဲ့လို့ တုန္နိုင်းမမှီတဲ့ မိဘတို့ရဲ့မေတ္တာကို ပို၍ပို၍ သိလာခဲ့ရပါတယ်။ အဲဒီလိုမျိုး အနေဝေးပေမဲ့ ရင်အေးစေတဲ့၊ အေးမြတဲ့ မိဘမေတ္တာ၊ ညာတာ ထောက်ထားခြင်း များစွာနဲ့ ယုယကြင်နာ ချစ်ခြင်းမေတ္တာတွေ အနန္တနဲ့ ပြည့်ဝ နေတဲ့ခင်ပွန်းသည်ရဲ့ မြင့်မြတ်သန့်စင်တဲ့ စိတ်ထားတွေကြောင့် သည်းထိတ်ရင်ဖို စရာ အန္တရာယ်တွေကြားမှာပေမဲ့ စိတ်၏ချမ်းသာခြင်း အတိပြီးခဲ့ရတဲ့ အဲဒီအချိန်၊ အဲဒီနေရာကလေးကိုတော့ ခုဒီစာရေးနေချိန် အိမ်ထောင်သက် အနှစ် (၅၀)ပြည့် ခါနီးအထိ ကျွန်မ တစ်သက်တာမှာ အခိုင်မာဆုံး စွဲထင်မှတ်မိနေခဲ့ရတဲ့ အဖြစ်လို့ မှတ်တမ်းတင်လိုက်ရပါတယ်ရှင်။

* * *

## ၁၉၆၈

မော်ချီမိုင်းမှာ (၂)နှစ်ကြာ ပျော်တစ်ခါ ကြောက်တလှဲ့နဲ့ နေခဲ့ကြရပြီးမှာတော့ အနေအထိုင် အစားအသောက် ရာသီဥတုကအစ England နိုင်ငံနဲ့အတော်တူလှတဲ့ Mawchi Mine နဲ့ လုံးဝမတူ တစ်မူ ထူးခြားတဲ့ မြန်မာပြည်အထက်ပိုင်းက ငါန်းဇွန်ဆိုတဲ့ မြို့ကလေးကို မြို့နယ်ဆရာဝန်အဖြစ် ပြောင်းခဲ့ရပြန်ပါတယ်။ စစ်ကိုင်းမြို့တစ်ဖက်ကမ်းက ငါန်းဇွန်မြို့ကတော့ နွေရာသီဆို သဲချောင်းတွေထဲ ကားဖြတ်မောင်းသွားရသလို ကျွန်မ ခင်ပွန်း မြို့နယ်ဆရာဝန်အဖြစ် ရထားတဲ့ ဝီလီဂျစ်ကားကိုလည်း လှည်းလမ်းကြောင်းမှာ လှည်းဘီးတွေအသွားများလို့ ဘောင်နှစ်ဖက်ဖြစ်နေတဲ့ အပေါ်မှာတင်ပြီးမောင်းရတဲ့အခြေအနေမျိုးပေါ့ရှင်။ ငါန်းဇွန်ရောက်တော့ ဦးမင်းညိုက အရင်မြို့နယ်ဆရာဝန်တွေ နေသွားခဲ့တဲ့ မြို့ထဲမြို့လယ်က နှစ်ထပ်အိမ်မျိုးတွေမှာ မနေတော့ဘဲ ဆေးရုံနဲ့ နီးနီးမှာရှိတဲ့ ဆီစက်ဝင်းကြီးတစ်ခုထဲက ထရံကာ၊ အုတ်ခဲခင်းတစ်ထပ်အိမ်ကလေးကိုပဲ ငှားထားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖေဖေက နမ္မတူ ဘော်တွင်းမိုင်းကနေအငြိမ်းစားယူခဲ့ပြီမို့ မေမြို့တပ်မတော်ဧည့်ဂေဟာလမ်းက 'Franconia'အိမ်ကြီးကို ဝယ်ယူရောက်ရှိနေကြပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မမိဘတွေအကြောင်းလေးတော့ နည်းနည်းမှတ်တမ်းတင်ရပါဦးမယ်။ 'ကျွန်မဘဝ အမှတ်တရတွေ' ကို စရေးခဲ့တဲ့အစပိုင်း ချောက်မြို့မှာ ဖေဖေ အလုပ်စလုပ်ခဲ့ကတည်းက ဖေဖေ တာဝန်ကျရာနေရာတွေမှာ သက်ဆိုင်ရာဌာန

က ပေးတဲ့ အိမ်ကြီးတွေမှာ သက်သက်သာသာ ခမ်းခမ်းနားနား နေခဲ့ရပေမဲ့ ကိုယ်ပိုင်အိမ်ဝယ်နိုင်တဲ့ အခြေအနေမျိုးမရှိခဲ့ပါဘူး။

ဌာနကပေးထားတဲ့ အိမ်တွေမှာပဲနေပြီး သားသမီး တပြုံတမကြီးကို လူတန်းစေ့ အခြေအနေမက အဆင့်အတန်းမြင့်မြင့်ထားပေး၊ ပညာသင်ပေးခဲ့တာဖြစ်ပါတယ်။ တစ်ခုကတော့ ဖေဖေရဲ့ ခံယူချက်အရ ရုံးကားကိုတော့ အိမ်သားတွေ အသုံးမပြုစေဘဲ အိမ်အတွက် ကိုယ်ပိုင်ကား ဝယ်ပေးထားခဲ့ရှာပါတယ်။ နမ္မတူက အငြိမ်းစားယူခဲ့တော့မှသာ သူတို့ရဲ့ အိမ်ထောင် တစ်သက်လုံးမှာ ပထမဆုံးအနေနဲ့ မေမြို့က (၂) ကေကျယ်ဝန်းတဲ့ခြံကြီးထဲက နှစ်ထပ်အိမ်ကြီးတစ်လုံး စိတ်ကြိုက်ဝယ်ယူခဲ့တော့တာ ဖြစ်ပါတယ်။ ဂေါက်ကွင်း 11th Tee ခုံရဲ့ ရှေ့တည့်တည့်မှာ အိမ်ကရှိနေတာမို့ Golf အမြဲကစားတဲ့ ဖေဖေ့အတွက် ဒါပထမဆုံး အကြိမ် အခွင့်ထူး ခံစားခဲ့ရတော့တာပဲ ဖြစ်ပါတယ်။

ဖေမေ၊ မေမေတို့ကလည်း မေမြို့ရောက် ကျွန်မတို့ကလည်း စစ်ကိုင်းတိုင်းက ငါန်းဇွန်မြို့ရောက် ဆိုတော့ ခရီးကအတော်ကြီးနီးသွားပြီ ဖြစ်ပါတယ်။ ဒီတော့ နို့ဆီ၊ ထောပတ်ပေါတဲ့ ငါန်းဇွန်ကို ဖေဖေ၊ မေမေနဲ့ မောင်နှမတွေ လွယ်လွယ်ကူကူ လာလည်နိုင်ကြသလို ရာသီဥတု ပူလွန်းတဲ့ဒါဏ်မခံနိုင်တဲ့ ကျွန်မကိုလည်း ခင်ပွန်းသည်က မေမြို့ကို ပို့ပို့ထားတတ်ပါတယ်။

ငါန်းဇွန်ရောက်တော့ ဆရာမင်းညိုခမျာ၊ မြို့နယ်ဆရာဝန်ပီပီ တစ်ချိန်လုံး UNICEF ဂျစ်ကားကို လှည်းလမ်းကြောင်းမှာမောင်းပေးတာစီးပြီး တောဘက် နယ်ဘက်ရွာတွေမှာ လုံ့လစိုက်လို့ ဆေးလည်းကု၊ ပြဿနာတွေလည်းဖြေရှင်းနဲ့ မအားရအောင်ပါပဲရှင်၊ ကျွန်မကတော့ ဘယ်နေရာမဆို ပျော်အောင်နေတတ်သူမို့ ဆီစက်ဝင်းထဲက စက်ပိုင်ရှင်ရဲ့ တူတော်သူ ဦးကြည်မိသားစုတွေ၊ အိမ်နဲ့အနီးမှာရှိတဲ့ ဆေးရုံက ဆရာမနဲ့ အမှုထမ်းတွေ တစ်သိုက်ကြီးနဲ့ အဖွဲ့ကျနေခဲ့တာပါပဲ။ ရေချိုးချိန်ဆိုလည်း အိမ်မှာ ရေချိုးခန်းကလေးနဲ့ ရေအပြည့်ဖြည့်ပေးထားလည်း အိမ်မှာရေမချိုးဘဲ၊ စက်ဝင်းထဲမှာနေတဲ့ (၁၀၊ ၁၁)နှစ်ရွယ် ကလေးမလေးတွေ၊ ဆေးရုံက အချိန်အားရတာနဲ့ ကျွန်မ အိမ်

ရောက်နေတတ်တဲ့ ထမီနီဝတ် သူနာပြုဆရာမနဲ့ Menials မိန်းကလေးချောချောလေးတို့နဲ့ တစ်ပြုံတစ်စုကြီး စက်ဝင်းအစွန်က ရေတွင်းမှာ သွားသွားချိုးကြတာလည်း ဘေးကကြည့်ရတဲ့သူတွေတောင် ပျော်နေကြပါတော့တယ်။

ငါန်းစွန်ရောက်တော့ ကျွန်မတို့ကို ချက်ပြုတ်ကျွေးဖို့ လက်တိုလက်တောင်း အားကိုးနိုင်ဖို့ ကလေးမတစ်ယောက်ရခဲ့ပြန်ပါတယ်။ သူကတော့ သီလရှင်လူထွက် 'မပိုင်'ပါတဲ့ သီလရှင်က ထွက်ခါစမို့ ဆံပင်ကလည်း မတိုမရှည်၊ ထမီကို ရေသီနားဆွဲဝတ်ပြီး ခုံဖိနပ်အမြီးပါးကို ဒရွတ်ဆွဲစီးထားတတ်တဲ့ မပိုင်တစ်ယောက် ဆီစက်ကို စောင့်ရှောက်နေတဲ့ ပိုင်ရှင်ရဲ့ တူတော်သူအိမ်ကနေငရုပ်ဆုံတို့လို ပစ္စည်းတစ်ခုခု ယူလာခဲ့ပြီဆိုရင် ခေါင်းပေါ်မှာရွက်ပြီး တစ်လှမ်းခြင်း လျှောက်လှမ်းလာတတ်လေ့ရှိတာကို ကျွန်မခုချိန်အထိ မျက်စေ့ထဲမြင်ယောင်နေမိပါတယ်။ သူ့ရဲ့ ပုံပန်းမကျ သွားလာလှုပ်ရှားပြောဆိုနေပုံတွေကိုရွဲ့ပြီး ဆရာမင်းညိုက သီလရှင်လူထွက် ဖန်ကတုံး ဆံပင်ပေါက်စ ဆိုပြီး သူ့အကြောင်းပြောရင် "လေဒီဖန်ကတုံး" လို့ခေါ်ရင်းက "ယူ့လေဒီက ဘာလုပ်ပြန်ပြီ၊ လေဒီ တစ်ယောက်တော့ ဘာဖြစ်ပြန်ပြီ"နဲ့ပြောတတ်တာကို သူလည်းနားစွန်းနားဖျား ကြားဟန်တူပါရဲ့။ ဦးကြည် ဇနီးကို "ဒေါ်ခင်မြင့်ရဲ့ ဆရာကကျွန်မကို အင်္ဂလိပ်နာမည်ပေးထားတယ်တော့"လို့ ပြောဆိုပဲရှင်။ အဲဒီ 'လေဒီ' ဟာ ကျွန်မကို ရန်ကုန်ပြန်ပြောင်းလာတော့ တစ်ပါတည်းလိုက်လာခဲ့တာမှာ ရန်ကုန်မြို့၊ ရန်ကင်းရောက်တော့ ဈေးဝယ်အချက်အပြုတ် တော်လှတာမို့ ဆွေမျိုးတစ်သိုက် မပိုင်ကိုပဲ ဈေးမှာ ဝယ်ခြမ်းခိုင်းနဲ့ ငါန်းဇွန်က လေဒီ တစ်ယောက် ရန်ကုန်ရောက်တော့ အတော်ပေါ်ပြူလာဖြစ်သွားခဲ့ပါရောလားရှင်။

ငါန်းစွန်မှာ (၇)လလောက်ပဲနေလိုက်ရပါတယ်။ ရာသီဥတုကလည်း ပူလွန်းတဲ့အပြင် ဒါးခုတ်မှု၊ ပလိပ်ရောဂါ၊ ဝမ်းရောဂါတွေကို နေ့စဉ်နဲ့အမျှ ကုသဖြေရှင်းပေးနေရတဲ့ ခင်ပွန်းသည်ရဲ့ ပင်ပန်းဆင်းရဲမှုတွေ၊ ဖုန်ထူလွန်းတဲ့ ဒဏ်ကြောင့် ရင်ကြပ်တဲ့ရောဂါတောင်ရလာခဲ့တဲ့ ဆင်းရဲမှုတွေကိုလည်း စိတ်မသက်မသာမြင်တွေ့နေခဲ့ရပါတယ်။ တစ်နေ့ ရန်ကုန်ကို ခဏအလည်သွားချိန်

မှာ ဦးမင်းညိုကို ခင်မင်တဲ့ဆရာကြီးတွေက အခြေအနေတွေသိတော့ မော်ချီမိုင်းမှာလည်း သက်စွန့်ဆံဖျားနေခဲ့ကြရပြီးပြီ၊ ခုလည်း ရာသီဥတုပူပြင်းလှတဲ့အပြင် ဒါးခုတ်မှု၊ လူသတ်မှု၊ ကပ်ရောဂါဘေးတွေနဲ့ အနေဆင်းရဲလှတဲ့ နေရာမှာ ရောက်နေပြန်လို့ ရန်ကုန်က ဘယ်မှမပြောင်းချင်ရင်တော့ ဆေးသုတေသနဌာနမှာ နေရာရှိတယ်လို့ ဆိုခဲ့ကြရာက တိုတိုပြောရရင် ကျွန်မတို့နှစ်ယောက် ရန်ကုန် ပြန်ရောက်ခဲ့ကြတော့တာပါပဲ။

ရန်ကုန်ဆေးသုတေသနဌာန Epidermiology ဌာနမှာ ခင်ပွန်းသည် (၄)နှစ်လောက် တာဝန် ထမ်းဆောင်နေချိန်မှာ အငြိမ်မနေတတ်တဲ့ ကျွန်မလည်း ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းက 'နိုင်ငံခြားဘာသာသိပ္ပံ'မှာ ပြင်သစ်ဘာသာ ဒီပလိုမာသင်တန်း (၂)နှစ်တက်ပြီး Diploma ရအောင် ယူခဲ့လိုက်တာ နောင် BBC World Service က အလုပ်ခန့်စာရလို့ England နိုင်ငံ၊ London မှာ အလုပ်လုပ်ဖို့ နိုင်ငံကူးလက်မှတ်လည်း လျှောက်ရော၊ BA ဘွဲ့အတွက်တင်မက ပြင်သစ်ဘာသာ ဒီပလိုမာ အတွက်ပါ လျော်ကြေးငွေ ပေးဆောင်ခဲ့ရပါရောလားရှင်၊ ဒီတုန်းက ကိုယ့်နိုင်ငံက တက္ကသိုလ်တွေမှာ အခမဲ့ ပညာသင်ခဲ့ကြပြီး နိုင်ငံအတွက် သတ်မှတ်ထားတဲ့ အချိန် အပိုင်းအခြားအတိုင်း အမှုမထမ်းခဲ့သူတွေ တခြားမှာ အလုပ်သွားလုပ်ရင် နိုင်ငံက အလကားသင်ပေးထားတဲ့ ပညာသင်ကြေးအတွက် လျော်ကြေးငွေတွေ ပေးရတဲ့စနစ် ရှိခဲ့တာဖြစ်ပါတယ်။

ဆေးသုတေသနဌာနမှာ အလုပ်လုပ်နေရင်းက အပြင်ဆေးခန်းလည်း မထိုင်ဖြစ်၊ သုဝဏ္ဏအိမ်ယာဆောက်လုပ်ရေးလုပ်ငန်းမှာ စနေ၊ တနင်္ဂနွေ ဆေးခန်းသွားထိုင်ပေးပြီး လုပ်အားပေးခဲ့လို့ ရထားတဲ့ ရန်ကင်းတိုက်လေးလုံး UBA တိုက်၊ မြေညီထပ်တိုက်ခန်းမှာ သူ့မိဘညီအစ်ကိုမောင်နှမတွေ ကျွန်မတို့ မောင်နှမတစ်တွေနဲ့ နီးနီးနားနား သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ကြီး နေခဲ့ကြလို့ ပိုက်ဆံရှာရမှန်း၊ စုရမှန်းလည်း မသိခဲ့ပါဘူး။

ဒါပေမဲ့ တစ်နေ့တော့ ဆရာမင်းညိုနဲ့ ဆေးကျောင်းမှာ ခင်မင်ခဲ့ပြီး

သူကိုယ်တိုင်က ကျောင်းမပြီးခင်ကတည်းက စေတနာဆရာဝန်လည်းဖြစ်၊ မိသားစုဝမ်းရေးလည်း ဖြေရှင်းပေးနေရတဲ့ ဆရာဝန် သူငယ်ချင်းတစ်ယောက်က သူတော့ နယ်ဆေးရုံပြောင်းရတော့မယ်၊ ဆင်းရဲလှတဲ့ လူနာတွေကို အသပြာ အဓိကမထားဘဲ စေတနာနဲ့ ကုပေးနေတဲ့ဆေးခန်းကို ဒီသူငယ်ချင်းကိုပဲ ယုံကြည်စိတ်ချလို့ ပေးခဲ့ပါရစေ။ သူ့ရဲ့ဆင်းရဲလှတဲ့ လူနာတွေကိုဆက်ပြီး ကုသ စောင့်ရှောက်ပေးပါဆိုပြီး ဆေးခန်းတစ်ခုလုံး ထိုးအပ်သွားပါတော့တယ်။ ဒီတော့ ရုံးနဲ့တာဝန်ကလွဲလို့ သွားလေရာ ကျွန်မပါ ပါစေတတ်တဲ့ အိမ်ကဆရာကြီးရဲ့ ဆေးခန်းကို ကျွန်မပါလိုက်ပြီး တာဝန်ထမ်းဆောင်ရပြန်တာပေါ့ရှင်။

ဆေးစပ်၊ ဆေးပေးသူတစ်ယောက် လက်တိုလက်တောင်း သူငယ်လေး တစ်ယောက်နဲ့ ကျွန်မတို့ နှစ်ယောက် သယ်န်းကျွန်းက ဆေးခန်းလေးထဲမှာ လက်မလည်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဖြစ်ပေမပေါ့ရှင်။ ဒီတုန်းက တခြား ဆေးခန်းတွေက ဆေးတစ်လုံးထိုး၊ သောက်ဆေးလိမ်းဆေးကို ၅ ကျပ်၊ ၁၀ကျပ် ယူနေချိန်မှာ ဆရာမင်းညိုက ဆေးကုခန်းထဲကနေ ထိုးဆေး၊ စားဆေးဖိုး အတိအကျတွက်ပြီး စာရွက်ကလေးပေါ်မှာ ရေးပေးလိုက်လို့ ကြည့်လိုက်ရင် ၂ ကျပ်၊ တစ်မတ်ဆို ကျွန်မက တစ်မတ်လောက်နဲ့ ရှုတ်ပါတယ်ဆိုပြီး ၂ ကျပ် ပဲယူလိုက်တာတို့ ၃ ကျပ်၊ ၁၀ ပြားဆို ၃ ကျပ် ယူလိုက်တာတို့နဲ့ အားလုံးက ကျွန်မတို့နှစ်ယောက်ကို တအံ့တဩ ဖြစ်နေကြပါတော့တယ်။ ဒါပေမဲ့ အဲဒီ စေတနာ မေတ္တာတွေကြောင့်ပေလားမသိ၊ သယ်န်းကျွန်း ဆေးခန်းမှာစလုပ်တော့ ကိုကိုကြီးဇနီး မမအေး ဆီက ငွေချေးပြီး ဝယ်ထားရတဲ့ စကိုဒါ (2) door ကားဖိုး ခဏကလေးနဲ့ အကြွေးကျေသွားခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ နှစ်ယောက်စလုံးနဲ့အတူ ဆေးစပ်ဆရာ Bobby နဲ့ ဆေးခန်းအကူ လက်တို လက်တောင်းကလေး၊ ပန်းနာရင်ကျပ်ရောဂါသည်လေးမို့ Esthma လို့ခေါ်တဲ့ သူငယ်ကလေးတို့တစ်တွေ ကုသိုလ်လဲရ၊ ဝမ်းလည်းဝ လုပ်နေကြတာ ၃၊ ၄ နှစ်လောက်တော့ရှိမယ် ထင်ပါတယ်။ အဲဒီလို နေနေကြရာက အသပြာ ဆရာ ဝန် မဟုတ်ဘဲ စေတနာဆရာဝန် လုပ်နေရပေမဲ့ ပညာကိုသာ တန်ဖိုးထားတဲ့

ကျွန်မခင်ပွန်းဟာ ရုံးဝန်ထမ်းလို မနက် ၉ နာရီရုံးတက်၊ ညနေ ၄ နာရီပြန်၊ ညနေ ၆ နာရီကနေ ည ၉၊ ၁၀ နာရီအထိ ဆေးခန်းထိုင်နဲ့ ဘာပညာမှလည်းမရ ဝါသနာပါလှတဲ့ ခွဲစိတ်ကုသမှုတွေလည်း မလုပ်ရမို့ Clinical ဘက် ပြန်သွားတော့မယ်ဆိုပြီး ဆေးရုံဘက်ပြန်လျှောက်လိုက်တာ ကသာပြည်သူ့ ဆေးရုံ TMO အဖြစ် ပြောင်းရွှေ့ခဲ့ကြရပြန်ပါတော့တယ်ရှင်။

ကသာရောက်တော့လည်း ကျွန်မတို့ထုံးစံ ဆရာမတွေ၊ မိတ်ဆွေတွေနဲ့ သွားကြ လာကြ၊ စားကြ သောက်ကြနဲ့ ပျော်ပျော်ပါးပါးပါပဲ။ သယ်န်းကျွန်း ဆေးဆိုင်ဖွင့်တုန်းက လူနာတစ်ယောက်ရဲ့ သမီးလေးက ကျွန်မကို မြင်မြင်ခြင်း ခင်မင်ပြီး သူ့အဖေဆုံးသွားအပြီးမှာ ကျွန်မက "မမနဲ့ လိုက်နေမလား"ဆိုတော့ ချက်ချင်း လိုက်မယ်ဖြစ်ပါလေရော။ အမေကလည်း သဘောတူနေလို့ "နေပါဦး ကျွန်မ ကျောင်းစုံစမ်းပါဦးမယ်။ နှစ်တစ်ဝက်ကြီးမှာ ကျောင်းတွေက လက်ခံပါ့ မလား မေးပြီး အဆင်ပြေမှ ခေါ်ပါမယ်"လို့ ပြောခဲ့ရပါတယ်။ နောက်တစ်နေ့မှာ ဘဲ စုံစမ်းတော့ ရန်ကင်း ကျောက်ကုန်းရပ်ကွက်က St. Michael ကျောင်းမှာ လက်ခံမယ်လို့ သတင်းကောင်းကြားရတာနဲ့ ကလေးမလေးကို သွားခေါ် လာခဲ့ရာ ကနေ ဒေါက်တာမင်းညို ဒေါ်ခင်မြဆွေတို့မှာ 'သူဇာဝင်း'ဆိုတဲ့သမီးတစ်ယောက် ရလာခဲ့ပါတယ်။ အဖေအရင်းရဲ့ နာမည်မပျောက်ပျက်စေဘဲ၊ ပညာပြည့်စုံရင် အမေမုဆိုးမကြီးနဲ့ မောင်လေးကို ပြန်ကြည့်စေချင်တဲ့ စေတနာနဲ့ 'သူဇာဝင်း' ဆိုတဲ့ ကလေးမလေးကို ကျောင်းလည်းထားပေး၊ အိမ်မှာလည်း ကိုယ်တာဝန် ကျေသလို သူဇာလည်း တာဝန်ကျေရမယ်လို့ သွန်သင်စည်းကမ်းပေးထားခဲ့တာ ဖြစ်ပါတယ်။ သူဇာကလည်း အိမ်အလုပ်တွေဝိုင်းကူသလို စာလည်းတော်တာမို့ သူ့တာဝန်ကျေတယ်လို့ ဆိုရပါမယ်။ ပညာတင်မက ကျောင်းကပွဲတွေမှာလည်း ရခိုင်က ကဖို့ တာဝန်ကျလည်း ရခိုင်သီချင်း ပီပီပြင်ပြင်ဆိုပြီး ကနေတဲ့ ကလေးမ လှလှကလေးကို ကျွန်မ ခုထိ မျက်စေ့ထဲမှာ မြင်နေမိဆဲ ဖြစ်ပါတယ်။ ရန်ကုန် ကနေ ကသာပြောင်းတဲ့အထိ သူဇာ ကျွန်မတို့နဲ့ အတူပါလာပါသေးတယ်။ ကသာမှာ (၅)တန်းတက်နေတုန်း သူ့အမေဆုံးသွားလို့ အကိုကြီး (အဖေတူ

အမေကွဲ)က လာခေါ်သွားရာကနေ ပြန်မလာတော့ဘဲ ကျွန်မတို့နဲ့ ရေစက်ကုန်သွားခဲ့ရတာပါပဲ။ ဒီတုန်းကသာ အစ်ကိုကြီးနောက် ပါမသွားရင် အဲဒီနောက် (၃)နှစ်ကျော်ကျော် ကျွန်မ BBC World Service မှာ အမှုထမ်းရာ UK ကို လာခဲ့ရရာမှာ သူဇာလည်း ကျွန်မတို့သမီးအဖြစ် ပါလာခဲ့မှာ ဖြစ်ပါတယ်။

* * *

## ကသာ (၁၉၇၄-၇၅)

ကသာမြို့မှာ ဆရာမင်းညို မြို့နယ်ဆရာဝန် (TMO)အဖြစ် တာဝန်ကျ နေချိန်မှာလည်း အရင်ခေတ် အရေးပိုင် (DC)တွေ ခရီးထွက်ရင် စီးဖို့ ပေးထားလေ့ရှိတဲ့ အဲဒီအချိန်ကတော့ မြို့နယ်ကောင်စီဥက္ကဋ္ဌရဲ့ မော်တော်နဲ့ ရွှေလီမြစ်ရိုးတစ်လျှောက်က ဆင်းရဲလှတဲ့ ရွာကလေးတွေမှာလိုက်ပြီး ဆေးကု ပေးခဲ့ကြရပါတယ်။ 'သူဇာ'မရှိတော့တဲ့အချိန် အိမ်မှာတစ်ယောက်တည်း မနေခဲ့ရဲတဲ့ သူရဲကောင်း ကျွန်မလည်း "ဆင်ပြောင်ကြီး သွားရာ ဆင်မယဉ်သာ လိုက်ပါရစမြဲသာ"ဆိုသလို အမြဲလိုက်လိုက်သွားလေ့ရှိပါတယ်။ ဒါပေမဲ့ လိုက်ရ ကျိုးနပ်အောင်လည်း ကျွန်မ စေတနာ့ဝန်ထမ်းအဖြစ်နဲ့ ကုသိုလ်တွေရအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒီအချိန်က နယ်ဘက်တွေမှာ ဆေးဆရာဝန်၊ သူနာပြု ဆရာမတွေ ခပ်ရှားရှားမို့ ဆရာဝန် နယ်ထွက်ဆေးကုရင် နယ်ဘက်ပိုင်းက ထမိအနီဝတ် သူနာပြုဆရာမလေးတွေ လိုက်သွားတတ်ကြရတာမို့ သူတို့တာဝန် ကျနေရာ ရွာတွေမှာ အရေးပေါ်ကိစ္စဖြစ်ရင် ဆေးကုပေးမဲ့သူ မရှိ ဖြစ်နေ တတ်ကြတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာမင်းညို နယ်ထွက်ရင် အလကားလိုက်သွားမဲ့အစား ကွန်ပေါင်ဒါနဲ့တွဲပြီး ဆရာမလေးတွေနေရာမှာ အစားဝင်တာဝန်ယူပေး သောက်ဆေး၊ စားဆေးတွေ ဖြန့်ဝေပေးတဲ့တာဝန်ကို ကျွန်မ ယူပေးခဲ့ပါတယ်။ ဒီတော့ ဆရာမလေးတွေ သူတို့ရွာက တာဝန်တွေ မလစ်ဟင်းတော့ဘူးပေါ့ရှင်။ မသိနားမလည်ရှာတဲ့ တောသူ တောင်သားအဖိုးအို

အဖွားအိုတွေကို သောက်ရမဲ့ဆေးတွေ သေသေချာချာ ပြပေးပြောပေးနဲ့ စိတ်ပါလက်ပါ တာဝန်တွေမှုဝေယူခဲ့ရာမှာ ပထမဦးဆုံး ခရီးစဉ်မှာတော့ လူနာစာရင်း စာအုပ် မှတ်တမ်းထဲမှာ နာမည်တွေနဲ့ ဆေးတွေစာရင်းမှတ် ရှင်းပြလုပ်နေရာက အမှတ်စဉ် (၁၀၀)လည်း ရောက်ရော ကျွန်မလည်း အစာမရှိတာရော၊ ပင်ပန်းတာပါရောပြီး ခေါင်းတွေ အကြီးအကျယ်ကိုက်ပြီး လဲတော့တာပါပဲ။ ဆေးအဖွဲ့ကို ရှေ့တန်းတင်ပြီး စည်းရုံးရေးဆင်းလာတဲ့ ဥက္ကဋ္ဌလည်း အကြီးအကျယ် လန့်ဖြန့်သွားပြီး နောက်ရွာတစ်ရွာကို သင်္ဘောဆိုက်လို့ ဆေးအဖွဲ့ စခန်းချမဲ့ အိမ်ရောက်တာနဲ့ စားစရာ အဆင်သင့် လုပ်ထားပေးရှာပါတော့တယ်။

ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် ဆန်လုံးညိုတွေနဲ့ မြစ်ထဲက ကြိမ်ပင်တွေကိုပဲ ဟင်းအဖြစ် စားနေကြရတဲ့ ဆင်းရဲနွမ်းပါးလှတဲ့ လူတစ်စုရဲ့ ဘဝကို ပထမဆုံးအကြိမ် ကျွန်မ မျက်ဝါးထင်ထင် တွေ့မြင် သိရှိခဲ့ရပါတယ်။ ရိုးသားလိုက်ကြတာကလည်း မပြောပါနဲ့တော့ရှင်။ ဆေးအဖွဲ့ ပထမဆုံး ရောက်တဲ့ရွာ မော်တော်ကမ်းကပ်လိုက်တာနဲ့ ဆေးကုသခံရဖို့ အမျှော်ကြီး မျှော်နေကြတဲ့ လူနာတွေခမျာ ဝမ်းသာအားရ ဆီးကြိုကြပါတယ်။ ဆရာမင်းညိုတို့ ဆေးအဖွဲ့ စခန်းချမယ့် အိမ်ပေါ်ကိုရောက်တာနဲ့ ပထမဆုံးဦးအောင် ရောက်လာသူကတော့ မေးကြောအဆစ်လွဲပြီး ပါးစပ်ကြီးပိတ်မရဘဲ (၃)ရက် လုံးလုံး သွားရည်တွေ တမျှားမျှား ဖြစ်နေတဲ့ လူနာအဖွားအိုကို ဦးမင်းညိုက "ကဲ. . . လာလာ ကျွန်တော် ကုပေးမယ်"ဆိုပြီး ဆေးပညာအသိ၊ စေတနာအပြည့်နဲ့ လူနာရဲ့ မေးရိုးကို အသာစမ်းကိုင်ပြီး လွဲနေတဲ့ မေးရိုးတွေကို ဆတ်ခနဲ ပြန်တည့်ပေးလိုက်တော့ အထက်အောက်မေးရိုးနှစ်ခု ချက်ချင်းပြန်တဲ့သွားပြီး ပါးစပ်လည်း ပိတ်လို့ဖွင့်လို့ ရသွားပါရောရှင်။

လူနာခမျာ (၃)ရက်လုံးလုံး ဒုက္ခတွေခံနေရရာက ရုတ်တရက် ချက်ချင်းကြီး ကောင်းသွားတာမို့ "အမယ်လေး ခုမှ သိကြားမင်းနဲ့တွေ့တာ သိကြားနဲ့တွေ့တာ"နဲ့ ဝမ်းသာအားရပြောနေပုံတွေဟာ ပီတိတွေ ဖြစ်ခဲ့ရပါတယ်။ အဲဒီ ရွှေလီမြစ်ရိုးတစ်လျှောက် ရွာတွေက ဆင်းရဲရိုးသားလှတဲ့ သူတွေကို

ကိုယ်တိုင်မြင်တွေ့ခဲ့ရတော့ စိတ်ထဲမှာ "တစ်နေ့ ကိုယ့်ဘဝ အခြေတကျ ဖြစ်လာချိန်မှာတော့ ဒီနေရာက လူတွေအတွက် အချိန်ပေးပြီး ကူညီမယ်" လို့ တွေးမိခဲ့ပါတယ်။ ဒါပေမဲ့ အခြေအနေ၊ အချိန်အခါတွေက ကိုယ်ဖြစ်ချင်တိုင်းလည်း ဖြစ်မလာခဲ့ လေတော့ အခုအချိန်အထိ အဲဒီနေရာတွေဘက် တစ်ခါတစ်ခေါက်မှ ပြန်မရောက်ခဲ့ရတော့ပါဘူးရှင်။

အတိုချုံးလိုက်ရရင်တော့ ကသာမှာ တစ်နှစ်ကျော်ကျော် လောက်ကြာသွားခဲ့ပါတယ်။ အဲဒီ အချိန်အတွင်း အင်းတော်ဆိုတဲ့ မြို့ကလေးနဲ့ အခုရွှေတွေထွက်နေတယ်ဆိုတဲ့ ဗန်းမောက်မြို့တို့မှာလည်း Relieving ဆရာဝန်အဖြစ် ၂ လ-၃ လ စီသွားနေခဲ့ရဖူးပါတယ်။

* * *

## ၁၉၇၅-၇၇ မန္တလေး

အဲဒီနောက်မှာတော့ ဆရာမင်းညို ဘွဲ့လွန်သင်တန်းတက်ဖို့ မန္တလေး ပြည်သူ့ဆေးရုံကြီးကို ပြောင်းခဲ့ကြရပါတယ်။ (၁၉၇၅)လောက်မှာ ဖြစ်ပါတယ်။ မန္တလေးမှာ ဘွဲ့လွန်အတွက် ဆရာကြီး OG ဦးစိုးမြင့်ရဲ့ အနီးကပ် သင်ကြား ပြသပေးမှုတွေရခဲ့ရတဲ့အတွက်လည်း ဆရာကြီးရဲ့ကျေးဇူးတွေဆပ်လို့ မကုန်နိုင် လောက်အောင် ဖြစ်ခဲ့ရပါတယ်။ ခင်ပွန်းသည်က သူ့အပိုင်း သူ ကြိုးစားနေချိန် ကျွန်မမှာတော့ လက်တို လက်တောင်းအဖော်လည်းရစေဆိုပြီး ပအိုဝ် နယ်က ရောက်လာတဲ့ကလေး ကျွန်မတို့ကျောင်းထားပေးတဲ့ အသက်(၉)နှစ် (၁၀)နှစ်အရွယ် 'ပအိုဝ်'တိုင်းရင်းသားလေး မောင်ကျော်ရဲ့ ကက် (CAT) 'ကြွက်' ဆိုပြီး သူ ကြားဖူးခဲ့သမျှတွေ တကျော်ကျော်အော်နေသံတွေကို ပြင်ပေး၊ သင်ပေးရင်း မောလည်းမော ပျော်လည်းပျော် ဖြစ်ခဲ့ရပါသေးတယ်။

တစ်ချိန်တည်းမှာလည်း မနက် ၈ နာရီက ည ၇ နာရီ၊ ၈ နာရီလောက် အထိ ထမင်းစားပြန်ချိန်ကလွဲလို့ ဆေးရုံမှာပဲရှိနေတဲ့ ခင်ပွန်းသည်ကို တခြားဇနီး သည်တွေလို "မျှော်ပေါ့ ၄ နာရီ"လည်း မလုပ်နိုင်တော့ဘဲ ကိုယ့်ဝါသနာအတိုင်း စာရေးစာဖတ်နဲ့ မအားရလောက်အောင်ပါပဲ။ ရှားရှား ပါးပါး သူ အားတဲ့ရက်၊ အားတဲ့အချိန်ကလေးတွေမှာတော့ ဦးမင်းညိုက ကျွန်မကို စက်ဘီးနောက်မှာ တင်ပြီး ခင်မင်တဲ့ မိတ်ဆွေတွေဆီ လျှောက်လည်၊ ဘုရားသွားတာလောက်တော့ ရှိခဲ့ပါတယ်။ သူကလည်း (OG) သားဖွားမီးယပ် ဆိုတဲ့အလုပ်များလှတဲ့

ဘာသာရပ်ကိုမှ အထူးပြုချင်နေတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲရှင်။

ခင်ပွန်းသည်ဖြစ်သူကသားဖွားနဲ့ မီးယပ်ဘာသာ(OG)ကို အထူးပြုလေ့လာနေချိန်မှာပဲ သူရဲ့ ဇနီးသည် ကျွန်မမှာ ကလေး (ရင်သွေး)ဘာကြောင့် မရသေးသလဲဆိုတာ စမ်းသပ်စရာရှိတဲ့ကိစ္စတွေအားလုံး စမ်းသပ်နေခဲ့တာမှာလည်း မေ့ဆေးတွေအကြိမ်ကြိမ်ပေးခံခဲ့ရပြီး လိုအပ်တာမှန်သမျှအားလုံးစမ်းသပ်ခဲ့ပါတယ်။ ကျွန်မ Ovary တစ်ဖက်က ပုံမှန်အားလုံးကောင်းပါတယ်။ တစ်ဖက်ရဲ့ သားဥပြွန်ဆင်းရာလမ်းကြောင်း အတွင်းဘက်မှာ adhesion စေးကပ်နေတာတော့ ရှိတယ်။ ကလေးမလိုချင်ပါဘူးဆိုတဲ့ လူတွေကျတော့ သာမန်ပုံမှန်ကောင်းနေတဲ့ တစ်ဖက်နဲ့ပဲ ကလေးရသွားကြတာပဲလို့ OG အထူးကုဆရာဝန်ကြီးတွေက ပြောကြပါတယ်။ ခင်ပွန်းဖြစ်သူကတော့ ခုလိုပဲ နှစ်ယောက်တည်းနေရတာ မပျော်ဘူးလား ဘာဖြစ်လို့ မေ့ဆေးတွေ ခဏခဏ အပေးခံပြီး ဒုက္ခတွေခံနေရတာလဲလို့ ပြောပါတယ်။ ကျွန်မကတော့ သူများတွေရကြရင် ကိုယ်က ဘာကြောင့်မရရမှာလဲဆိုတဲ့မာန်နဲ့ (ဟောဒီမှာ- တစ်ခါတရားလက်လွတ်ဖြစ်သွားခဲ့ပြန်တာပေါ့) မေ့ဆေးတွေ ခဏခဏအပေးခံစစ်ဆေးနေရင်း အမေရိကန်သားဖွားမီးယပ်အထူးကုဆရာဝန် ကြီးတစ်ယောက် Visiting Professor အနေနဲ့ မန္တလေးဆေးရုံကို ရောက်လာခဲ့ပါတယ်။ ကျွန်မလည်း အခွင့်အရေး လက်မလွှတ်ဘဲ သူနဲ့တစ်ခါ စစ်ဆေးစမ်းသပ်ခံခဲ့ပြန်တာပေါ့။ သူကလည်း ကျွန်မတို့ဆရာဝန်ကြီးတွေ တွေ့သိထားတာကိုပဲ ထပ်ပြောပြပြီး တစ်ဖက်က ကောင်းနေတာမို့ ဘာမှလုပ်စရာမလိုဘူး ကလေးက ရထိုက်ရင်ရမှာပေါ့ ဒါမှ မကျေနပ်ဖူးဆိုရင်တော့ နံရံတွေကပ်နေတဲ့ သားဥပြွန်တစ်ဖက်ကို မေ့ဆေး ပေးပြီး ခွာပေးလို့ရပါတယ်။ ဒါပေမဲ့ 'Very Delicate' အတော်ကြီး သိမ်မွေ့ခက်ခဲစွာ လုပ်ရမှာပဲ၊ ကိုယ့်ဘာသာ ဆုံးဖြတ်ရမှာပဲလို့ ပြောခဲ့ပါတယ်။ တစ်ခုခုကို ဇွဲနပဲနဲ့ မရရအောင် မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ ကျွန်မ အကျင့်ဆိုးကြောင့်ပဲ ကျွန်မကလည်း ခွဲစိတ်ခံမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအကြောင်းကို ရန်ကုန်မှာ ရှိနေတဲ့ ဖေဖေနဲ့ မေမေကို

လုံး၀ အသိမပေးဖို့လည်း ခင်းပွန်းသည်ကို အထပ်ထပ်မှာထားရပါတယ်။ မန္တလေးဆေးရုံကြီး သားဖွားနဲ့ မီးယပ်ဌာန (OG) က ဆရာမင်းညိုရဲ့ ဆရာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေက ခုလည်း ကျွန်မတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ပျော်ရွှင်နေကြတာ ဘာဖြစ်လို့ နီနီက ဒီလောက်စိတ်ဓာတ်ပြင်း ရတာလဲဆိုပြီး ကျွန်မကို ခွဲစိတ်မခံဖို့ တစ်ယောက်တစ်လှည့် အမျိုးမျိုးဖြောင်းဖျခဲ့ကြပေမဲ့ ကျွန်မကတော့ ဆုံးဖြတ်ချက်မပြင်ခဲ့ပါဘူး။ မေ့ဆေးဆရာဝန်ကြီးကတော့ ကျွန်မကို အမေရိကန်ဆရာဝန်ကြီး ခွဲမယ့်နေ့မှာ မေ့ဆေးအလုံအလောက် ရှိရင်တော့ သူ မေ့ဆေးပေးပေးမယ်။ မဟုတ်ရင်တော့ ဒီရက်တွေအတွင်း စမ်းသပ်မှုတွေ လုပ်တုန်းက မေ့ဆေးတွေ ၄-၅ ခါ အပေးခံထားရတဲ့ နှလုံးခုံသံမှာ တဒူးဒူးအသံတွေ ထွက်နေတဲ့ မွေးရာပါ နှလုံးဆိုင်ရာအားနည်းချက်ရှိနေတဲ့သူကို မေ့ဆေးမလုံမလောက်နဲ့ စွန့်စားပြီး မေ့ဆေးမပေးနိုင်ဘူးလို့ အပြတ်ပြောထားခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်ဆရာဝန်ကြီး ခွဲစိတ်ကုသမဲ့နေ့မတိုင်ခင် တစ်ည ဆေးရုံသွားအိပ်ခဲ့ရပါတယ်။ မှတ်မှတ်ရရ အဲဒီညက ကျွန်မ အိပ်မက်မက်ပါတယ်။ ကိုမင်းညိုနဲ့ ကျွန်မ စမ်းချောင်းလေး တစ်ခုဘေးမှာ လက်တွဲပြီး လမ်းလျှောက်လာကြရင်း ရေစပ်ရေတိမ်တိမ်ကလေးထဲကို နှစ်ယောက်သား ဆင်းလိုက်တာမှာ ဝုန်းခနဲ ရေထဲကို စုံးစုံးမြုပ်သွားပါရော ကျွန်မလည်း ဖျတ်ခနဲ လန့်နိုးလာပြီး ကျွန်မအခန်းဖော် လူနာဆရာဝန်မကို အိပ်မက်အကြောင်းပြောပြတော့ ဆရာဝန်မ ခမျာ မျက်စေ့မျက်နှာပျက်ပျက်နဲ့ နီနီရေ ဒီနေ့ ခွဲစိတ်မယ့် ကိစ္စ မလုပ်ပါနဲ့တော့လားကွယ်လို့ ဆိုရှာပါတယ်။ "ရေတိမ်မှာနစ်မယ့် နိမိတ်လေလား"ပေါ့။ မကြာပါဘူး ကိုမင်းညို ရောက်လာတော့ သူ့ကို ကျွန်မ မနေ့က မှာလိုက်သလို လက်ဖက်ရည်ပုဂံပြား ကြွေပုဂံလေးတွေပေါ်မှာ သစ်သားတုံးလေးတွေခံပြီး ဖရောင်းတိုင်ထွန်း ဘုရားမီးပူဇော်တာပဲ ဖယောင်းတိုင်(၃)တိုင် မီးထွန်း ပူဇော်ထားတာမှာ အလယ်ခေါင်က ကြွေပုဂံက နှစ်ခြမ်းကွဲသွားတယ်တဲ့ သူ ပြောနေတာတွေကြားပြီး ကျွန်မ အခန်းဖော်ဆရာဝန်မကြီးခမျာ ပိုလို့တောင် မျက်စိပျက် မျက်နှာပျက်နဲ့ ဖြစ်နေရှာပါတော့တယ်။

ဒီလိုနဲ့ ခွဲစိတ်ခန်းထဲဝင်ဖို့ အသင့်ပြင်ရအောင်ဆိုပြီး OG ဌာန ခွဲစိတ်ခန်း တာဝန်ကျ ထမီအပြာဝတ် Senior ကရင်ဆရာမကြီး ဒေါ်ဒေစီ ရောက်လာပါလေရော။ ဒီအရင် ကလေးကိစ္စစမ်းသပ်ခံရတဲ့ အခါတိုင်းလည်း OG တွေ ခွဲတဲ့နေ့မို့ ဆရာမင်းညိုကလည်း ခွဲစိတ်ခန်းဝင်နေရတိုင်း ကျွန်မ မေ့ဆေးမပြယ်ခင် ဆရာမဒေစီရဲ့ အခန်းထဲ ကျွန်မကို ထည့်ထည့်ထားလေ့ ရှိတာမို့ ဆရာမကလည်း ကျွန်မကို ခင်မင်နေပြီး ဖြစ်ပါတယ်။

ခွဲစိတ်ခန်း မဝင်ခင် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားဖို့ OG Ward ထဲက ခုတင်တစ်လုံးပေါ်မှာ ကျွန်မကို လိုအပ်တာတွေ သူ ပြင်ဆင်ပေးပါတယ်။ နှာခေါင်းပေါက်ထဲကနေ Ryie's Tube ကို သွင်းပြီး မြို့ချခိုင်းတာကို မျက်ရေပေါက်ပေါက်ကျတဲ့အထိ အနာခံအဆင်းရဲခံပြီး ပိုက်ကိုမြိုနေတဲ့ ကျွန်မကို ကြည့်ပြီး "ဟောဒီ ဆရာကတော်လေးဟာလေ သိပ်ခေါင်းမာတာပဲ ဘာကြောင့် များ ဒီလောက်ဒုက္ခတွေခံနေတာလဲ ငါတော့ မစဉ်းစားတတ်ဖူး"လို့ တတွတ်တွတ် ဂရုဏာဒေါသနဲ့ ပြောနေတာကို ကျွန်မ မချိမဆန့်ဝေဒနာခံစားနေရင်းက ကြားနေခဲ့ရပါတယ်။ မျက်ရေပေါက်ပေါက်ကျအောင် ပိုက်လဲမြိုပြီးလို့ ကျွန်တော်မပျက် Ward ထဲမှာ ကိုယ့်ကို ခွဲစိတ်မဲ့အလှည့်ကို စောင့်နေတုန်းမှာပဲ Oxygen အလုံအလောက်မရှိလို့ မေ့ဆေးဆရာဝန်ကြီးက ဆရာကတော် Case ကို လုပ်မပေးနိုင်တော့ပါဘူးလို့ လာပြောခဲ့တာမို့ ကျွန်မ အဲဒီနေ့က ခွဲစိတ်ကုသမှု မခံလိုက်ရတော့ပါဘူးရှင်။ ဖြစ်ပျက်ခဲ့သမျှတွေကို ဆန်းစစ်ကြည့်လိုက်တော့ ဘာပဲဖြစ်ဖြစ် ကိုယ်ဖြစ်ချင်တာကို လုပ်ယူလို့ရခဲ့တယ်။ 'ဖြစ်' 'ပျက်'ဆိုတာ သဘာဝပဲ ကံကံ၏အကျိုးပေးလည်း ဖြစ်တယ်ဆိုတာ သဘောပေါက်လာခဲ့ပါတယ်။ ဒီတော့ အဲဒီအချိန်တုန်းက ဖြစ်ခဲ့ပျက်ခဲ့တာတွေဟာ အကောင်းလား၊ အဆိုးလားဆိုတာ ကျွန်မ မဝေဖန်ချင်တော့ပါဘူးရှင်။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကစပြီးတော့ ကျွန်မ နောက်ထပ်ပြီး ခွဲစိတ်စမ်းသပ်မှုတွေ မလုပ်ခဲ့တော့ဘဲ ကိုယ်ဝါသနာပါတဲ့ စာရေးစာဖတ်ရင်းပဲ အချိန်တွေ ဖြုန်းခဲ့တော့တာ ဖြစ်ပါတယ်။

ခင်ပွန်းသည်ကလည်း အလုပ်များတဲ့ကြားကပဲ 'News Week', 'Times' စတဲ့ စာအုပ်တွေကိုလည်း ပြောပြ၊ ဖတ်စေတာမို့ ကမ္ဘာပေါ်ဖြစ်ပျက်နေသမျှ (current affairs) တွေနဲ့ ကျွန်မ အလှမ်းမဝေးခဲ့ရတာတွေ ကျွန်မခင်ပွန်းရဲ့ ကျေးဇူးကြောင့် ပြန်ဖတ်ဖြစ်ခဲ့ရပါတယ်။ ကျွန်မကလည်း စာရေးစာဖတ် ဝါသနာပါတော့ ကျွန်မတို့ ငယ်ငယ် ဆယ်ကျော် သက်အရွယ်ကတည်းက School Girls Library ကထုတ်တဲ့ All in picture ရုပ်ပြဇာတ်လမ်း စာအုပ်ကလေးတွေကို စွဲစွဲမြဲမြဲ ဖတ်လာခဲ့သူ ဖြစ်ပါတယ်။ မန္တလေးရောက်တော့ ရုပ်ပြမဟုတ်တဲ့ စာသားချည်းရေးထားတဲ့ School Girls Library ကထုတ်တဲ့ ဝတ္ထုစာအုပ်ကလေးတွေ ဖတ်ဖြစ်ခဲ့ပြန်ပါတယ်။

အချိန်တွေကလည်းရ ပျင်းကလည်း ပျင်းနဲ့မို့ အဲဒီဝတ္ထုစာအုပ်ကလေးတစ်အုပ်ကို ဝါကျတစ်ခုချင်းစီအလိုက် မြန်မာလိုဘာသာပြန်ရေး၊ ဝတ္ထုထဲက ဇာတ်ဆောင်တွေ နေရာဌာန၊ မြို့ စတာတွေကို မြန်မာနာမည်တွေပေး၊ မြန်မာမှုပြုပြီး ရေးလာလိုက်တာ မြန်မာလုံးချင်းဝတ္ထုတစ်အုပ်စာရေးပြီးသွားခဲ့ပါတယ်။ ကျွန်မလည်း အင်္ဂလိပ်မြန်မာဘာသာပြန်တာ အကျင့်ရသွားခဲ့တော့တာပေါ့ရှင်။ အဲဒီလို 'စာအုပ်စာပေ ချစ်မိတ်ဆွေ'လုပ်ခဲ့တဲ့အကြောင်းကြောင့်ပဲ အကျိုးတွေလည်း အများကြီး ရခဲ့ရပါတယ်။

မန္တလေးမှာ တစ်နှစ်လောက်ကြာတော့လာ တစ်နေ့ သတင်းစာထဲမှာ ကြော်ငြာကြီးတစ်ခု ဖတ်ရပါတယ်။ "နိုင်ငံခြား အသံလွှင့်ဌာနများအတွက် အသံလွှင့်ကြေညာသူများ အလိုရှိသည်" တဲ့

လျှောက်ထားသူတွေအနေနဲ့. . . .

၁။ ဘွဲ့ရပြီးသူ

၂။ အသက် (၃၀)နဲ့ (၄၀)ကြား၊

၃။ အသံလွှင့်အတွေ့အကြုံရှိသူ၊

၄။ လက်ရှိအစိုးရအမှုထမ်းမဟုတ်ရ. . . တဲ့

ကဲ. . . ကျွန်မ ဒီအလုပ် လျှောက်ချင်စိတ်ပေါက်မသွားဘဲ ရှိပါ့မလား

ရှင်၊ လိုအပ်ချက်အားလုံးဟာ ကျွန်မနဲ့ အားလုံးကိုက်ညီနေပါရောလား။ ဒီတော့ ဆရာမင်းညိုကိုလည်း အသိမပေးဘဲ လျှောက်လိုက်ရော ဆိုပါတော့၊ မကြာပါဘူး၊ ရေးဖြေစာမေးပွဲ လာဖြေပါဆိုတဲ့ စာရောက်လာပါရော ဒီတော့မှ ခင်ပွန်းသည်ကို ပြောပြရတာပေါ့။ သူကတော့ ထုံးစံအတိုင်း ကျွန်မ စိတ်ချမ်းသာရင်ပြီးရော လုပ်ပါပေါ့လေ။ ရန်ကုန်မှာ အဲဒီတုန်းက လုပ်သားပြည်သူ့ သတင်းစာတိုက်က ခန်းမကြီးနဲ့အပြည့် ရေးဖြေစာမေးပွဲလာဖြေကြသူတွေ မြင်ရတော့ တအံ့တသြကြီးတောင်ဖြစ်ခဲ့ရပါသေးတယ်။ အဲ. . . စာမေးပွဲဖြေတော့မှ ကမ္ဘာ့သတင်းတွေ၊ မျက်မှောက်ကမ္ဘာ့ရေးရာတွေကို အင်္ဂလိပ်ဘာသာကနေ မြန်မာလိုပြန်၊ မြန်မာသတင်းတွေကို အင်္ဂလိပ် ဘာသာပြန်ဆို ရေးရပါတယ်။ ဘာသာပြန်ကျင့်တွေရနေတဲ့ ကျွန်မအတွက် ခါတိုင်း အိမ်မှာ ဘာသာပြန်စာတွေ ရေးနေသလို သတင်းတွေကို ဘာသာပြန်ရေးလိုက်နိုင်တော့တာပေါ့ရှင်။ အဲ . . . အထွေထွေဗဟုသုတ ကျတော့လည်း ခင်ပွန်းဖြစ်သူရဲ့ ကမ္ဘာနဲ့အဝန်းဖြစ်ပျက်နေသမျှတွေကို စွဲစွဲမြဲမြဲ အချိန်ယူဖတ်ပြီး ကျွန်မကိုလည်းပြောပြ၊ ဖတ်စေခဲ့တဲ့ News Week, Times မဂ္ဂဇင်းတွေထဲက နိုင်ငံတကာသတင်းတွေချည်း မေးထားတာမို့ အတော်ကြီးဖြေလိုက်နိုင်ခဲ့ပါတယ်။ စာဖတ်၊ စာရေးခဲ့တဲ့ အကြောင်းကြောင်းတွေကြောင့် အကျိုးတွေ ဖြစ်လာခဲ့ရတာပါပဲလို့ ဆိုပါရစေတော့ရှင်။

* * *

## တစ်ကျွန်း တစ်မြေဆီသို့

တိုတိုပြောရရင်တော့ ရေးဖြေအောင်ပြီး အသံစစ်တော့လည်း မြန်မာ့အသံမှာ (၃)နှစ် အကျင့် ရပြီးခဲ့သူအတွက် အခက်အခဲ မရှိခဲ့တဲ့အတွက် လက်ဦးဆရာ 'မြန်မာ့အသံ'ရဲ့ ကျေးဇူးတွေကိုလည်း ဘယ်တော့မှ မေ့မှာ မဟုတ်ပေဘူးပေါ့။ အဲဒီနောက်တော့ အပြီးသတ် လူတွေ့စစ်မေးပွဲအပြီး စကာတင် ကျန်ရစ်ခဲ့သူ (၇)ယောက်ထဲမှာ ဦးနေဝင်း၊ ဦးဝင်းနိုင် တို့အပါအဝင် အမျိုးသား (၆)ယောက်နဲ့ အမျိုးသမီးက ကျွန်မတစ်ယောက်တည်းပေါ့။ မကြာခင်မှာပဲ လန်ဒန် BBC ကမ္ဘာတစ်လွှား အသံလွှင့်ဌာန မြန်မာပိုင်း အစီအစဉ်အတွက် အမျိုးသမီး အမှုထမ်းပဲလိုချင်ပါတယ်။ အမျိုးသမီးကိုပဲ လွှတ်ပေးပါဆိုလို့ ကျွန်မတစ်ယောက် ၁၉၇၇ ခုနှစ်၊ ဇူလိုင်လမှာ London BBC World Services မြန်မာပိုင်းအစီအစဉ်မှာ အလုပ်စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။

ခုလို အကျဉ်းချုံးရေးလိုက်တော့ ဒီတုန်းက ကျွန်မ ကျော်ဖြတ်ခဲ့ရတဲ့ ခရီးကြမ်းကြီးကို ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူးရှင်။ ဒါပေမဲ့ ဘယ်အရာမဆို လွယ်လွယ်နဲ့ အောင်မြင်မှုရခဲ့တာ မဟုတ်ဖူးဆိုတာကိုလည်း သိစေချင်သေးတာမို့ အနည်းအကျဉ်းတော့ ပြောပြချင်ပါသေးတယ်။ ဒီအချိန် ဒီအခြေအနေအထိ အတိုချုံးပြီး ရေးပြလာခဲ့တဲ့အထဲမှာ ကျွန်မရဲ့အခြေအနေ စိတ်နေသဘောထားတွေကို မှန်းဆလို့ ရနိုင်ကြလောက်ပြီ ထင်ပါတယ်။ ကျေးဇူးရှင်မိဘနှစ်ပါးရဲ့

အရိပ်အောက် ဖြူစင်တဲ့မေတ္တာအရင်းခံပြီး သက်ညှာကြင်နာတတ်သူ ခင်ပွန်းသည်ရဲ့အရိပ်အောက်မှာ အပူအပင် မကင်းပေမဲ့ နည်းပါးတယ်လို့ ဆိုရမယ့် ဘဝခရီးကို သက်သက်သာသာလေး လျှောက်လှမ်းနေရာကနေ ရုတ်တရက်ကြီးဆိုသလို ကျွန်မရဲ့ ဆတ်ဆော့မှုကြောင့်ပဲ မိဝေး ဖဝေး ချစ်ခင်ကြင်နာသူတွေနဲ့ ဝေးရာကို တစ်ယောက်တည်း ထွက်ရဖို့ ဖြစ်လာရပါတယ်။ ဒီတစ်ခါ ကျွန်မ ဆတ်ဆော့မှုကတော့ ကျွန်မကို ဘဝသင်ခန်းစာတွေအများကြီး ရလာစေပြီး စိတ်ဓာတ်ကြံ့ခံလာစေတဲ့ စွန့်စားမှုကြီးတစ်ရပ်လို့ ဆိုရပါမယ်။

အဲဒီခေတ် အဲဒီအချိန်က အင်္ဂလန်နိုင်ငံလို နိုင်ငံရပ်ခြား နိုင်ငံကြီး တစ်ခုမှာ အစစအရာရာ လိုလေသေးမရှိ ပြည့်စုံအောင်ပေးထားတဲ့ နေရာမျိုးမှာ အလုပ်ရဖို့ဆိုတာ ရှာမှရှားလို့ ဆိုရပါမယ်။ ဒီတော့ မွေးကတည်းက လိုလေသေး မရှိ အေးမြတဲ့ မိဘအရိပ်အောက်ကနေ အစစအရာရာ ညှာတာထောက်ထား အရေးပေးဂရုစိုက်လှတဲ့ ခင်ပွန်းသည် အရိပ်အောက်မှာ ငွေကြေးမချမ်းသာလှပေမဲ့ သက်သက်သာသာ နေနေရတာ နေသားကျနေတဲ့ ကျွမ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ တစ်ယောက်ထည်းတည်း ဘဝခရီး နှင်ရတော့မယ့် အခွင့်ကောင်းကတော့ ရှိနေခဲ့ပြီ။ သတ္တိကြောင် သူရဲဘောနည်းနည်းနဲ့ ရလာတဲ့ အခွင့်ကောင်းကို လက်လွှတ်လိုက်ပြီး မသွားတော့ပါဘူးဆိုပြီး ဒီလောက်ကောင်းတဲ့ အခွင့်အရေး လက်လွှတ်လိုက်ပြန်ရင်လည်း 'ကျွန်မ'လောက် မိုက်သူ ဇမ္ဗူမှာ ရှိနိုင်ပါဦးမလားရှင်။ ဒီတော့လည်း ဒီတုန်းက ဘုရားရှိခိုးပြီးတိုင်း "မိဘ ကျေးဇူးဆပ်ရပါလို၏" "ခင်ပွန်းသည် ကျေးဇူးဆပ်ရပါလို၏"လို့ ဆုတောင်းလေ့ရှိတာကို သတိရပြီး ဒီခရီး မသွားလိုက်ရင်တော့ "အမိုက် နင့်ပြင် ရှိဦးမှာလား" ဆိုတဲ့ အတွေးနဲ့ တစ်ကျွန်းတစ်မြေဆီကို အားမာန်တွေ သွင်းပြီး ထွက်ဖို့ ဆုံးဖြတ်ခဲ့ရတယ် ဆိုပါတော့ရှင်။

* * *

## စကားတည်းက ယဉ်သကို

ဘီဘီစီကမ္ဘာ့တစ်လွှား မြန်မာပိုင်းအစီအစဉ်"ကနေ အလုပ်ခန့်စာ ရအပြီးမှာ နိုင်ငံကူးလက်မှတ်လျှောက်၊ ပညာရေးအတွက် လျှော်စရာရှိတာတွေ လည်း လျှော်ပေါ့ရှင်။ ကျွန်မက အစိုးရအမှုထမ်းမဟုတ်ပေမဲ့ ဒီအချိန်က မြန်မာနိုင်ငံပြန်ကြားရေးဝန်ကြီးဌာနနဲ့ BBC က အပြန်အလှန်ဆက်ဆံရေး ပြေလည်နေခဲ့တာမို့ ကျွန်မ BBC ကို သွားဖို့ကိစ္စမှာ မြန်မာနိုင်ငံအစိုးရဘက်က လဲ တတ်အားသရွေ့ ကူညီလုပ်ကိုင်ပေးခဲ့ကြ ပါတယ်။ အတိုချုံးလိုက်ရရင်တော့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကျွန်မရဲ့ ကိုယ်ရေးရာဇဝင်နဲ့ အစစအရာရာ လိုအပ်သမျှတွေ စီစစ် စစ်ဆေးအပြီးမှာ အားလုံးကန့်ကွက်စရာမရှိ ပြည့်စုံပြီဆိုပြီး ပြည်ပထွက်ခွာခွင့် Departure Form-D Form လည်း ထုတ်ပေးခဲ့ပြီးမို့ London BBC ကနေ အသင့်ပို့ထားတဲ့ လေယာဉ်လက်မှတ်နဲ့ London သွားဖို့ အသင့်ဖြစ်နေခဲ့ပါတယ်။ အဲ. . . BBC က ပို့ထားတဲ့ ရန်ကုန် - ဘန်ကောက်အတွက် ထိုင်းလေကြောင်း လက်မှတ်၊ ဘန်ကောက်-လန်ဒန် အတွက်ကို ဂျပန်လေကြောင်း Japan Airways လက်မှတ်တွေကိုင်ပြီး ရန်ကုန်လေဆိပ်မှာ စောင့်နေတုန်းမှာ ဌာနဆိုင်ရာ ဝတ်စုံဝတ်ပုဂ္ဂိုလ်တစ်ယောက် ကျွန်မ ရှေ့ရောက်လာပြီး "ဒေါ်ခင်မြဆွေ - Passport ကလေး ကျွန်တော့်ကို ပေးပါ"လို့ လာတောင်းတော့ ကျွန်မလည်း ပေးလိုက်တာပေါ့။ ထိုင်းလေယာဉ် ထွက်ခါနီးအထိ Passport လည်း လာပြန်မပေးတော့ ကျွန်မလည်း အူကြောင်

ကြောင်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ခုနက Passport လာတောင်း သွားသူရဲ့ ယူနီဖောင်းမျိုး ဝတ်ထားသူတစ်ယောက် ကျွန်မဆီ ရောက်လာပြီး "ဒေါ်ခင်မြဆွေ ဒီလေယာဉ်နဲ့ လိုက်သွားလို့ မရတော့ပါဘူး။ အိမ်ကိုပဲပြန်ပါ အကျိုးအကြောင်း မကြာခင် သိရပါမယ်"လို့ ပြောလာပါတယ်။ ကျွန်မ မိဘ နှစ်ပါး၊ ကျွန်မ ခင်ပွန်းနဲ့ လိုက်ပို့ကြသူတွေ အားလုံးလည်း အူကြောင်ကြောင်၊ ယောင်ချာချာနဲ့ ဘာဖြစ်မှန်းလည်း မသိဘဲ အိမ်ကို ပြန်ခဲ့ကြရတော့တာပေါ့။

ကျွန်မ အစ်ကိုတွေနဲ့ တတ်သိနားလည်သူတွေ စုံစမ်းမေးမြန်းမှုတွေ ခဏမဆိုင်းလုပ်ခဲ့ကြတော့ ပြန်ကြားရေးဝန်ကြီးရဲ့ တယ်လီဖုံးနဲ့ လှမ်းဆက်ထားမှု ကြောင့် ကျွန်မ ခရီးစဉ် ပျက်ခဲ့ရတာဖြစ်ကြောင်း အကြောင်းရင်းက ကျွန် မခင်ပွန်းရဲ့ အစ်ကိုတစ်ယောက်က 'ပြည်ပြေး'တစ်ယောက်ဖြစ်နေလို့ ခုလို တားထားရတာဖြစ်ကြောင်းတွေကို ညတွင်းချင်းပဲ သိလာခဲ့ရပါတယ်။ အဲဒီခေတ် အဲဒီအခါက 'ပြည်ပြေး'ဆိုရင် အစိုးရအဖွဲ့အနေနဲ့ အသေကြောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ခုလည်း ကျွန်မ ခင်ပွန်းရဲ့ အစ်ကိုက ပြည်ပြေးပါလို့ ပြန်ကြားရေး ဝန်ကြီးတစ်ယောက်တည်းသာ ကိုင်ခွင့်ဖြေခွင့်ရှိတဲ့ သူ့စားပွဲပေါ်က တယ်လီဖုန်း ကို အမျိုးသမီးတစ်ယောက်က ဒီကိစ္စကို ဆက်ပြီးပြောခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီဖုန်းနံပါတ်ဟာ လူစိမ်းတွေဘယ်လိုမှ မဆက်နိုင်တဲ့ ဖုန်း၊ ဝန်ကြီးနဲ့ ရင်းနှီးသူ တွေက ဆက်လို့ရတဲ့ဖုန်း ဖြစ်နေခဲ့ပါတယ်။ ပြည်ပြေးကိစ္စနဲ့ ပတ်သက်မှာ အသေအလဲ ကြောက်နေကြတဲ့ အဆင့်မြင့်တာဝန်ရှိသူပီပီ ပြန်ကြားရေးဝန်ကြီး ခမျာလဲ ကျွန်မ ပြည်တွင်းက မထွက်ခင် အချိန်မှီအောင်တားခဲ့ရတာ ဖြစ်ပါတယ် တဲ့ရှင်။

ပြန်ကြားရေးဝန်ကြီးအမိန့်နဲ့ ကျွန်မကို တားခဲ့တာဟာ ပြည်ထဲရေး ဝန်ကြီးဌာနကို အတော်ကြီး မခံမရပ်နိုင်ဖြစ်သွားစေခဲ့ပါတယ်။ နိုင်ငံခြား ထွက်မယ့်သူတစ်ယောက်ကို အသေးစိတ်လေ့လာစုံစမ်းစီစစ်ပြီး သင့်တော်တယ် ဆိုမှ ပြည်ပထွက်ခွာခွင့် (D Form) ပေးလေ့ရှိတဲ့ သူတို့ဌာနရဲ့ စနစ်တကျ လုပ်ဆောင်ထားချက်တွေကို ကျော်လွန်ပြီး မဆိုင်တဲ့ ဌာနကဝင်ပြီး တားမြစ်ခဲ့

တာဟာ သူတို့ဌာနကို မထေမဲ့မြင်စော်ကားမှုလို့ ယူဆပြီး နောက်တစ်နေ့ ချက်ချင်းပဲ ကျွန်မနဲ့တကွ ကျွန်မရဲ့ ညီမ၊ အစ်မတွေကိုပါ မေတ္တာရပ်ခံ ဖိတ်ခေါ်သွားပြီး ပြည်ထဲရေးဝန်ကြီးဌာနဆိုင်ရာ ရုံးခန်းတွေထဲမှာ တစ်ယောက်ချင်း မေးမြန်းစစ်ဆေးခဲ့ကြတော့တာပါဘဲရှင်။ ပြန်ကြားရေးဝန်ကြီးကို တယ်လီဖုန်းဆက်ရာမှာ "ကျွန်မ ဆွေဆွေလှပါ" လို့ ပြောတယ် ဆိုပြီး ကျွန်မ ညီမအထွေးဆုံး'မိဆွေ'ကို အတော်ကြီးဖိပြီး မေးမြန်းတယ်လို့ သိရပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ဝါဆိုလပြည့်နေ့မို့ အစိုးရရုံး ပိတ်ရက်ပေမဲ့ တာဝန်ခံရဲမှူးကြီးနဲ့တကွ ပြည်ထဲရေးဌာန တာဝန်ရှိသူတွေခမျာ အရေးကြီးအမှုကိစ္စအဖြစ် စုံစမ်းမေးမြန်းနေခဲ့ကြတာ ဖြစ်ပါတယ်။ တခြားညီအစ်မတွေကို မေးရာမှာတော့ ကျွန်မ ခင်ပွန်းသည်မှာ ပြည်ပြေး ဆရာဝန်အစ်ကိုတစ်ယောက် ရှိတယ် မဟုတ်လားဆိုတာချည်းပဲ မေးခဲ့တယ်လို့ ဆိုပါတယ်။ ညီအစ်မတစ်တွေကလည်း ဆရာမင်းညိုအမေ မုဆိုးမကြီးမှာ သား(၃)ယောက်နဲ့ သမီးတစ်ယောက်သာ ရှိကြောင်း ပြည်ပကို ထွက်ပြေးသွားတဲ့ ဆရာဝန်ဆိုတာလည်း မရှိကြောင်းသာ ဖြေခဲ့ကြရပါတယ်။ ဆွေဆွေ့ကိုတော့ ကျွန်မကို London မသွားစေချင်လို့ ချောက်တွန်းသူများလားဆိုတဲ့ သဘောလား မသိ၊ မဆွေဆွေလှက အစ်မကို နိုင်ငံခြားမသွားစေချင်လို့ ခုလို တယ်လီဖုန်းဆက်ပြီး ပြောခဲ့တာလားလို့လည်း မေးသတဲ့ရှင်။ ဒီမှာတင် လာမဲ့ ၅ လ၊ ၆ လလောက်မှာ မင်္ဂလာဆောင်ဖို့ စီစဉ်ထားတဲ့ ညီမထွေးက "ဟာ. . . ဆွေက ဆွေ့မင်္ဂလာဆောင်မှာဝတ်ဖို့ ထိုင်မသိမ်းချုပ်ဖို့ အဝတ်စတွေ၊ အိပ်ရာခမ်းနားအတွက်တွေပါ။ မမနီကို London က ဝယ်ပို့ဖို့မှာထားတာ ဆွေက မမနီကို London ကို အသွားစေချင်ဆုံးလူပဲ"လို့ ပြောခဲ့ကြောင်း ပြန်ပြောပြခဲ့ပါတယ်။ ကျွန်မကို မေးမြန်းခဲ့ရာမှာတော့ ဒေါ်ခင်မြဆွေ အခုလို ကိစ္စတွေဖြစ်ပြီး U.K ကို မသွားရတော့ဘူးဆိုရင် အရမ်းဝမ်းနည်းစိတ်ပျက်သွားမှာပေါ့နော်"ဆိုတော့ ကျွန်မက "ကျွန်မက ဒီအလုပ်ကို ကျွန်မနဲ့ အားလုံး အံဝင်ဂွင်ကျဖြစ်နေလို့သာ လျှောက်ခဲ့ပြီး ရသွားခဲ့တာ ခု မသွားရတော့ဘူးဆိုလည်း ကျွန်မက ဝမ်းနည်းမှာမဟုတ်ဖူး

ပျော်ရွှင်စွာနဲ့ပဲ ကျွန်မ ခင်ပွန်းနဲ့ မန္တလေးပြန်သွားရုံပဲ။ ဒါပေမဲ့ ကျွန်မကို ဒီလို မဟုတ်မမှန် စွပ်စွဲခဲ့တာရယ်၊ ကျွန်မကို ကြည့်ပြီး မိဘနှစ်ပါး စိတ်ဆင်းရဲနေရတာရယ်ကိုတော့ ကျွန်မ မခံမရပ်နိုင် ဖြစ်မိတယ်"လို့ ပြောလိုက်ပါတယ်။ ဒါနဲ့ အဲဒီဌာနမှာပဲ ကျွန်မတို့ ညီအစ်မတစ်တွေကို စစ်ဆေးမေးမြန်းအပြီး လက်ဖက်ရည်နဲ့ မုန့် တည်ခင်းဧည့်ခံနေတုန်း တယ်လီဖုန်းလာတော့ ကျွန်မတို့ ရှေ့မှာတင်ပဲ ဒေါ်ခင်မြဆွေကို ချောက်ချတဲ့အမျိုးသမီး ဘယ်သူပါဆိုတာ ပြောလိုက်တာကို ကြားခဲ့ရလို့ ဘယ်သူဆိုတာ သိသွားခဲ့ရပါတယ်။ ကျွန်မကိုလည်း ဒေါ်ခင်မြဆွေ ဒီတစ်ခါ London ကို သွားမဲ့နေ့ကို လျှို့ဝှက်ထားပေးပါ။ အမှန်ကတော့ ကျွန်နော်တို့ ဌာနအနေနဲ့ အသေအချာ တာဝန်အရ စစ်ဆေးထောက်ခံထားပြီးသားကို မဆိုင်ဘဲ ဝင်ပြီး လူတွင်ကျယ် လုပ်တာကို မခံနိုင်လို့ ခုလိုရှင်းသွားတော့ ဒိုးစည်ဗုံမောင်းနဲ့တောင် လိုက်ပို့ချင်တာ၊ ဒါပေမဲ့ သိုသိုသိပ်သိပ်နဲ့ အောင်အောင်မြင်မြင် ထွက်ခွာသွားတာ ကောင်းပါတယ်လို့လည်း ခင်မင်လေးစားစွာ ပြောခဲ့ကြပါတယ်။

ဒါနဲ့ပဲ နောက်တစ်ပတ် အကြာမှာ ကျမ London ကို ချောချောမောမောပဲ ထွက်ခွာရောက်ရှိ သွားခဲ့ပါတယ်။ ပထမတစ်ခါ လာကြိုတာမှာ ကျွန်မ ပါမလာလို့ သို့လော သို့လော တွေးနေခဲ့ကြတဲ့ BBC က တာဝန်ရှိသူတွေမှာလည်း ကျွန်မ မရောက်ခင် အရင်ရောက်သွားတဲ့၊ မြန်မာနိုင်ငံကို ခွင့်နဲ့ ပြန်လာခဲ့သူ၊ မြန်မာ့အသံမှာကတည်းက ကျွန်မရဲ့အစ်ကိုကြီးလိုခင်တဲ့ BBC အမှုထမ်းနေတဲ့ ဦးမောင်မောင်ဟိန်းက ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ရှင်းပြထားခဲ့ပြီမို့ နားလည်သဘောပေါက်နေခဲ့ကြပါပြီ။ ဒါ့အပြင် တကယ်သာ မှုမမှန်ရင် စုံးစုံးမြှုပ်သွားတတ်တဲ့ အဲဒီခေတ် အဲဒီအခါမှာ (၇)ရက်တစ်ပတ်ကလေး အတောအတွင်းမှာ အားလုံး ရှင်းလင်းသွားခဲ့တဲ့ ကျွန်မအပေါ် လုပ်ကြံမှုကြီးကို သိသွားခဲ့ကြတာမို့လည်း ကျွန်မကိုပိုပြီး သနားချစ်ခင်ယုံကြည် သွားခဲ့ကြတော့တာ ဖြစ်ပါတယ်။ Blessing in Disguise ပေါ့လေ။ ဒါလည်း ကျွန်မရဲ့ ဘဝမှာ အကုသိုလ် အကျိုးပေး သိပ်မဆိုးလှလို့ပဲလို့ ဆိုရမှာပါ။ ဒါတင်မက

ကျွန်မ ရောက်သွားပြီးမကြာခင် မြန်မာနိုင်ငံကို တာဝန်နဲ့ ခရီးသွားခဲ့တဲ့ BBC အရှေ့တိုင်းဌာနက အကြီးအကဲကို သူနဲ့တွေ့သမျှ မြန်မာနိုင်ငံပြန်ကြားရေး ဌာနဆိုင်ရာ တာဝန်ခံအကြီးအကဲ အတော်များများက ကျွန်မ London မှာ အဆင်ပြေရဲ့လား၊ ပျော်ရဲ့လားက အစ ကျွန်မကို စောင့်ရှောက်ကြည့်ရှုကြဖို့ တသသ ပြောခဲ့ကြတာမို့ BBC က လူကြီးတွေက ကျွန်မကို ဝိုင်းဂရုစိုက်တာ ခံရတော့တာပေါ့ရှင်။

* * *

# ငွေဗျိုင်းဖြူ ဒေါ်လေးဘဝ



BBC မြန်မာဌာနမှာ ကျွန်မက ကမ္ဘာ့သတင်း မျက်မှောက်ကမ္ဘာ့ရေးရာတွေကို နေ့စဉ် ဘာသာပြန်အသံလွှင့် ပေးနေခဲ့ရသလို ငွေဗျိုင်းဖြူကဏ္ဍတာဝန်ခံ ဒေါ်လေး အဖြစ်နဲ့လည်း မြန်မာနိုင်ငံတစ်ဝန်းက ကလေးငယ်လူငယ်တွေကို တစ်ပတ်တစ်ခါ ဗဟုသုတအထွေထွေ ဖြန့်ဝေလွှင့်ထုတ်ပေးနေခဲ့ရတာ ဖြစ်ပါတယ်။ ဒီတော့ လန်ဒန်ပြင်ပ စိတ်ဝင်စားစရာနေရာလေးတွေ၊ လန်ဒန်မြို့ထဲက သင့်တော်မယ့် နေရာတွေ လျှောက်လေ့လာ၊ ကလေးတွေစိတ်ဝင်စားစရာလေးတွေ တွေ့ရင် တစ်ပတ်တစ်ခါ လေလှိုင်းပေါ်ကနေ ဖောက်သည်ချ ပြန်ပြောပြနဲ့ ငွေဗျိုင်းဖြူ ဒေါ်လေးဘဝမှာ အိမ်အလွမ်းတွေ ဖြေဖျောက်နိုင်ခဲ့ရပြန်ပါတယ်။ တစ်လတစ်ခါ ငွေဗျိုင်းဖြူကလေးငယ်၊ လူငယ်တွေရဲ့ ဒေါ်လေးဆီ ရေးစာ၊ ပေးစာလေးတွေ စာပြန်ရတဲ့အခါမှာလည်း ကလေးတွေထဲရောပြီး ချစ်သူခင်သူတွေဆီ အမှာစကားပါးမိတာမျိုးလည်း ပါခဲ့ပေသပေါ့ရှင်။

ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုက အစလည်း ကိုယ့်ဌာနေ ကိုယ့်သဘာဝနဲ့မတူတဲ့နေရာမျိုးကို ရောက်နေရပေမဲ့ သူတို့ဘာသာစကား၊ သူတို့ယဉ်ကျေးမှုတွေနဲ့ အံဝင်ခွင်ကျအောင် ပြောဆိုဆက်ဆံ နေခဲ့တဲ့ကြားက ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှုတွေကိုတော့ ကျွန်မ အမြဲ အလေးထား ဂရုစိုက်နေထိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်မ ၁၉၇၇ ခုနှစ်ကနေ ၂၀၀၀ ပြည့်နှစ်အထိ BBC ကမ္ဘာတစ်လွှား အသံလွှင့်ဌာနမှာ အမှုထမ်းလာခဲ့တာမှာ ရုံးတက်တိုင်း၊ မြန်မာဝတ်စုံကိုသာ အမြဲတမ်း ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ဘာသာပေါင်း (၃၀)ကျော် ဌာနအသီးသီးနဲ့ ရှိနေခဲ့ကြတာမှာ ကျွန်မတို့အရှေ့တိုင်းက ထိုင်း၊ တရုတ်၊ အိန္ဒိယ စတဲ့ နိုင်ငံပေါင်းစုံ ဌာနတွေက အမှုထမ်းတွေထဲမှာ မြန်မာ့ရိုးရာဝတ်စုံကိုသာ အမြဲ ဝတ်လေ့ရှိတဲ့သူအဖြစ် ဂုဏ်တင်ခဲ့ရတာလည်း ဖြစ်ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံက လူကြီးလူငယ် တွေ စိတ်ဝင်တစားနားဆင်သဘောကျခဲ့ကြတဲ့



'မေးပါများ စကားရ'ကဏ္ဍက ဦးလေးကြီးကို "England နိုင်ငံမှာရောက်နေတဲ့ မြန်မာအမျိုးသမီးတွေ ဘယ်လိုဝတ်စားဆင်ယင်ကြပါသလဲ၊ အင်္ဂလိပ်မတွေလို ဂါဝန်ပဲ ဝတ်ကြပါ သလား"ဆိုတဲ့မေးခွန်းကို "England ကို ရောက်လာကြတဲ့ တခြား မြန်မာ အမျိုးသမီးတွေ ဘယ်လို ဝတ်ကြသလဲဆိုတာတော့ ဦးလေး သေသေချာချာ မပြောနိုင်ပါဘူး။ ဦးလေးတို့ ဌာနမှာ အမြဲတွေ့မြင်နေရတဲ့ ကလေးတို့ရဲ့ ငွေဗျိုင်းဖြူ ဒေါ်လေးခင်မြဆွေကတော့ ထမီလေးတဖျပ်ဖျပ်နဲ့ လိပ်ပြာတောင် ပံခတ်သလိုပဲ"လို့ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ဖြေကြားပေးခဲ့တာကိုလည်း ကြားခဲ့ သိခဲ့ရပါတယ်ရှင်။

ဒီအချိန်က ခုလိုမျိုး ပွင့်လင်းမြင်သာ အခြေအနေမျိုးမှ မရှိခဲ့သေးတဲ့ မြန်မာနိုင်ငံမှာ မြို့နယ်၊ တောနယ်တွေ ဘက်မှာက BBC ကမ္ဘာတစ်လွှား အသံလွှင့်ဌာနကနေ လွှင့်ထုတ်သမျှလေးတွေ နားထောင်ပြီး ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေသမျှတွေကို သိနေကြရတာ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံက လူငယ်ကလေးတွေခမျာလည်း ရေဒီယိုကိုသာ အားကိုးပြီး ဗဟုသုတ ရှာမှီး ကြရတာ များပါတယ်။ ခုခေတ်လို အဆင့်မြင့် ဆက်သွယ်မှုမျိုးတွေမှ မရှိခဲ့သေး ပဲကိုးရှင့်။ ကျွန်မ တစ်သက်တာမှာ ပထမဆုံးအဖြစ်၊ နိုင်ငံရပ်ခြားမှာ ကိုယ့်အား ကိုယ်ကိုး မိမိကိုယ်သာ အားကိုးရာအဖြစ် တစ်ယောက်ထည်းတည်း လျှောက် လှမ်းနေရပါတယ်ဆိုမှ စာရိတ္တကို စမ်းချင်သူ၊ ပညာစမ်းချင်သူတွေလည်း အမျိုးမျိုးကြုံခဲ့ရသေးတာပေါ့ရှင်။ မျိုးမတူ ဇာတ်ခြားတဲ့ လူမျိုးခြားတွေ ဝန်းကျင် မှာ အံဝင် ခွင်ကျအောင် နေ့စဉ်နဲ့အမျှ လှုပ်ရှားသွားလာခဲ့ရတာဟာလည်း ကျွန်မအတွက် စိန်ခေါ်မှုတစ်မျိုးလို့ပဲ ဆိုရပါမယ်ရှင်။

အဲဒီအချိန်၊ အဲဒီအခါက ကျွန်မတို့ ဌာနမှာက အမျိုးသမီးဆိုလို့ ကျွန်မပဲရှိလေတော့ အင်္ဂလိပ်၊ မြန်မာ အမျိုးသားအမှုထမ်းတွေကြားမှာ အဆင် ပြေအောင် အလိုက်အထိုက် ပေါင်းသင်းဆက်ဆံရတာကတော့ နေ့စဉ်နဲ့ အမျှပါပဲ။ ဌာနကို ရောက်စမှာ Beginers Course အလုပ်ဝင်စ သူတွေကို ပေးတဲ့ သင်တန်းတွေ တက်ရကတည်းက ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ

ကြားမှာ ကိုယ့်ဘဝ ကိုယ့်အကြောင်းကလေးတွေပြော မိတ်ဆက်ကြ၊ အတွေ့အကြုံတွေဖလှယ်ကြနဲ့ စိတ်ဝင်စားစရာတော့ ကောင်းလှပါတယ်။

သင်တန်းသူ သင်တန်းသား အချင်းချင်း မိတ်ဆက်ကြ၊ မိတ်ဆွေဖွဲ့ကြနဲ့ ပျော်စရာလည်း ကောင်းလှပါတယ်။ အရပ် ၅ ပေ၊ ၂ လက်မ ကိုယ်အလေးချိန်က ပေါင် ၁၀၀ လောက်ပဲရှိတဲ့ သွယ်သွယ်နွဲ့နွဲ့ သူတို့ လူမျိုးတွေနဲ့စာရင် ကလေးမငယ်လေးလို ပုံဖြစ်နေတဲ့ ကျွန်မက ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရာမှာ "ကျွန်မက အိမ်ထောင်ရှင်မဘဝနဲ့ အိမ်ထောင်သက် (၁၂)နှစ် ရှိပါပြီဆိုတော့ သူတို့က တအံ့တဩပေါ့။ အဲဒီ သူတို့ အမြင်ကလေးမ ငယ်သာသာလေးမှာ 'အမှုထမ်းဘဝအစ' (Beginers Course) သင်တန်းအပြီး 'အထူးပြုသင်တန်း' (Specialist Course)တက်ရပြန်တော့လည်း ခုခေတ်လို အသံသွင်းစက် ပေါက်စကလေးတွေမဟုတ်ပဲ အသံဖမ်းစက်ကြီး (Tape Recorder) လွယ်ပြီး တာဝန်ပေးရာ နေရာတွေက တာဝန်ခံတွေကို မေးတာမြန်းတာတွေ သွားလုပ်ခဲ့ရတာ ဖြစ်ပါတယ်။ လူအများ အားထားရာ မြေအောက်ရထားနဲ့ပဲ တစ်နေရာက တစ်နေရာ သွားလာလှုပ်ရှားခဲ့ရတာလည်း ဖြစ်ပါတယ်။



ငွေဗျိုင်းဖြူကဏ္ဍအတွက် တစ်နှစ်တစ်ခါ ကျင်းပလေ့ရှိသည့် **Chelsea Flower Show** တွင် အသံသွင်း သတင်းယူနေစဉ်

နွေရာသီလိုမျိုးဆို မထောင်းတာလှပေမဲ့ ဆောင်းရာသီ နှင်းဖြိုင်ဖြိုင်ကျနေချိန် ဆိုမှဖြင့် တစ်ရက်က နှစ်ရက်၊ သုံးရက် နှင်းခဲတွေကျပြီး လူတွေက နင်းကြ ဖြတ်ကြနဲ့ ရေခဲပြင်လို ဖြစ်နေတဲ့အပေါ်မှာ လျှောက်လှမ်းသွားလာရတာ ဟာလည်း အတော်ကြီးကို သတိထားရတာ ဖြစ်ပါတယ်။

X'mas Card တွေ၊ Post Card တွေမှာ မြင်ရတဲ့ နှင်းဖွေးဖွေး လွှလွှကလေးတွေ ကျနေတဲ့ အဆောက်အအုံ ရှုခင်းမျိုးတွေဟာ တကယ် အပြင်မှာတော့ ခဏတာပဲ ကြည့်ကောင်းပြီး ရက်ကြာလာတော့ အန္တရာယ် တကယ်များတဲ့ အခြေအနေ ဖြစ်လာပါတယ်။ သက်ကြီးရွယ်အိုတွေ ခများလည်း မသွားမဖြစ်လို့ နှင်းခဲပေါ် ထွက်ရပြီဆိုတာနဲ့ ရေခဲပြင်ပေါ် ခြေချော်ပြီး လဲကြ၊ ကျိုးကြ၊ ပဲ့ကြ၊ ဒဏ်ရာတွေရကြ ဖြစ်နေတာတွေ စိတ်မသက်သာစရာ မြင်တွေ့ ရတတ်ပါတယ်။ ကျွန်မလည်း ဒီဒုက္ခတွေထဲက ဘယ်ပြေးလွတ်ပါ့မလဲရှင်။ ရုံးတက်ရင် မြန်မာဝတ်စုံသာဝတ်ပြီး နိုင်ငံရဲ့အမျိုးဂုဏ် တင်လေ့ရှိတဲ့ ကျွန်မမှာ အေးလှတဲ့ ဆောင်းနှင်းဒဏ်ခံနိုင်ဖို့ ဂွမ်းဘောင်းဘီရှည်ပေါ်က ထမီကို ကျစ်ကျစ်ပါအောင်ဝတ်ပြီး ခြေသလုံးအထိ ရှည်တဲ့ ကုတ်အင်္ကျီ ရှည်ကြီးနဲ့ မာဖလာလည်စီးကို လည်ပင်းမှာ အထပ်ထပ်ရစ်ပတ် ခြေထောက်မှာလည်း ဘွတ်ဖိနပ်ရှည်ကြီးနဲ့ ပုံမှန်ဆို (၅)မိနစ်ပဲ လမ်းလျှောက်ရတဲ့ခရီးကို ချော်မလဲအောင် အားတင်းပြီး ၁၅ မိနစ်၊ မိနစ် ၂၀ လျှောက်ခဲ့ရတဲ့ ရက်တွေကို ခုပြန်တွေးရင် တောင် ရင်မောစရာကောင်းလှပါတယ်။ အဲ့ဒါတွေက အမြဲ အမှတ်ရနေစေမဲ့ သွားခဲ့လာခဲ့၊ ဝတ်စားခဲ့ရတဲ့ အခက်အခဲတွေပါပဲရှင်။

* * *

## ဘာသာစကား လေ့လာမှတ်သား
## ပြန်လည် မျှဝေခဲ့ပုံ

ကျွန်မ လန်ဒန်ရောက်စကတည်းက သူတို့နိုင်ငံကလူတွေ သွားပုံ လာပုံ၊ ပြောပုံ ဆိုပုံတွေကို အသေအချာ လေ့လာလေ့ရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘယ်လောက်ပဲ ပညာတတ်၊ စာတတ်တယ်ဆိုပါစေ၊ သူ့အရပ်နဲ့ သူ့ဇာတ် ပြောပုံဆိုပုံနေထိုင်ပုံကအစ စာထဲမှာ တွေ့သိထားသလို ပြောလို့ လုပ်လို့ မရတတ်တာမျိုးလည်း ကျွန်မက စပ်စုတတ်သူပြီပြီ (စပ်စုတာ မဟုတ်ပါဘူးနော် စူးစမ်းတတ်တာပါ) အမြဲသတိထား နေတတ်ပါတယ်။ ဥပမာ- ကျွန်မ လန်ဒန် ရောက်ပြီး အိမ်ငှားနေခဲ့တဲ့အရပ်ရဲ့နာမည် စာလုံးပေါင်းက Chiswick ဆိုတော့ ဒေသခံမဟုတ်ရင် ချစ်(ခ်) ဝစ် (စ်)လို့ပဲ အသံထွက်ကြမှာ ဖြစ်ပါတယ်။ တကယ့် အသံထွက်က ချစ်ဇစ် (ခ်)ဆိုတာ သူ့အရပ်ရောက်မှသာ ကြားလာ၊ သိလာခဲ့ ရတာပါ။ တစ်ခါက ကျွန်မ မြေအောက်ရထားနဲ့ ရုံးအသွား ကမ္ဘာလှည့်ခရီးသွား အမေရိကန်အုပ်စုနဲ့ ဆုံခဲ့ဖူးတော့ သူတို့က မြေပုံကိုကြည့်ပြီး တစ်ယောက်က "ဟော့. . . ငါတို့ နောက်နှဘူတာ၊ လီဆက်စတာ စကွဲဘူတာမှာ ဆင်းကြမယ် နော်"တဲ့ အဲဒီဘူတာက ဒေသခံတွေက လက်(စ်)တာစကွဲလို့ အသံထွက်တဲ့ Leicester Square ဘူတာ ဖြစ်နေပါတယ်။ အဲဒီကတည်းက ကျွန်မ ဘယ်အရာ ကိုမဆို အရင်သေချာအောင် လေ့လာပြီးမှ ပြောဆိုတဲ့ အကျင့်လုပ်လာခဲ့ပါတယ်။

မြန်မာနိုင်ငံက ကလေးငယ်လူငယ်ကလေးတွေ ဗဟုသုတအထွေထွေ



ငွေဖျိုင်းဖြူကဏ္ဍကို နှစ်ခြိုက်ခဲ့သောကလေးများသို့ မေတ္တာလက်ဆောင် ပေးပို့ခဲ့ရသော ဒေါ်လေးခင်မြဆွေရဲ့ အမှတ်တရ ဓာတ်ပုံ

တစ်ဖက်တစ်လမ်းက ရစေဖို့ရည်ရွယ်ပြီး အပတ်စဉ် လွှင့်ထုတ်ပေးနေတဲ့ 'ငွေဖျိုင်းဖြူကဏ္ဍ'ကနေလည်း ကလေးတွေကို အင်္ဂလိပ် အသံထွက် အမှန်ကလေးတွေ နည်းနည်းချင်း ပြောပြ၊ သင်ပြခဲ့ဖူးပါတယ်။ ကျွန်မ စေတနာ ထိရောက်ခဲ့တာလည်း ငွေဖျိုင်းဖြူကလေးတွေဆီက စာလေးတွေ ဖတ်ရလို့ သိခဲ့ရပါတယ်။ တစ်ခါမှာ "ဒေါ်လေးရေ. . . ဒေါ်လေး ဒီတစ်ပတ် ငွေဖျိုင်းဖြူမှာ ထည့်ပြောသွားတဲ့ အင်္ဂလိပ်တွေ ပြောတဲ့ အသံထွက်အမှန် ပန်းခြံ 'PARK' ကို အမှတ်တမဲ့ပဲ "ကျွန်တော်တို့က 'ပတ်(ခ်)'လို့ အသံထွက်တတ်ကြပေမဲ့ ခုတော့ (ဖာ့ခ်)လို့ ပီပီပြင်ပြင် ပြောတတ်လာကြပါပြီ။ နောက်တစ်ခါကျရင် တာဝါအော့ လန်ဒန် မဟုတ်ဘူးနော် "ထာ(ဝ်)အော့လန်ဒန် (Tower of London) အကြောင်း ပြောပြပါဦး"လို့ ရေးလာတဲ့စာမျိုးလေးပဲ ရခဲ့ဖူးတာမို့ ကျွန်မ ကြိုးစား ရကျိုးနပ်ခဲ့တယ်လို့ ဆိုရပါမယ်။

* * *

## Bush House ရုံးခန်းက အမှတ်တရများ

အချိန်နဲ့ တစ်ပြေးညီ ထွက်လာနေတဲ့ ကမ္ဘာ့သတင်း၊ မျက်မှောက်ကမ္ဘာ့ ရေးရာတွေကို နေ့စဉ်နေ့တိုင်း အင်္ဂလိပ်က မြန်မာလို ဘာသာပြန်ဆိုပြီး အမိမြေကို အသံလွှင့်ပေးနေခဲ့သလို ဗဟုသုတ အထွေထွေကို ကိုယ်တိုင်ကွင်းဆင်းလေ့လာ လွှင့်ထုတ်ပြောကြားပေးနေခဲ့ရတဲ့ ဒီတုန်းက ကျွန်မတို့ BBC ကမ္ဘာတစ်လွှား အစီအစဉ်တွေကို အသံလွှင့်နေရတဲ့ နေရာကတော့ London မြို့လယ်လောက်မှာရှိတဲ့ Aldwich အရပ်က Bush House ဆိုတဲ့ အဆောက်အအုံကြီး ဖြစ်ပါတယ်။ အခုတော့ နေရာပြောင်းရွှေ့သွားပြီ ဖြစ်ပါတယ်။ ကျွန်မ ၁၉၇၇ ခုနှစ် BBC မှာ စ အမှုထမ်းခဲ့ချိန်က Bush House ရဲ့ အလယ် Block (၆)ထပ်မှာရှိပြီး KINGSWAY လမ်းမကြီးကို မျက်နှာမူထားတဲ့ အခန်းကြီးဟာ မြန်မာပိုင်း ဝိုင်းတော်သားတွေရဲ့ ရုံးခန်းပဲပေါ့ရှင်။ ဒီတုန်းက ကျွန်မ BBC ကို ရောက်ပြီး တစ်နှစ်ကျော်ကျော်လောက်မှာတော့ မြန်မာပိုင်း အစီအစဉ်မှာ ရှားရှားပါးပါး အမျိုးသမီးလေး နှစ်ယောက်တည်း ရှိနေရာကနေ ညီမငယ်သမျှ ခင်မင်ရတဲ့ ဒေါ်မြမြမြိုင် က ကန်ထရိုက် စေ့သွားပြီး အမေရိန်ကန်နိုင်ငံကို ထွက်သွားခဲ့တာမို့ ကျွန်မမှာ တစ်ဦးတည်းသော အမျိုးသမီး ရှားပါးပစ္စည်းဖြစ်ခဲ့တာပေါ့ရှင်။ လုပ်ဖော်ကိုင်ဖက် အမျိုးသားကြီးတွေမှာလည်း တစ်ခါ တစ်ခါတော့ ကျွန်မက အမျိုးသမီးဆိုတာ သတိလစ်ပြီး မဆင်မခြင် ပြောကြဆိုကြ ဖြစ်လာကြပြီဆိုရင် "ကဲ. . . ကဲ. . . အစ်ကိုကြီးတို့ရေ

. . . ဒီအခန်းထဲမှာ ကျွန်မဆိုတဲ့ အမျိုးသမီးလေးတစ်ယောက် ရှိနေသေးတယ်ဆိုတာ သတိထားကြပါဦးရှင်"လို့ ဆိုလိုက်မှ သူတို့လည်း ဆောရီးချင်းမိုးမွှန်ပြီး တောင်းပန်မဆုံး ဖြစ်ခဲ့ကြတာကိုလည်း အမှတ်ထင်ထင် ရှိနေဆဲပါပဲရှင်။

ဒီနိုင်ငံ၊ ဒီဌာနရောက်မှ သိကျွမ်းခင်မင်လာကြတဲ့ မိတ်ဆွေတွေကလည်း (၁)နှစ်ကျော် ကြာတဲ့အထိ ခင်ပွန်းသည် မရောက်လာသေးလို့ တစ်ယောက်တည်း စိတ်အားငယ်နေမှာပဲဆိုပြီး အားပေးချင်တဲ့စိတ်နဲ့ရော၊ သူတို့ဓလေ့ထုံးစံအရရော ညစာစားဖို့၊ ရုပ်ရှင်ကြည့်ဖို့ လာလာပြီး ဖိတ်ခေါ်တတ်လေ့ရှိပါတယ်။ အဲဒီလို လာဖိတ်ကြတိုင်း ကျွန်မက "ကျေးဇူးတင်ပါတယ်၊ ခုတော့ ကျွန်မ အချိန်မပေးနိုင်သေးပါဘူး။ ကိုမင်းညို လာမှ သွားကြတာပေါ့နော်"လို့ ပြုံးပြုံးချိုချို ငြင်းလေ့ရှိတာကို တွေ့တွေ့နေတဲ့၊ ကျွန်မရဲ့ မျက်စောင်းထိုး စားပွဲမှာထိုင်နေတဲ့ တစ်ခါက သူလည်း ငွေဗျိုင်းဖြူကလေးတွေရဲ့ အစ်ကိုကျော်ဖြစ်ခဲ့သူက "အင်း. . . တော်သေးတာပေါ့။ ဒေါ်လေးက ခုပြောပြော နေသလိုမျိုး ကိုမင်းညို လာမှ ရေချိုးမယ်ဆိုရင်တော့ ကျွန်တော်တို့ တစ်ခန်းလုံးသွားပြီ"လို့ စလေ့ နောက်လေ့ ရှိတတ်တာ ဖြစ်ပါတယ်။

ဒီလိုနဲ့ ကျွန်မလည်း စရောက်ကတည်းက အိမ်လွမ်းစိတ်ကို ဖိနှိပ်နိုင်အောင် အလုပ်မှာနှစ်ပြီး စိတ်ပါလက်ပါ တာဝန်တွေ ထမ်းဆောင်နေခဲ့ပါတယ်။ ဒီတော့လည်း 'ငွေဗျိုင်းဖြူဒေါ်လေး'ဆီ သီချင်း၊ ကြားချင်သမျှလေးတွေ စာတွေရေး မိတ်ဆက်မေးမြန်းလာကြတဲ့ စာတွေကလည်း စံချိန်တင်ရလောက်အောင် အတော်ကြီးများလာခဲ့တော့ ဌာနအနေနဲ့လည်း မျက်နှာပန်းလှပြီး အားလုံးရဲ့ အရေးထား လေးစားခြင်း ခံခဲ့ရပါတယ်။ ကျွန်မ အလုပ်ဝင်ပြီး (၃)နှစ်ကျော်ကျော်လောက်အကြာမှာတော့ BBC ကမ္ဘာ့တစ်လွှားဌာနကြီးမှာ ငွေကြေးအသုံးစရိတ် လျှော့ချရဖို့ အခြေအနေ ဖြစ်လာခဲ့ပါတယ်။ ဒီတော့ ဘယ်ဌာနတွေ ဖျက်သိမ်းပြစ်ရမလဲ စဉ်းစားလာကြရတော့ မြန်မာပိုင်း အစီအစဉ်လည်း ဖျက်သိမ်းမယ့်အထဲ ပါလာပါလေရောရှင်။ အဲဒီမှာတင် ဘယ်ဌာန

ဖျက်သိမ်းသင့်မသင့် ဆိုတာတွေ အဘက်ဘက်က ဝေဖန်သုံးသပ်တော့တာပေါ့။ သောတရှင် ပရိတ်သတ် အခြေအနေ သဘောထား အားပေးမှုတွေက အစ ထည့်စဉ်းစားပြီး သက်ဆိုင်ရာတွေမှာ တင်ပြပြောဆိုကြရတာပေါ့။ ကျွန်မတို့ မြန်မာဌာနကို ရေးလာကြတဲ့ သောတရှင်တွေရဲ့စာတွေထဲကနေလည်း သင့်တော်ရာကလေးတွေ ရွေးပြီး တင်ပြခဲ့ကြရရာမှာ ကျွန်မရဲ့ ငွေဖျိုင်းဖြူကလေး တစ်ယောက်ရဲ့ စာကလေး တစ်စောင်လည်း မှတ်မှတ်ရရ ပါသွားခဲ့ပါတယ်။ မြန်မာပိုင်းဌာနမှုနဲ့တကွ လူကြီးပိုင်း တစ်စုလုံးရဲ့စိတ်ကို ကျုံးယူ ဆွဲဆောင်သွားစေခဲ့တဲ့ အဲဒီ စာကလေးတစ်စောင်ထဲမှာ "ငွေရေးကြေးရေး အခက်အခဲကြောင့် BBC မြန်မာပိုင်းအစီအစဉ်ကို ဆက်မလွှင့်တော့ဘဲ ရပ်ပစ်တော့မယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်၊ ကျွန်မတို့ရဲ့ မုန့်ဘိုးတွေ မုန့်မစားတော့ဘဲ တစ်လကို ကျပ်ငွေတစ်ဆယ် မှန်မှန်ပို့ပေးပါမယ်။ မြန်မာပိုင်း အစီအစဉ်ကိုတော့



ကျွန်မ ဖေဖေနဲ့ မေမေတို့ လန်ဒန် လိုက်လာစဉ်က BBC Bush House ရှေ့တွင် အမှတ်တရ

ဖျက်သိမ်းတဲ့အထဲ မထည့်ပါနဲ့ ဆက်လက်ပြီး အသံလွှင့်ပေးပါလို့ ဝန်ကြီးချုပ် မာဂရက်သက်ချာကို ပြောပြပေးပါ ဒေါ်လေးရေ"လို့ ရေးထားခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဒီတုန်းက မြန်မာပိုင်း အစီအစဉ် ဖျက်သိမ်းတဲ့အထဲ ပါ မသွားခဲ့ဘဲ ဒီကနေ့အထိ ဆက်လက်ရှင်သန် တိုးတက်နေဆဲ ဖြစ်ပါတယ်။

ကျွန်မ လန်ဒန်ရောက်ပြီး အတော်ကြာတဲ့အထိ ခင်ပွန်းသည် ခမျာမှာ တော့ ဒီတုန်းက ဌာနဆိုင်ရာတွေရဲ့ စည်းကမ်းချက်တွေကြောင့် ကျန်းမာရေးဌာန က ထွက်ခွင့်မရဘဲ ရှိနေတာမို့ ကျွန်မ နောက်လိုက်လာဖို့ အချိန်တွေ နှောင့်နှေး နေခဲ့ရပါတယ်။ ဒါနဲ့ပဲ ကျွန်မတစ်ယောက်တည်း စိတ်ဓာတ်ကျ၊ စိတ်အား ငယ်နေမှာ စိုးရိမ်ပြီး ဖေဖေနဲ့ မေမေကိုပဲ Passport အမြန်လုပ်ပေးပြီး UK ကို သွားနိုင်အောင် စီစဉ်ပေးခဲ့တာမို့ ကျွန်မ London ရောက်ပြီး (၆)လ အကြာမှာ ဖေဖေနဲ့ မေမေ London ရောက်လာခဲ့ကြပါတယ်။ ဒီတော့မှပဲ တစ်ယောက်တည်း ဖြစ်သလိုစားပြီး အလုပ်ထဲမှာသာနှစ်ထားလို့ ကိုယ်အလေး ချိန် ပေါင် (၁၀၀)တောင် မပြည့်တော့အောင် ပိန်ချိနေတဲ့ ကျွန်မမှာ မေမေ့ လက်ရာတွေစား၊ ဖေဖေ့လူမှုရေး၊ ဘာသာရေးဦးဆောင်မှုတွေနဲ့ လူလူသူသူ ပြန်ဖြစ်လာခဲ့ပါတယ်။ ကျွန်မ လန်ဒန်ရောက်ပြီး (၁)နှစ်နဲ့ (၄)လ အကြာကျမှ ဦးမင်းညို လန်ဒန် ရောက်လာခဲ့ပါတော့တယ်။ သူ ရောက်လာပြီး တစ်လတောင် မကြာပါဘူး။ ဖေဖေနဲ့ မေမေလည်း သမီးထွေး 'ဆွေ'ကမွေးတဲ့ မြေးမလေး နှင်းဖြူဖြူဖွေးကို ကြည့်ချင်ဇောနဲ့ မြန်မာနိုင်ငံ ပြန်ပြေးကြတော့တာပါပဲရှင်။

အဲဒီတုန်းက နိုင်ငံရပ်ခြားမှာ တရားဝင် အလုပ်သွားလုပ်ကြသူတွေ အနေနဲ့ ကိုယ်ရတဲ့လစာငွေထဲက မိဘအိမ်ထောင်စုတွေအတွက် တစ်နှစ်ကို မော်တော်ကားတစ်စီးဝယ်ပြီး ပို့ခွင့်ရှိခဲ့တာ ဖြစ်ပါတယ်။

BBC မှာ အလုပ်ဝင်တာ တစ်နှစ်ကျော်သွားပြီဖြစ်တဲ့ ကျွန်မ အနေနဲ့ လည်း ကားတစ်စီး သွင်းခွင့်ရနေပြီမို့ ဖေဖေနဲ့ မေမေ အိမ်ပြန်ချိန်မှာ ကား တစ်စီး ပို့ပေးနိုင်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ခွန်ကိုယ့်အားနဲ့ ရှာထားတဲ့ ငွေနဲ့ မိဘကျေးဇူး ဆပ်နိုင်ခဲ့ပါတယ်။ အဲဒီနှစ်မှာ UK ကို ရောက်လာပြီး၊

ဌာနေမြန်မာပြည်မှာကတည်းက အရည်အချင်းပြည့် ဆရာဝန်ဖြစ်အောင် ကြိုးစားလာခဲ့တဲ့ ဆရာမင်းညိုလည်း သူ အထူးပြုထားခဲ့တဲ့ သားဖွားနဲ့ မီးယပ် (OG) ဌာနမှာပဲ အလုပ်ရခဲ့ပြီး နောက်တစ်နှစ် ၁၉၈၀ ခုနှစ်မှာ သူ့ရဲ့ ကျေးဇူးရှင် မိခင်ကြီးအတွက် မော်တော်ကားတစ်စီး ပို့ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ရတဲ့လစာထဲက ဌာနေကို ပြန်ပို့လို့ရတဲ့ကား၊ ပုံနှိပ်စက် စတာတွေ ကျွန်မတို့နှစ်ယောက် တစ်လှည့်စီ ပို့ကြရတဲ့ငွေနဲ့ နှစ်ဖက်မိဘကိုလည်း လိုလေသေးမရှိ ထောက်ပံ့ရင်းက အင်းယားလိတ်ဟိုတယ်ရဲ့ တစ်ဖက်ကမ်း အင်းလျားကန်စောင်းမှာ အိမ်တစ်ဆောင် ဆောက်ဖြစ်သွားပြီး မိဘတွေနေသွားခဲ့ကြတာ သူတို့ ကွယ်လွန်သွားခဲ့ကြတဲ့ အချိန်ထိပါပဲရှင်။

ကျွန်မ မောင်လေး ဗိသုကာအင်ဂျင်နီယာ ဦးတင်မောင်လှ ကိုယ်တိုင် ပုံဆွဲကြီးကြပ်ပြီး ဆောက်လုပ်ပေးခဲ့တဲ့ နံပါတ်(၁) ဦးထွန်းငြိမ်းလမ်းအိမ်ကတော့ ဖေဖေ မေမေတို့ ကွယ်လွန်သွားကြတဲ့အထိ မိသားစုတွေ တပျော်တပါး နေသွားခဲ့ကြရတဲ့ အိမ်ကြီးပါပဲ။ ဧည့်ခန်းဘေး မြက်ခင်းစိမ်းစိမ်းကြီးပေါ်ကနေ အင်းယားကန်ရေပြင်ကို ဖြတ်ပြီး အင်းယားလိတ် (Inya Lake) ဟိုတယ်ကြီးကို လှမ်းမြင်နေရတဲ့ ရှုခင်းကလည်း မမေ့နိုင်စရာပါပဲ။



မရမ်းကုန်း၊ ဦးထွန်းငြိမ်းလမ်းအိမ်ရှေ့မှ ကျွန်မတို့ ဇနီးမောင်နှံရဲ့ အမှတ်တရ

ကျွန်မတို့ ဇနီးမောင်နှံလည်း တစ်နှစ် တစ်ခါ ဆိုင်ရာဆိုင်ရာ အလုပ်တွေကနေ ခွင့်တစ်လ ယူကြပြီး နှစ်စဉ် ကိုယ့်အိမ် ကိုယ်ပြန်၊ အိမ်အတွက် လိုတာလေးတွေထည့်ကြ၊ ဖြည့်ကြနဲ့ပေါ့ရှင်။

တစ်နှစ်မှာတော့ ဆရာမင်းညိုက လူများများစားနိုင်မဲ့ ထမင်းစားစားပွဲ၊ ကုလားထိုင်တွေကို ကျွန်းသစ် အသားသန့်သန့်နဲ့ စိတ်ကြိုက်မှာပြီး လုပ်လာခဲ့တော့ ဖေဖေက "အညိုကလေ တစ်နေ့တခြား ဘကြီး ဆရာဝန်ကြီးနဲ့ တူတူလာတယ်။ အိမ်ထောင်ပရိဘောဂတွေကိုလည်း ကြီးကြီးမားမားကြီးတွေ ကြိုက်တယ်။ မိန်းမ ကိုလည်း သွားလေရာ အမြဲခေါ်ခေါ်သွားတတ်တယ်"လို့ ပြောလို့ ကျွန်မက မေမေ့ကို ဘယ်သူလဲလို့ မေးတော့ ဘကြီးဆရာဝန်ကြီးဆိုတာ ဖေဖေ့ မိခင် ဒေါ်မမကြီးရဲ့ ညီမ ဒေါ်မြမြရဲ့ ခင်ပွန်း ဆရာဝန်ကြီး ကာနယ်ဘခက်ကို ပြောတာဆိုမှ ကျွန်မတို့ နှစ်ဝမ်းကွဲ အစ်ကို ရှပ်ရှင်မင်းသား ဝင်းညွန့်၊ ဝင်းဦးတို့ရဲ့ မိခင် ဖေဖေ့ အစ်မတစ်ဝမ်းကွဲ Aunty မင်းနီရဲ့ ဖခင် ဆရာဝန်ကြီး ကာနယ်ဘခက်ကို ပြောတာလို့ သိခဲ့ရတာကိုလည်း မှတ်မှတ်ရရ ရှိနေခဲ့ရပါတယ်။

ကျွန်မတို့နှစ်ယောက် ဝင်ငွေနဲ့ မြန်မာနိုင်ငံကို တရားဝင်ပြန်ပို့ခွင့်ရှိတဲ့ ငွေနဲ့ ခုလို စိတ်ကြိုက် အိမ်ကောင်းကောင်းလေးတစ်လုံး ဆောက်လုပ်ပိုင်ဆိုင်ခွင့် ရှိခဲ့တာဟာလည်း ရောက်လေရာအရပ်မှာ အကူအညီ လိုနေသူတွေကို နှစ်ယောက်သား တက်ညီလက်ညီ စေတနာသန့်သန့်နဲ့ ကူညီခဲ့တတ်တဲ့ အကျိုးကျေးဇူးပဲလို့ ကျွန်မ ယုံကြည်မိပါတယ်။ လန်ဒန်ရောက်စက ငှားနေခဲ့တဲ့ Chiswick အိမ်ကတော့ ဧည့်သည်တွေ အတော်ပျော်တဲ့ အိမ်လို့ဆိုရပါမယ်။ အဲဒီခေတ် အဲဒီအခါက U.K ကို အစိုးရကလွှတ်လို့ လာရတယ်ဆိုတာဟာ ဘွဲ့လွန်သင်တန်းတက်ဖို့၊ ရက်တိုသင်တန်းတက်ဖို့အတွက် လာကြတဲ့ ဆရာဝန်တွေ၊ တက္ကသိုလ်က ဆရာတွေ များပါတယ်။ ခုခေတ်လို လူငယ်ကျောင်းသူ ကျောင်းသားတွေ သိပ်မရှိလှပါဘူး။ လာရတဲ့သူတွေက ဆရာဝန်တွေများတော့ ကျွန်မခင်ပွန်းရဲ့ အသိတွေ၊ ကျောင်းတုန်းက သူငယ်ချင်းတွေများတာမို့ ကျွန်မတို့

အိမ်က ရက်ရှည်ရက်တို တည်းခိုနားနေရာ အိမ်လိုဖြစ်နေခဲ့ပါတယ်။ UK ကို (၆) လ၊ တစ်နှစ်ကနေ ၃-၄ နှစ် ဘွဲ့လွန် သင်တန်းလာတက်ကြတာများပါတယ်။ အဲဒီခေတ် အဲဒီအချိန်က အစိုးရစားရိတ်နဲ့ ပညာတော်သင် နိုးနှောဖလှယ်ပွဲက အစ ဆေးကုသမှုခံယူမှုအဆုံး အစိုးရရဲ့ခွင့်ပြုချက်နဲ့ နိုင်ငံခြားလာကြသူတွေ အနေနဲ့ အစိုးရကပေးတဲ့ငွေကို စုဆောင်းပြီး မော်တော်ကားလေးတစ်စီးတော့ ဝယ်သွားနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မနဲ့ ဆရာမင်းညိုလည်း ရောက်လာတဲ့ မိတ်ဆွေတွေ၊ ဆရာတွေ သူတို့ငွေတတ်နိုင်သလောက် စုဆောင်းမိအောင် အိမ်မှာနေ အိမ်မှာစားစေပြီး တတ်နိုင်သလောက် အကူအညီတွေ ပေးခဲ့ကြဖူးတဲ့ အကျိုးဆက်ကြောင့် ကျွန်မတို့လည်း အကျိုးခံစားလာရတာလို့ ဆိုရပါမယ်။ ဧည့်သည်တွေကလည်း တစ်ယောက် ရောက်လာပြီး ဆောင်းရာသီနဲ့ ကြုံလို့ London ဆောင်း အအေးဒဏ်ခံနိုင်မယ့် အနွေးထည် ကုတ်အကျီတွေ ဝတ်နေခဲ့ကြရတယ်။ ပြန်ခါနီးကျတော့ ရာသီဥတုကလည်း သိပ်မအေးတော့၊ ကိုယ့်အိမ်ကို ပြန်သယ်သွားရမဲ့ ပစ္စည်းတွေ၊ ဝယ်ခြမ်းထားတာတွေကလည်း များတော့ သယ်သွားခွင့်ရှိတဲ့ အလေးချိန်ထက် ပိုများ နေတတ်ကြတာကြောင့် မလိုတော့တဲ့ အနွေးထည်ကြီးတွေကို ထားရစ်ခဲ့ရတော့တာပေါ့ရှင်။ ဒီလိုနဲ့ပဲ တစ်ယောက် ပြန်သွားလိုက်၊ မလိုတော့ မသယ်နိုင်တော့တဲ့ အနွေးအကျီတွေ ကျန်ခဲ့လိုက်နဲ့ ဆိုတော့ ကျွန်မတို့ အိမ်က Cloak Room ခေါ်တဲ့ အနွေးထည်အကျီတွေ ချိတ်ထားရာ အခန်းလေးထဲမှာ ကုတ်အကျီတွေ များသထက် များလာခဲ့ပါတော့တယ်။

အေးလွန်းလှတဲ့ ဆောင်းရာသီအချိန်ရောက်လာပြီး လန်ဒန်ဆောင်း အအေးဒဏ် မခံနိုင်တဲ့ မြန်မာနိုင်ငံက ရောက်စ မိတ်ဆွေတွေကို "အဲဒီအခန်းထဲက အနွေးအကျီတွေ ကြိုက်ရာ၊ တော်ရာ ယူသာဝတ်ပါတော့"လို့ ပြောခဲ့ရပါတယ်။ ဒါကြောင့်ပဲ မြန်မာနိုင်ငံဘက်က ကျွန်မတို့နဲ့ ရင်းနှီးသူတွေကြားမှာ "London သွားရင် ဘာမှမပူနဲ့၊ ဒေါက်တာမင်းညိုနဲ့ နီနီတို့အိမ်ကိုသာ ရောက်အောင်သွား၊ ထမင်းလည်း ကျွေးတယ်၊ အနွေးထည်လည်း ပေးတယ်လို့

အပြောင်းအပျက် ပြောစရာတောင် ဖြစ်ခဲ့ရပါတယ်။ မှတ်မှတ်ရရ ဆရာမင်းညို Week-end-duty သောကြာမနက်ကစပြီး တနင်္လာနေ့ ညနေအထိ ဆေးရုံမှာ သွားနေရတဲ့အခါ၊ အိမ်ကဘော်ဒါတွေလည်း မရှိတုန်း၊ အိမ်အောက်ထပ်က တံခါး Bell သံကြားလို့ သွားကြည့်လိုက်တော့ အထုပ်အပိုးတွေနဲ့ ကျွန်မ တစ်ခါမှ မမြင်ဖူးတဲ့ အမျိုးသားကြီးနှစ်ယောက်ကို တွေ့လိုက်ရပါတယ်။ ကျွန်မ လည်း ကြောင်တောင်တောင်ဖြစ်နေတုန်း သူတို့က "ဒေါက်တာမင်းညို ဇနီး ထင်တယ်၊ ကျွန်တော်တို့က ကိုမင်းညိုနဲ့ သိပါတယ်။ ဒီမှာတည်းခိုဖို့တော့ ပြော မထားခဲ့ပါဘူး။ ဒါပေမဲ့ အခု London Heathrow လေဆိပ်ရောက်မှ မြေပုံကြည့်လိုက်တော့ ကိုမင်းညိုအိမ်နဲ့ နီးနေတာနဲ့ ကျွန်တော်တို့ ဒီမှာ (၃)ရက် လောက် တည်းမယ်ဆိုပြီး လာခဲ့တာပါတဲ့။ ကဲ . . . အဲဒီလို ဧည့်သည်မျိုးတွေ လည်း ရှိခဲ့ဖူးပါတယ်။ ဘယ်တတ်နိုင်မှာလဲရှင် တစ်ကျွန်း တစ်ပြည်မှာ အကူ အညီ လိုနေကြသူတွေပဲ မဟုတ်ပါလား။ ခင်ပွန်းသည်ကိုယ်စား ကျွန်မ ဧည့်ဝတ် ကျေခဲ့ရပြန်တာပေါ့ရှင်။

ကိုယ့်စရိတ်နဲ့ ကိုယ်ဆေးလာကုရသူတွေဆိုရင်တော့ ကျွန်မတို့ နှစ်ယောက်က ပိုပြီး ဂရုတစိုက် ကူညီခဲ့ကြတာမို့ ကုသိုလ်တွေနဲ့ ခင်မင်မှု မေတ္တာ တွေ အလျှံပယ်ရခဲ့ကြရတာလည်း ဖြစ်ပါတယ်။ အဲဒီလို အဲဒီလို ခေတ္တခဏ ပဲဖြစ်ဖြစ် စိတ်အေးချမ်းသာ ခိုနားစရာတွေ မျှဝေပြီး စေတနာသန့်သန့်နဲ့ မေတ္တာတွေ ဖြန့်ဝေခဲ့ကြတဲ့ အကြောင်းကြောင်းတွေကြောင့် ကျွန်မတို့ အကျိုးတွေ အများကြီးရခဲ့သလို အတိတ်က မသန့်စင်ခဲ့ဖူးတဲ့အကြောင်းကြောင့်လည်း စေတနာကို စေတနာမထင် အမြင်မှား၊ အထင်မှား ခံရတာမျိုးလည်း ကြုံခဲ့ရဖူး တာမို့ လောကဓံတရားထဲက လွတ်အောင်ရုန်းထွက်နိုင်သူတော့ မဖြစ်နိုင်ခဲ့သေး ပဲရှိခဲ့ရပါတယ်။

* * *

# အင်္ဂလန်မြေက ဘဝအတွေ့တွေ

ကျွန်မတို့ BBC မြန်မာပိုင်း အစီအစဉ် အနေနဲ့ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေ၊ မျက်မှောက်ကမ္ဘာ့ရေးရာတွေကို အချိန်နဲ့တစ်ပြေးထဲညီ လွှင့်ထုတ်ပေးနေခဲ့သလို သောတရှင် အရွယ်ရွယ် အစားစားအလိုက် စိတ်ဝင်စားစရာလေးတွေ ဖြစ်စေမဲ့ အစီအစဉ်တွေကိုလည်း အမျိုးမျိုးအဖုံဖုံ ရိုးမသွားရလေအောင် တင်ဆက်လွှင့်ထုတ်ပေးနေခဲ့ကြတာ ဖြစ်ပါတယ်။



ကျွန်မရဲ့ ဇာတ်ဆရာ **Mr. William Crawley** နဲ့ အမှတ်တရ

မေးပါများ စကားရကဏ္ဍ၊ ငွေဖျိုင်းဖြူကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ အင်္ဂလိပ်စာပို့ချ ချက်၊ သောကနဲ့ ပေါ်စ၊ ဆေးမြီးတိုကဏ္ဍ စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍ တာဝန်ခံတွေအနေနဲ့ ပျော်ပျော်ကြီး ထုတ်လွှင့်တင်ဆက်ပေးနေခဲ့ကြတာ ဖြစ်ပါ တယ်။ သောက၊ ဒုက္ခတွေကြုံခဲ့ရပြီး မိဝေးဖဝေး တစ်ရပ်တစ်ကျေးကို ရောက်လာ တဲ့ ကျွန်မကို ရောက်စကတည်းက မျိုးမတူ ဘာသာခြားပေမဲ့ ဖခင်အရင်းတစ်မျှ ဂရုဏာထား အားပေးချစ်ခင်ခဲ့တဲ့ ဒီတုန်းက မြန်မာပိုင်း အစီအစဉ်မှူး Mr. Derek Polson အငြိမ်းစားယူသွားခဲ့အပြီး နောက်ပိုင်း ရောက်လာသူကတော့ Mr. William Crawley ဖြစ်ပါတယ်။

အဲ. . . သူ့ကိုတော့ ဇာတ်ဆရာခေါ်ရမလား၊ အနုပညာရှင် ဒါရိုက်တာ ခေါ်ရမလား မသိပါဘူးရှင်။ ရေဒီယိုဇာတ်လမ်းတွေ အသံလွှင့် ပြဇာတ်တွေ ကြိုက်သူမို့ အသံလွှင့်ဇာတ်လမ်းတွေ အတော်များများ စီစဉ် ထုတ်လွှင့်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီမှာတင် မြန်မာပိုင်းအစီအစဉ်ရဲ့ တစ်ဦး တည်းသော ဝိုင်းတော်သူ အမျိုးသမီး ကျွန်မမှာ မတတ်တတတ်နဲ့ ပြဇာတ် မင်းသမီး ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရပါတော့တယ်။

မှတ်မှတ်ရရ အသံမင်းသမီးအဖြစ်နဲ့ ဌာနမှာ အသက်အကြီးဆုံး ဦးလေးကြီးဖြစ်တဲ့ Uncle ဦးခင်နဲ့ မင်းသမီး မင်းသားအဖြစ် ပြဇာတ်တစ်ခု အသံသွင်းခဲ့ကြတုန်းက အသံမင်းသားလုပ်တဲ့ Uncle ဦးခင်က သူ့အသံ မင်းသမီး နှင်းရည်ကို ချစ်ခင်ကြင်နာစကားတွေ ပြောရမဲ့နေရာမှာ နေ့လယ်စာ လွတ်သွားတဲ့ ကျွန်မ (နှင်းရည်)ရဲ့ ဗိုက်ထဲက တစ်ဂွီဂွီမြည်သံတွေကြားလိုက်တော့ "နှင်းရည်ရယ် ညည်းဗိုက်ထဲကအသံတွေကလည်း မြည်လှချည်လား"လို့လည်း ပြောလိုက်ရော ကျွန်မမှာ အသံဆက်မသွင်းနိုင်လောက်အောင် ရယ်နေရတဲ့ ပျော်စရာ အဖြစ်မျိုး ကြုံခဲ့ရဖူးတာကလည်း မမေ့နိုင်စရာပေါ့ရှင်။

ဦးနေဝင်း ထုတ်လွှင့်တဲ့ အသံလွှင့်ဇာတ်လမ်းတစ်ခုမှာလည်း အရက် သမားကြီးက ဇနီးဖြစ်သူကို ညှဉ်းပန်းနှိပ်စက်ပုံသရုပ်ဖော်ရာမှာ သူ့ကို နှိပ်ခိုင်းရင်း တစ်ချိန်တည်းမှာ သီချင်းဆိုခိုင်းတာ အရက်မူးသံကြီးနဲ့ အော်ဟစ်ပြောနေတာကို

အရက်မူးသမားကြောက်လှတဲ့ ကျွန်မမှာ သီချင်းဆိုတာတောင် တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့နဲ့ ဖြစ်သွားပြီး သဘာဝကျသွားခဲ့ရဖူးပါတယ်။

အင်္ဂလိပ် ဂန္ထဝင် စာပေတွေ၊ ပြဇာတ်တွေထဲကလည်း Romeo နဲ့ Juliet, Blyth Spirit စတဲ့ အသံလွှင့်ဇာတ်လမ်းတွေ အမျိုးမျိုး လွှင့်ထုတ်ခဲ့ကြရပါတယ်။ နာမည်ကျော် အင်္ဂလိပ်စာရေးဆရာကြီး Thomas Hardy ရဲ့ Far from the madding crowd ဆိုတဲ့ ဇာတ်လမ်းကို အသံလွှင့်ဇာတ်လမ်း လွှင့်ခဲ့ကြတုန်းကလည်း အသံနဲ့ သရုပ်ဆောင်နေကြတာမို့ လူကို မြင်ကြရတာ မဟုတ်ပေမဲ့ ပြဇာတ် ဝါသနာပါလှတဲ့ ဌာနမှူး William က အဝတ်အစားတွေနဲ့ လူတွေကိုပါ မြင်စေချင်တော့ အကြံအဖန်တွေ လုပ်ပါလေရောရှင်။



သိုးခြံပိုင်ရှင် **Farmer Oak** နဲ့ သူဌေးမ **Bathsheba** အဖြစ်
ဦးနေဝင်းနဲ့ ကျွန်မ သရုပ်ဆောင်စဉ်

BBC မြန်မာပိုင်းကနေ တစ်နှစ်တစ်ခါ ပုံနှိပ်ထုတ်ဝေလေ့ရှိတဲ့ Programme Guide အစီအစဉ် ကဒ်ပြားမှာ ကြော်ငြာထည့်ဖို့ ဆိုပြီး ဇာတ်လမ်းထဲက အဓိက ဇာတ်ဆောင် သိုးခြံပိုင်ရှင် Farmer Oak နဲ့ သူဌေးမ Bathsheba တို့ကို သိုးတွေ နောက်ခံနဲ့ ဓာတ်ပုံရိုက်ကြဖို့ စီစဉ်ပါလေရောရှင်။ အဲဒီဇာတ်လမ်း ဖြစ်ပျက်ခဲ့တဲ့ ၁၆ ရာစု နှစ်တုန်းက ဇာတ်လိုက်တွေဝတ်တဲ့ အဝတ်အစားတွေ ကိုလည်း London က ရုံတင်ပြဇာတ်ကြီးတွေမှာ ဝယ်ဆင်လေ့ရှိတဲ့ အဝတ် အစားမျိုးစုံ အငှား ဌာနကနေ ငှားရမ်းခ အတော်များများ ပေးငှားပြီး၊ ကျွန်မတို့ ကို ဝတ်စေပြီး ဓာတ်ပုံရိုက်ကြဖို့ ဇာတ်ဆရာ William က စီစဉ်ခဲ့ပြန်ပါတယ်။

ဓာတ်ပုံရိုက်တဲ့နေ့ကျတော့ 'ဘက်ရှီဘာ'ကျွန်မက ငှားလာတဲ့ ၁၆ ရာစုနှစ်က လူ့ကုဏ်တန်အမျိုးသမီးတွေ ဝတ်လေ့ရှိတဲ့ Blouse အင်္ကျီလက်ရှည်နဲ့ စကပ်ဖောင်းဖောင်းပွပွ ကားကားရှည်ရှည်ကြီးဝတ်လို့ Farmer Oak လုပ်တဲ့ ဦးနေဝင်းကလည်း Tail Coat ခေါ်တဲ့ ရှေးခေတ် ဥရောပဝတ်စုံ ကုတ်အင်္ကျီ နောက်ကျောဘက်မှာ အမြီးရှည်ရှည်ချထားတဲ့ ဝတ်စုံနဲ့ ဦးထုပ်မြင့်မြင့်ကြီး ဆောင်းလို့ပေါ့ရှင်။ သိုးတွေ နောက်ခံထားတဲ့ပုံရိုက်ချင်တာမို့ ခုခေတ်မှာ သိုးအုပ်တွေရှိနေတတ်တဲ့ Richmond Park Richmond ပန်းခြံထဲကို သွားခဲ့ကြရပါတယ်။ Camera အဖွဲ့သားတစ်စု၊ ဦးထုပ်ရှည်ရှည် မြင့်မြင့်ကြီး ဆောင်းလို့အမြီးရှည် ကုတ်အင်္ကျီကြီး ဝတ်ထားတဲ့ အင်္ဂလိပ်လူမျိုး မဟုတ်တဲ့ လူတစ်ယောက်၊ စကပ်ရှည်ရှည် ပွပွကားကားကြီး တမမနဲ့ အပြေးကလေး လှမ်းလျှောက်နေတဲ့ အမျိုးသမီးစတဲ့ လူထူးလူဆန်းအုပ်စုတွေ အနားမရောက်ခင် မှာဘဲ သိုးအုပ်က ကျွန်မတို့နဲ့ ဝေးရာ ပြေးကြတော့တာပါပဲရှင်။ ကိုးရိုးကားရား ထူးဆန်းတဲ့ ဝတ်စုံနဲ့ လူတွေကနောက်ကလိုက်လေ သိုးအုပ်က ရှေ့ကပြေးလေနဲ့ ဝရုန်းသုံးကားဖြစ်နေတာကို ပန်းခြံထဲရှိတဲ့ လူတွေကဝိုင်းကြည့်နဲ့ ညနေတာ စောင်းသွားတယ်။ William လိုချင်တဲ့ သိုးအုပ်နောက်ခံပုံကတော့ မရခဲ့ဘဲ Farmer Oak တို့ စုံတွဲပုံသာ ရိုက်ခဲ့ကြရတဲ့ အဖြစ်ကလည်း မောလည်းမော၊ ပျော်လည်းပျော်စရာ အမှတ်တရလေးလည်း ဖြစ်ခဲ့ကြရပါတယ်။

အဲဒီလို အချိန်ပြည့်အမှုထမ်းဘဝနဲ့ BBC မှာ ပျော်ပျော်ပါးပါး အမှုထမ်းနေခဲ့ပြီး အမြဲတမ်း ဝန်ထမ်းအနေနဲ့ ဆက်လုပ်မယ်ဆိုရင် ကျွန်မလက်ရှိလုပ်နေတဲ့ (၃)နှစ် ကန်ထရိုက် နှစ်ခု (၆)နှစ် မပြည့်ခင် အလုပ်ခဏနားပြီး အမြဲတမ်း ရာထူးလျှောက်ရမယ်ဆိုတော့ England ကို စရောက်လာကြပြီးကတည်းက ဒီမှာ အမြဲမနေဘူး ပြန်မှာ၊ ပြန်မှာနဲ့ ဖြစ်နေခဲ့တဲ့ 'ကျွန်မ' ဒီတုန်းကလည်း စိတ်ကတော့ တကယ်ပြန်ချင်နေတာမို့ အမြဲတမ်း အချိန်ပြည့် အလုပ်ကို မလျှောက်တော့ဘဲ ကန်ထရိုက်ပြီးသွားရင်လည်း အချိန်ပိုင်းပဲ ဆက်လုပ်ဖို့ ဆုံးဖြတ်ပြီး ဆက်နေလာလိုက်တာ ၂၀၀၀ ပြည့်နှစ်အထိပဲ ဖြစ်ပါတယ်။ အချိန်ပိုင်းအမှုထမ်းဆိုပေမဲ့ လုပ်နေကျ အလုပ်တွေအပြင် အမျိုးသမီးကဏ္ဍ၊ အင်္ဂလိပ်စာ ပို့ချချက်ကဏ္ဍ စတဲ့ စတဲ့ ကြိုတင်အသံသွင်းပေးထားရတဲ့ ကဏ္ဍတွေပါ ထပ်တိုးပြီး တာဝန်ယူလာခဲ့ရပြန်ပါတယ်။ "မိနစ်တိုင်းဝယ် စကားဖလှယ်"ဆိုတဲ့ အင်္ဂလိပ်စာ ပို့ချချက်တွေ အသံသွင်းရတိုင်းလည်း London မှာ ပိုက်ဆံအများကြီးပေးပြီး ကြည့်ကြရလေ့ရှိတဲ့ Theatre ခေါ် စင်တင် ပြဇာတ်ကြီးတွေမှာ ပါဝင်သရုပ်ဆောင်ကြရတဲ့ ပြဇာတ်မင်းသား ချောချောလှလှတွေနဲ့ အတူ အသံသွင်းခဲ့ကြရတာ ဖြစ်ပါတယ်။

အဲဒီလို ပြဇာတ်တွေမှာက အင်္ဂလိပ်စကားပြော အသံထွက်၊ လေယူလေသိမ်းကို သူ့နေရာနဲ့သူ ပီပီပြင်ပြင် ဌာန်ကရိုဏ်းကျအောင် ပြောတတ်မှုဟာ အရေးအကြီးဆုံးမို့ သရုပ်ဆောင်တွေအတွက် ရုပ်ချောရုံတင်မက အင်္ဂလိပ်စကားပြော အသံထွက် လေယူလေသိမ်းက အရေးကြီးလှတာဖြစ်ပါတယ်။ ဒီတော့ အင်္ဂလိပ်စာနဲ့ စကားကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား တိတိကျကျ သင်ကြားပေးချင်တဲ့ BBC အင်္ဂလိပ်စာဌာနက ငွေအများကြီးပေးပြီး ပြဇာတ်မင်းသားတွေငှား အသုံးချခဲ့တာမို့ အင်္ဂလိပ်စာပို့ချချက် ကဏ္ဍ တာဝန်ယူရတဲ့ ကျွန်မလည်း အပြင်မှာတွေ့ရခဲလှတဲ့ London Theatre ပြဇာတ်မင်းသားတွေနဲ့ တစ်ပတ်တစ်ခါ တွေ့ခဲ့ ကြုံခဲ့၊ စကားတွေ ပြောခဲ့ရဖူးတာလည်း ပြန်ပြောင်းအောက်မေ့စရာ တစ်ခုပါ။

* * *

## မြန်မာစာပြ ဆရာမဘဝ

BBC မြန်မာပိုင်း အစီအစဉ်မှာ အချိန်ပိုင်းအမှုထမ်းဘဝနဲ့ အလုပ်တွေလုပ်လိုက်၊ ခင်ပွန်းသည် ခွင့်ရက်ရှည်ရချိန်မှာ နိုင်ငံတကာ လျှောက်လည်လိုက်နဲ့ အချိန်တွေကုန်မှန်းမသိ ကုန်သွားခဲ့ရတာပါပဲ။ England ရောက်စကတည်းက ဒီမှာ ကြာကြာမနေဘူး။ ပြန်မှာ၊ ပြန်မှာနဲ့ တဖြိမ်းဖြိမ်း ပြောနေခဲ့ကြတဲ့ ကျွန်မတို့နှစ်ယောက် နှစ်တွေသာ ရှည်ကြာလာတယ်။ အကြောင်းအမျိုးမျိုးကြောင့် England ကျွန်းကနေ အပြီးအပိုင် မထွက်ခွာနိုင်ခဲ့ကြဘဲ ရှိနေခဲ့ပါတယ်။

ဌာနေပြန်မှာမို့ အမြဲတမ်းဝန်ထမ်းတောင် မလျှောက်ခဲ့တဲ့ ကျွန်မ အကြောင်းကြောင်းတွေကြောင့် "သည်သောင်ယံက မခွာရက်နိုင်"ဖြစ်နေတုန်း လန်ဒန်တက္ကသိုလ် 'School Of Oriental and African Studies' က မြန်မာစာပါမောက္ခ Mr. John O'Kell (ဦးလှသိန်း)က သူရဲ့ မြန်မာစာဌာနမှာ မြန်မာဘာသာ သင်တန်းသားတွေကို ဝိုင်းကူသင်ပြ၊ ပြောပြပေးဖို့ ပြောလာခဲ့ပါတယ်။ စိန်ခေါ်မှုတွေကို နှစ်သက်ပြီး ဘာသာဗေဒ ဝါသနာပါလှတဲ့ ကျွန်မလည်း မကြာပါ လန်ဒန်တက္ကသိုလ်မှာ အချိန်ပိုင်း မြန်မာစာ ပြဆရာမဘဝရောက်ခဲ့ရပြန်ပါရောရှင်။

မြန်မာစာ၊ မြန်မာစကားကို လေးလေးစားစား စိတ်ပါဝင်စားစွာ လေ့လာသင်ကြားနေကြတဲ့ လူမျိုးပေါင်းစုံကို ကိုယ့်ဘာသာစကား သင်ကြားပေး

ခဲ့ရတာဟာလည်း ကျွန်မအတွက် တန်ဖိုးရှိလှတဲ့ အတွေ့အကြုံတစ်ခုပဲလို့ ဂုဏ်ယူရပြန်ပါတယ်။ SOAS မြန်မာစာဌာနမှာ ဆရာ John ကို ကူညီသင်ပြပေးနေရင်းက Mr. John O'Kell ပြုစုရေးသားတဲ့ မြန်မာစာ လေ့လာနည်း စာအုပ်ကြီးထွက်လာတော့ 'ဦးစောထွန်းနှင့် ဒေါ်ခင်မြဆွေ ကူညီ ပြုစုပေးသည်' လို့ ဆရာကို ကူညီခဲ့သူ အမေရိကန်နိုင်ငံက ဆရာနဲ့ ကျွန်မကို အမှတ်တရ မှတ်တမ်းတင်ပေးထားခဲ့တာဟာ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အသိအမှတ်ပြုချက်တစ်ရပ်အဖြစ် ဂုဏ်တင့်စေခဲ့ရပါသေးတယ်။ "ရောက်တဲ့ အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ တဲ့အောင်ပေါင်း"ဆိုသလို ဘယ်နေရာ ဘယ်ဌာနရောက်ရောက် ကျွန်မအဖို့ စိတ်ဝင်စားစရာ၊ ပျော်ရွှင်စရာလေးတွေကတော့ တွေ့တွေ့နေရတတ်တာကိုလည်း သတိပြုမိခဲ့ရပါတယ်။ လန်ဒန်တက္ကသိုလ် မြန်မာစာဌာနမှာ ဆရာ John ကို ကူပြီး စာသင်ပေးခဲ့ရချိန်မှာ မြန်မာစာ၊ မြန်မာစကားကို စိတ်ဝင်စားလှလို့ ဘာသာရပ်တစ်ခုအနေနဲ့ ကြိုးစားသင်ကြားနေကြတဲ့ အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန်၊ ရုရှား စတဲ့ နိုင်ငံအတော်များများက ကျောင်းသူကျောင်းသားတွေနဲ့လည်း ရင်းနှီးခင်မင်ခဲ့ရပါတယ်။ ဆရာ John ရဲ့ မြန်မာစာသင်တန်းသားတွေကို ကျွန်မ ပထမဆုံး စပြီးပူးတွဲ တာဝန်ယူလုပ်ရတဲ့အချိန်က သူတို့တစ်တွေအတွက် မြန်မာနာမည်ရွေးပေးရတဲ့ အလုပ်ပေါ့ရှင်။ ကျွန်မ စာသင်ခန်းထဲရောက်တာနဲ့ တစ်ပြိုင်နက် "ဆရာမ ကျွန်မတို့ကို မြန်မာနာမည်မှည့်ပေးပါ"လို့ တောင်းဆိုလာကြတော့တာပါပဲ။ စစချင်းတော့ ဘာလုပ်ရမှန်း မသိဘဲ ခဏနေမှ တစ်ယောက်ချင်းစီကို ဘယ်နေ့ မွေးသလဲမေးပြီး မှတ်သားထား၊ မနက်ဖြန်မှ နာမည်တွေ ရေးလာခဲ့မယ်လို့ ပြောလိုက်ရပါတယ်။ ထူးဆန်းတာက အင်္ဂလိပ်လူမျိုး တော်တော်များများဟာ မွေးသက္ကရာဇ်၊ မွေးရက်တွေ မှတ်မှတ်ရရ သိထားတတ်ကြပေမဲ့ တနင်္ဂနွေ၊ တနင်္လာ စတဲ့ မွေးနေ့တွေကိုတော့ မှတ်မထားတတ်ကြတာကို သတိထားမိလိုက်ပါတယ်။ အဲဒီလို နာမည်မှည့်ပေးဖို့ ရက်မျိုးနဲ့ ကြုံတိုင်း မြန်မာစာပြ ဆရာမ ကျွန်မဟာ ဗေဒင်ဆရာမလိုလည်း နေ့သင့်နံသင့် နာမည်တွေ ရွေးပေးခဲ့ရတော့တာပေါ့။

ဥပမာ- ဗုဒ္ဓဟူးသမီး ယဉ်ယဉ်နွဲ့နွဲ့လေးဆို 'ယဉ်ယဉ်နွဲ့' တနင်္လာသားဆို 'ကိုချစ်ခင်'စသည် စသည်ဖြင့် ပေါ့ရှင်။ ကျွန်မ Special Class တွေ သင်ရတဲ့ သံတမန် အရာထမ်းတွေထဲက မှတ်မှတ်ရရ ဖြစ်မိခဲ့တာက မိသားစုနာမည် 'White' ပိုင်ရှင် သံအရာရှိမလေးကို 'နှင်းပွင့်ဖြူ'လို့ မှည့်ခဲ့ဖူးတာကိုပါပဲ။ ကျွန်မ ပထမဆုံး မြန်မာစာသင်ပေးခဲ့ရပြီး သူကိုယ်တိုင် မြန်မာစာ၊ မြန်မာစကားကို ထူးထူးချွန်ချွန် ပြောတတ် ရေးတတ်သူ ဂျပန်အမျိုးသမီးလေးကတော့ 'မခင်စန္ဒာ' ပဲ ဖြစ်ပါတယ်။ ကျောင်းပြီးသွားပြီး နှစ်အတော်ကြာတဲ့အထိ ဆရာမနဲ့ မခင်စန္ဒာ အဆက်အသွယ်မပြတ်ခဲ့ဘဲ နောက်ဆုံး ဂျပန်နိုင်ငံရောက် မြန်မာလူမျိုးလေး တစ်ယောက်နဲ့ ကျွန်မ တပည့်မ လက်ထပ်လိုက်တယ်လို့ စာရေးလာခဲ့ပါတယ်။

"ဆရာမ၊ ကိုဥက္ကာကလေ မြန်မာနိုင်ငံကို သွားလည်ဦးမှာ"လို့ သူ့ကိုယ်သူ ကိုဥက္ကာ၊ ကိုဥက္ကာနဲ့ သူ့နာမည် ထည့်ထည့်ပြောတတ်တဲ့ ကိုဥက္ကာ ဆိုတဲ့ ဂျာမန်လူမျိုး၊ မြန်မာစာသင်တန်းသားတစ်ယောက်ကတော့ ဂျာမန်သံ ဝဲဝဲနဲ့ မြန်မာစကားတွေ အများကြီးပြောတတ်ရုံတင်မက တစ်ခါက ကျွန်မ မြန်မာ ပြည် ပြန်သွားချိန်နဲ့ အချိန်ကိုက်ပြီး ရန်ကုန်ကို ရောက်ချလာပါလေရောရှင်။ ဦးထွန်းငြိမ်းလမ်းအိမ်ကို ဒုတ်ဒုတ်ထိရောက်ချလာတဲ့ ကိုဥက္ကာကတော့ ကျွန်မ မိသားစုအတွက် ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ဖြစ်သွားခဲ့ပါတော့တယ်။ ကျွန်မ မှတ်မှတ်ရရ ရှိလှတဲ့ ကျောင်းသူလေးတွေထဲမှာ "နာမည်ဘယ်လိုခေါ် သလဲ"လို့ ကျွန်မက မေးလိုက်တဲ့ အသားဖြူဖြူနုနု အရပ်မြင့်မြင့်ကလေးနဲ့ ဝင့်နေအောင်လှတဲ့ ရုရှသူကလေးက "ကျွန်မ နာမည် မဟာလ၊ ဟာလပါရှင်"လို့ ဖြေခဲ့တဲ့ ရုရှဘဏ်သူဌေးတစ်ယောက်ရဲ့သမီး 'မလှလှ'ပဲ ဖြစ်ပါတယ်။ သူနဲ့တွဲဖက် ဂျပန်ကျောင်းသူကလေးတွေကတော့ မြန်မာနိုင်ငံမှာ မြန်မာစာ တစ်နှစ် သင်တန်းသွားတက်ခဲ့သူကလေးတွေမို့ တစ်ခါမှာ သူတို့က "ဆရာမ- အငဲတို့ လေးဖြူတို့ လန်ဒန်ကို လာကြလိမ့်မယ်။ ပျော်လိုက်တာ ဆိုတော့ ဌာနေ က ဂီတနဲ့ အလှမ်းဝေးလှတဲ့ သူတို့ဆရာမအဘွားကြီး ကျွန်မက ခက်ကြောင် ကြောင်နဲ့ "ဘယ်သူတွေလဲ၊ လေးဖြူတို့ အငဲတို့ ဆိုတာဘာလဲ"လို့ မေးလိုက်မိ

တော့ "ဟာ ဆရာမကလည်း သူတို့က မြန်မာပြည်က နာမည်ကြီးအဆိုကျော်တွေလေ၊ ကျွန်မတို့ ရန်ကုန်မှာ မြန်မာစာတစ်နှစ်သွားတက်တော့ ကြည့်ဖူးလာခဲ့တာ အသံရော၊ အဆိုရောသိတာ ကောင်းလိုက်တာ ဆရာမရဲ့"လို့ ရှင်းပြကြမှ ဂီတဘက်မှာ တုံး လှ၊ အ လှတဲ့ သူတို့ ဆရာမ အဘွားကြီး သဘောပေါက်နားလည်သွားခဲ့ရပါတော့တယ်ရှင်။ ကျွန်မ BBC မြန်မာပိုင်း အစီအစဉ်နဲ့ လန်ဒန်တက္ကသိုလ် မြန်မာစာဌာနကနေ အလုပ်နားတော့မယ့် နှစ်မှာတော့ ရန်ကုန်ကို ခေတ္တခဏပြန်ခါနီးမှာ မြန်မာစာပေနဲ့ စကားကို ကောင်းကောင်း နားလည် တတ်ကျွမ်းထားတာ နှစ်အတော်ကြာသွားပြီမို့ ခုတစ်ခေါက် မြန်မာနိုင်ငံကို ရာထူးအဆင့်အမြင့်ဆုံးအနေနဲ့သွားရမဲ့ သံအရာရှိ အမျိုးသမီးချောချောကလေးက ကျွန်မနဲ့မှ သူ တတ်ထားပြီးသား မြန်မာစာ၊ မြန်မာစကားတွေ ပြန်နွှေးမွမ်းမံချင်ပါတယ်ဆိုလို့ ရန်ကုန်သွားမယ့်ခရီး ရက်ရွှေ့ခဲ့ရပါတယ်။ သူ မြန်မာပြည်ရောက်ချိန်နဲ့ ကျွန်မ ရောက်ချိန်ကလည်း အံကိုက်မို့ "ဆရာမ ဒီဇင်ဘာ၊ ၃၁ ရက်နေ့ကျရင် မြန်မာ TV က သတင်းကြည့်ဖြစ် အောင်ကြည့်နော်"လို့ သူက မှတ်မှတ်ရရ မှာသွားခဲ့ပါတယ်။ ကျွန်မကလည်း ရန်ကုန်ရောက်ပြီး တစ်ပတ်အကြာ သူ မှာတဲ့ရက်မှာ TV သတင်းကို မလွတ် အောင်ကြည့်လိုက်ပါတယ်။ TV သတင်းမှာ အနောက်တိုင်း ဝတ်စုံလှလှလေး ဝတ်၊ လည်စီး Scarf ကို ပုဝါလေးလိုခြုံပြီး တာဝန်ခန့်အပ်လွှာ ပေးအပ်နေတဲ့ 'သူမ'ကို တွေ့ခဲ့ရပါတယ်။ ခဏနေတော့ တာဝန်ရှိသူတွေနဲ့ ဝိုင်းထိုင်စကားပြောနေပုံ တွေ့ရပြီး တာဝန်ခံကြီးများမှာ ရာဇကူနွေမဆည်နိုင်တဲ့ပုံနဲ့ ဝါးခနဲရယ်လိုက်ကြပုံတွေကို သတင်းမှာ မြင်တွေ့လိုက်ရပေမဲ့ ထုံးစံအတိုင်း ဘာပြောတယ် ဆိုတာတော့ မကြားရဘူးပေါ့ရှင်။ London တုန်းက မှာသွားခဲ့သလို နောက်တစ်နေ့ ဆရာမအိမ်မှာ ခရမ်းချဉ်သီးသုပ်နဲ့ ထမင်းလာစားမယ်ဆိုတဲ့အတိုင်း နောက်တစ်နေ့မှာ ကျွန်မအိမ်ကို ရောက်လာခဲ့ပါတယ်။ အဲဒီမှာ စကားပြောကြရင်း သတင်းထဲမှာ အသံမကြားရလို့ မနေ့က သူတို့တွေနဲ့ ဘာတွေပြောပြီး ဟားနေကြတာလဲလို့ မေးလိုက်တော့ "သူတို့ဘက်ရော ကိုယ့်ဘက်ပါ

စကားပြန်တွေထိုင်နေကြပေမဲ့ စကားပြန်ကတစ်ဆင့်စောင့်ပြီး ပြောမနေဘဲ သူတို့အကြီးအကဲကြီးက "မြန်မာပြည် ရောက်လာတာ သိပ်မကြာသေးဘူး ထင်တယ်"လို့ စကားပြန်က တစ်ဆင့်မေးတော့ ကျွန်မက သူ့စကားပြန်၊ ကိုယ့်စကားပြန် စောင့်မနေတော့ဘဲ "တစ်ပတ်လောက်ရှိပါပြီ"လို့ ပြောလိုက်လို့ သူတို့ဝါးခနဲ ပွဲကျသွားတာပါတဲ့လေ၊ တစ်ခါ အကြီးဆုံးကြီးက "အခုတစ်ခါဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး တာဝန်ကျတာ မဟုတ်ဖူးဆို"လို့ မေးပြန်ပါရော ဒါနဲ့ ကျွန်မကလည်း "ဒါ ဒုတိယတစ်ခေါက်ပါ 'ကွမ်းသီးကြိုက်တောင်ငူပို့' ဆိုသလို ကျွန်မ ဒီကို တစ်ခါထပ်ရောက်လာတာပါလို့ ပြောလိုက်လို့ တဝါးဝါး၊ တဟားဟားနဲ့ သဘောကျသွားကြတာ ဆရာမရဲ့"လို့ ကိုယ့်ဘာသာစကားကို မြန်မာရှုံးအောင် ပြောနေတဲ့ ကျွန်မ အကူအညီပေး သင်ပြထားခဲ့တဲ့ မြန်မာစာနဲ့ စကားကို ချက်ကျလက်ကျ ပြောနိုင်နေတဲ့ အင်္ဂလိပ်သံအဖွဲ့ရဲ့ အဆင့်အမြင့်ဆုံး အဖွဲ့ဦးစီးဦးဆောင် အင်္ဂလိပ်မ ချောချောကလေးကို ကြည့်လို့မဝအောင် ဖြစ်နေခဲ့ရပါတယ်ရှင်။

BBC မြန်မာပိုင်းအစီအစဉ်နဲ့ လန်ဒန်တက္ကသိုလ် SOAS မြန်မာစာဌာနမှာ အချိန်ပိုင်း အမှုထမ်းအဖြစ် ကိုယ်ဝါသနာပါရာ လုပ်ချင်တာတွေကို ပျော်ပျော်ကြီးလုပ်နေတဲ့ တစ်ချိန်တည်းမှာလည်း 'ဝါသနာကို မတားတော့နဲ့ရှင်' ဆိုသလို ကိုယ်သိထား၊ မြင်ထားတာလေးတွေကို ဝါသနာတူတွေကိုလည်း မျှဝေခံစားစေချင်တဲ့ စေတနာနဲ့ England မှာ ဖတ်ရသမျှ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေထဲက စိတ်ဝင်စားစရာ ကမ္ဘာ့ထူးချွန်သူ အမျိုးသမီးတွေအကြောင်း၊ အတုယူစရာ အဖြစ်အပျက်၊ လူပုဂ္ဂိုလ်တွေအကြောင်းကို ကျွန်မ လေသံ၊ ကျွန်မ ရေးဟန်နဲ့ မြန်မာလို ပြန်ဆိုရေးသားပြီး မြန်မာနိုင်ငံက သပြေမဂ္ဂဇင်းကို ပို့ပေးနေခဲ့ရာက နောက်ပိုင်းလုံမလေး မဂ္ဂဇင်းမှာလည်း ရေးသားခဲ့ပါတယ်။ စာမူတွေ ရေးနေပြီဆိုတော့ ကလောင်နာမည် လိုလာပြီလေ၊ ဒီတော့ ကျွန်မ နာမည်ရင်း 'ခင်မြဆွေ'မှာ ဒီဘက်ဆီကလို Family Name 'ညို'ကို ထပ်ဖြည့်ပြီး 'ခင်မြဆွေညို' ဖြစ်လာရတာပေ့ါ။ ဌာနနာမည်သုံးရင် ဟိုးအထက်

အထက် ထိပ်ဆုံးအထိ ခွင့်ပြုချက်တွေ တောင်းရမဲ့ကိစ္စ စိတ်မရှည်နိုင်တာမို့ ပထမဆုံးဆောင်းပါးမှာ ခင်မြဆွေညို (BBC)လို့ မဂ္ဂဇင်းကထည့်လိုက်တာကို ခင်မြဆွေညို (လန်ဒန်)လို့ ပြောင်းခဲ့ရာကနေ ခုထိ စာရေးရင် အဲဒီ နာမည်ပဲ သုံးခဲ့တော့တာ ဖြစ်ပါတယ်။

ကျွန်မအစ်ကို နှစ်ဝမ်းကွဲ နိုင်ငံကျော်စွယ်စုံရ အနုပညာရှင် အစ်ကို ဝင်းဦး ၁၄၊ ၁၂ ၈၈ မှာ ကွယ်လွန်သွားခဲ့ပြီး သူ့ ကွယ်လွန်ခြင်း အမှတ်တရ ထုတ်တဲ့ စန္ဒာမဂ္ဂဇင်းမှာ၊ London မှာ ကိုဝင်းဦး ဆေးလာကုနေတုန်း ကြုံခဲ့ ဆုံခဲ့ တွေ့သိခဲ့ရတာလေး ရေးပေးပါလို့ တောင်းဆိုလာလို့ ကျွန်မအစ်ကို ကိုဝင်းဦး အတွက် အမှတ်တရ စာစုလေးတစ်ခု ရေးပို့ခဲ့ရပါသေးတယ်။ ဒီနေရာမှာ နာမည်ကျော် ကိုဝင်းဦး London ရောက်တုန်းက အကြောင်းလေးတွေလည်း ပြောပြရပါဦးမယ်။ နှစ်စဉ် မြန်မာပြည်က ကျွန်မအိမ် ပြန်နေကျအတိုင်း ၁၉၈၇ ခု၊ ဇန်နဝါရီလလောက်ကတည်းက ကျွန်မ ရန်ကုန်အိမ်မှာ ရှိနေခဲ့ပါတယ်။ တစ်နေ့တော့ လန်ဒန်မှာ မြန်မာနိုင်ငံဆိုင်ရာ သံမှူးအဖြစ် သူ့ခင်ပွန်း တာဝန်နဲ့ ရောက်နေတဲ့ ကိုဝင်းဦးတို့ရဲ့အစ်မကြီး၊ ကျွန်မအစ်မ နှစ်ဝမ်းကွဲ မမ တင်တင်ဦး က London ကနေ ဖုန်းဆက်လာပါတယ်။ "ညည်းအစ်ကို ရန်ကုန် ဆေးရုံကြီး မှာ ဆေးကုနေရတယ်၊ မပြန်ခင် သွားကြည့်လိုက်ဦး။ ပြီးတော့ London မှာ ဆေးလာကုဖြစ်အောင်လည်း တိုက်တွန်း လိုက်ဦး" လို့ ပြောလာပါတယ်။

ဒါနဲ့ ကျွန်မလည်း ရန်ကုန်ဆေးရုံကြီးမှာ အစ်ကို့ကို သွားတွေ့ပြီး London သွားမှာလားလို့မေးတော့ "အခြေအနေ အရပ်ရပ်ကြည့်ရဦး မယ်ကွာ"လို့ အစ်ကို ကိုဝင်းဦးက ပြောပါတယ် "ကျွန်မလည်း April လ လောက်ဆို ပြန်ရောက်မှာ ကိုကို သွားဖြစ်အောင်သွားပါ မမကလည်း လာစေ ချင်နေတယ်"လို့ပြောပြီး ပြန်လာခဲ့ပါတယ်။ နောက်တစ်ပတ်လောက်အကြာမှာ တော့ ကိုကို London ထွက်သွားပြီလို့ ကြားသိရပါတယ်၊ ဒါနဲ့ April လလယ်လောက် ကျွန်မ လန်ဒန် ပြန်ရောက်တဲ့အခါ ကိုဝင်းဦး Cromwell Private ဆေးရုံမှာ ခွဲစိတ်ပြီးသွားပြီလို့ ခင်ပွန်းသည်က ရောက်မဆိုက် ပြောပြခဲ့

ပါတယ်။ အဲဒီနေ့ညနေပဲ London မြို့လယ်လောက်မှာရှိတဲ့ Cromwell ဆေးရုံကို ကျွန်မတို့ ရောက်သွားခဲ့ပါတယ်။ အာရပ်စော်ဘွားတွေနဲ့ နိုင်ငံတကာက ငွေကြေး ချမ်းသာသူတွေသာ တက်ရောက်ကုသလေ့ရှိတဲ့ အဲဒီ Private ဆေးရုံက ကျွန်မ အစ်ကို ရှိနေတဲ့အခန်းကို ဝင်လိုက်တာနဲ့ တစ်ခန်းလုံး England မှာ Forsythia လို့ခေါ်တဲ့ ပန်းဝါဝါလေးတွေ ထိုးစိုက်ထားတဲ့ ပန်းအိုးတွေနဲ့ အလှဆင်ထားတာ တွေ့လိုက်ရပါတယ်။

ကျွန်မတို့က အစ်ကိုဖြစ်သူကို အခြေအနေဘယ်လိုနေသလဲ ဘာညာနဲ့ ကျန်းမာရေး အခြေအနေတွေမေး၊ ကိုမင်းညိုကို သူက ရှင်းပြနဲ့ အခြေအနေ ကောင်းနေကြောင်း သိခဲ့ရပါတယ်။ နောက်တော့ သူက "နီနီရေ. . . ကိုကို့ကို ဒီကအမှုထမ်းတွေရော တခြားလူတွေကပါ "အာရပ်မင်းသား(Arab Prince)တစ်ပါးလို့ ထင်နေကြတယ်ကွ"လို့ သူ့ဟန်မူရာအတိုင်း ပြုံးစစနဲ့ ပြောပြနေလို့ ကိုကိုက အာရပ်နဲ့ တူတာကိုးလို့ ပြောရင်း "နေပါဦး တစ်ခန်းလုံး လည်း ပန်းတွေနဲ့ ဝါဝါဝင်းနေပါလား"လို့ဆိုတော့ သူ့စတိုင် သူ့အမူအရာအတိုင်း "အေးလေ ကိုကို မေ့ဆေးပြယ်ပြီး ဒီအခန်းထဲလည်း ရောက်ရော တင်တင်လှိုင်တို့ အဲဒီပန်းတွေနဲ့ ဝေနေအောင် အလှဆင်ထားတာတွေ့ရတာ"လို့ နှုတ်ခမ်းမွှေး စစနဲ့ ပြုံးပြီးပြောနေပြန်ပါတယ်။

အဲဒီနောက်တော့ ကျွန်မအစ်ကို ဆေးရုံက ဆင်းရပြီး အခြေအနေတွေ ကောင်းလာခဲ့ပါတယ်။ ကျွန်မကလည်း အချိန်ပိုင်းအမှုထမ်းမို့ ကိုယ်မအားရင် Duty မယူနိုင်ကြောင်း ကြိုတင်ပြောထားလို့ရတာမို့ သူ သွားချင်တဲ့ဆီတွေ အဖော်လိုက်သွားပေးခဲ့ရပါတယ်။ တစ်ရက်တော့ "နီနီရေ. . . ကိုကို ဒီနေ့ အိမ်နားက Brent Cross Shopping Centre ကို သွားချင်လို့ ညည်း မမတို့ အိမ်ကို မြန်မြန်လာခဲ့နော်"လို့ ဖုန်းဆက်လာပါတယ်။ ကျွန်မလည်း အိမ်မှုကိစ္စလေး အမြန်လုပ်၊ ကိုမင်းညိုကလည်း အလုပ်သွားနေတာမို့ မြေအောက်ရထားနဲ့ပဲ ပြေးရတော့တာပေါ့။ သူ တည်းခိုနေထိုင်နေတဲ့ မမတို့အိမ် ရောက်တော့ "ညည်းကလည်း ကြာလိုက်တာ"လို့ တစ်ခုခုကို စိတ်စောနေပုံရတဲ့ ကျွန်မအစ်ကို

နိုင်ငံကျော်ကြီးက ဆီးပြီးပြောပါလေရော "အော် ကိုကိုကလည်း ဒီမှာက မြန်မာပြည်မှာလို အခိုင်းအစေ ရှိတာမဟုတ်ဖူး ကိုယ့်ဘာသာလုပ်ရတာ ကဲ. . . ကဲလာသွားစို့" ဆိုပြီး နှစ်ယောက်သား ဘတ်စ်ကားနဲ့ Shopping Centre ကြီးကို ထွက်ခဲ့ကြပါတယ်။ "ကိုကိုက ဘာဝယ်ချင်လို့ ဒီလောက် လောနေရတာလဲ" ဆိုတော့ သူ့ပုံစံ ပြုံးစစနဲ့ "ကိုကို့ကျေးဇူးရှင်တစ်ယောက်ကို အမှတ်တရပစ္စည်းကလေးတစ်ခု လက်ဆောင်ဝယ်ပေးချင်လို့ပါ"တဲ့ ဒါနဲ့ နှစ်ယောက်သားလက်ဆောင်ပစ္စည်းလေးတွေ လျှောက်ကြည့်ရင်း "ကိုကို့ မိတ်ဆွေက မိန်းကလေးဆိုရင်တော့ ဟောဒီ စိန်သမင်ရုပ် ရင်ထိုးလေးဆို မကောင်းဘူးလားဆိုတော့ အေး. . . ငါ့ညီမနဲ့မှ ဟန်ကျတာ ကိုကိုလည်း ဒါပဲ ကြိုက်တယ်ဆိုပြီး ဝယ်သွားပါလေရောရှင်။ ဘယ်သူ့ကိုပေးသလဲဆိုတာတော့ ကျွန်မလည်း မသိခဲ့ရပါဘူး။



ဒီလိုနဲ့ ကျွန်မအစ်ကို ကိုဝင်းဦး ဆေးရုံကဆင်းပြီး မပြန်ခင် ရက်တွေမှာဟိုအိမ် ကဖိတ်၊ ဒီအိမ်ကဖိတ် ဖိတ်ခေါ်ကျွေးမွေးကြ၊ သီချင်းတွေဆိုကြနဲ့ဖိတ်ခေါ် သူတွေကလည်း ထုံးစံအတိုင်း ဝင်းဦး ပရိတ်သတ် အမျိုးသမီးတွေကများ၊ မမတို့ကလည်း တစ်ယောက်မှ မအားတော့ သူတစ်ယောက်တည်းအမျိုးသမီး ပရိသတ်အလယ်မှာ ကြောင်မနေရအောင် ကျွန်မပဲ သူ့နောက်တကောက်ကောက် လိုက်ပေးနေရတာပေါ့ရှင်။

တစ်ခါတော့ Brighton မြို့အသွား လမ်းမှာ Surrey University လည်း ဝင်ကြည့်ချင်တယ်ဆိုလို့ မမ တင်တင်ဦးတို့အိမ်မှာ သူ့ကို ဝင်ခေါ်တော့ အိမ်ရှေ့ ကားရပ်တာမြင်လို့ မမက ဖိနပ်တောင် မစီးဘဲ ကားနား လာရပ်ပြီး၊ ကျွန်မနဲ့ စကားလာပြောနေတုန်း ရှိုးစမိုးနဲ့ ကျွန်မအစ်ကို အိမ်ထဲကထွက်လာပြီး အိမ်အဝင် ပေါက်တံခါးမကြီးကို ဂျိုင်းခနဲ ဆွဲပိတ်လိုက် ပါရော၊ ကျွန်မနဲ့ စကားပြောနေတဲ့ မမက "ဟဲ့. . . ဟဲ့ ဘိုနီ နင်ဘာလို့ ပိတ်လိုက်ရတာလဲ ငါ့မှာ သော့လည်း မပါဘူး ကြည့် ဖိနပ်တောင်စီးလာတာ မဟုတ်ဖူး ခဏလေး စကားထွက်ပြောတာ"လို့ ဆူပါလေရော အစ်ကိုတွေ၊ အစ်မတွေကို ချစ်ကြောက်ရိုသေလှတဲ့ ကျွန်မအစ်ကို နိုင်ငံကျော် အနုပညာရှင် ကြီးခမျာမှာ မျက်နှာငယ်ကလေးနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့ရှာပါတယ်။ ငယ်ငယ်ကတည်းက အားကစားမှန်သမျှ မလွတ်စေဘဲ ကျားကျားရားရား ပြေးခုံ ပစ်လာခဲ့တဲ့ ကိုမင်းညိုက မဆိုင်းခဏဘဲ "ကိုကို ဘာမှမပူနဲ့ ကျွန်တော် ကြည့်လုပ် လိုက်မယ်" ဆိုပြီး ခြံနောက်ဘေးဘက်ကိုဝင်သွားပြီး စူးစမ်းကြည့်လိုက်တော့ အပေါ်ထပ် တူမတွေ အခန်းပြတင်းပေါက် ပွင့်နေတာတွေ့လိုက်ရပါတယ်။

"ကဲ. . . ကဲ မမလည်း ဘာမှပူမနေနဲ့တော့ ကျွန်တော် အဲဒီပြတင်း ပေါက်ကို တွယ်တက်ပြီး အိမ်ထဲဝင်မယ်"လို့ ပြောပြောဆိုဆို ကျွန်မတို့ မောင်နှမ သုံးယောက်ကြည့်နေကြတုန်းပဲ ဘယ်လိုက ဘယ်လို ပြတင်းပေါက်ကို တွယ် တက် ဝင်သွားလည်း မသိပါဘူး။ အိမ်ထဲကနေ တံခါးမကြီးဖွင့်ပြီး ထွက်လာခဲ့ပါ တယ်။ ဒီတော့မှ ဖိနပ်မပါတဲ့ သံမှုးကတော် မမလည်း အိမ်ထဲဝင်နိုင်ခဲ့ပါတယ်။ အဲဒီနေ့က လမ်းတစ်လျှောက်လုံး ကျွန်မအစ်ကိုက ကျွန်မ ခင်ပွန်းကို "ဒီတစ်ခါ ကိုယ် စတန့်ကားရိုက်ရင် အညို့ကို မင်းသားလုပ်ခိုင်းမယ်"လို့ ပြောနေခဲ့ပါသေး တယ်။ "နောက်နှစ် ကိုကို Follow Up ဆေးစစ်ဖို့ လာတဲ့အခါ ခရီးထွက်ကြ ရအောင် အညို မာစီဒီး စပို့စ်ကားဝယ်ထား"လို့လည်း မှာပါသေးတယ်။ ဒါပေမဲ့ အစစ အောင်မြင်၊ လူတိုင်းချစ်ခင်တဲ့ ကျွန်မအစ်ကိုတစ်ယောက် သေခြင်းတရား ကိုတော့ မလွန်ဆန်နိုင်ရှာပဲ သူ ဆေးစစ်ဖို့လာမယ်ဆိုတဲ့ ဇန်နဝါရီလ မတိုင်ခင်

ဒီဇင်ဘာလ၊ ၁၄ ရက်မှာပဲ မရဏရှင် သေမင်းနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရရှာပါတော့တယ်ရှင်။

အဲဒီလိုမျိုး အမှတ်ရစရာလေးများကတော့ ရေးရင်းရေးရင်း ပေါ်ပေါ် လာတာမို့ ဆက်ဆက်ပြီးသာ ရေးနေရရင် ဆုံးနိုင်စရာမရှိဘဲဖြစ်နေပါတော့မယ်။ ဒါကြောင့် အတိုချုံးလိုက်ရရင်တော့ အဲဒီလို၊ အဲဒီလို ကျွန်မက လေလှိုင်း ပေါ်ကနေ စကားတွေပြောပြီး ကိုယ့်ပြည်ကိုယ့်မြေက ကလေးနဲ့ လူငယ်တွေ ရဲ့ 'ဒေါ်လေး'ဖြစ်လာခဲ့ရသလို မြန်မာစာ၊ မြန်မာစကားကို တန်ဖိုးထား လေ့လာကြတဲ့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားတွေကိုလည်း ကိုယ်တတ်နိုင်တဲ့ ဘက်က တတပ်တအား အားပေးခွင့်ရသူ တစ်ယောက်လည်း ဖြစ်လာခဲ့ပါတယ်။ ကျွန်မက ကိုယ်ဝါသနာပါရာတွေကို မမောနိုင် မပမ်းနိုင် ပျော်ပျော်ကြီး လုပ်လိုက်၊ အမိမြေနဲ့ နိုင်ငံတကာလျှောက်လည်လိုက်နဲ့ မအားနိုင်အောင်ဖြစ်နေသလို ဆရာမင်းညိုကလည်း သူ့အထူးပြုဘာသာရပ် သားဖွားနဲ့ မီးယပ် (OG) အထူး ကု ဆရာဝန်အဖြစ် ဇောက်ချလုပ်နေလေတော့ ကလေးငယ်ကလေးတွေ မွေးဖွား ပေးနေရတဲ့ ကုသိုလ်ကလည်း မနည်းပေဘူးပေါ့ရှင်၊ ကျွမ်းကျင်မှုပညာပေါ်မှာ စေတနာနဲ့ မေတ္တာထပ်လောင်းပြီး ကုသပေးတတ်သူမို့လည်း သူ့လူနာတွေဟာ သူ့ကိုအားကိုးရုံမက ခင်မင် လေးစားကြတာကိုလည်း စိတ်ချမ်းသာစရာ တွေ့မြင်ကြုံဆုံခဲ့ရပါတယ်။ ဒီဘက်ဆီက နိုင်ငံတွေမှာ ဖခင်နာမည် [illegible] ကို ကလေးနာမည်နောက်မှာ ထည့်မှည့်ကြလေ့ရှိတာမှာတောင် ဦးမင်းညို ခက်ခက် ခဲခဲ မွေးပေးခဲ့ရတဲ့ ကလေးနှစ်ယောက်၊ သုံးယောက်လောက်ရဲ့ ဖခင်နဲ့ မိခင်တွေက ကျေးဇူးတင်ဂုဏ်ပြုတဲ့ အနေနဲ့ သူတို့ကလေးတွေရဲ့ ထုံးတမ်း စဉ်လာနာမည်လေးတွေနောက်မှာ 'ညို'ဆိုတဲ့ နာမည် အမှတ်တရ ထည့်ခွင့်ပြုဖို့ တောင်းဆိုခဲ့ကြတာကိုလည်း ကြုံခဲ့ရဖူးပါတယ်ရှင်။

* * *

## ဘာသာရေးကြိုးပမ်းမှု အမှတ်တရများ

ဘဝပေးကုသိုလ်ကိုက ကျွန်မကို မွေးဖွားပေးခဲ့စဉ်ကလည်း လူမျိုးခြား အင်္ဂလိပ်လူမျိုးတွေသာ ကြီးစိုးလွှမ်းမိုးနေခဲ့တဲ့ ဘာသာခြားလူမျိုးခြားတွေ ပတ်ဝန်းကျင်မှာ မွေးဖွားလာခဲ့ရပါတယ်။ နောက်ပိုင်းမှာလည်းများသော အားဖြင့်ဟာ ဗုဒ္ဓဘာသာဝင်တွေနဲ့ ဝေးရာ ဘာသာရေးဆိုင်ရာ အနီးကပ် ညွှန်ကြားပြသ ပြောဆို ဆုံးမမယ့်သူတွေနဲ့ ဝေးရာနေရာဒေသတွေမှာသာ ကျွန်မ ဘဝ အချိန်အတော်များများ ကုန်လွန်ခဲ့ရတာ ဖြစ်ပါတယ်။ အသက် (၂၅)နှစ် ကျော် အိမ်ထောင်ရှင်မဘဝ ရောက်တော့လည်း ဘုရားကျောင်းကန်တွေနဲ့ ဝေးရာ မြတ်ဗုဒ္ဓရဲ့ နည်းလမ်းမှန်တွေ သင်ကြားပြသနိုင်တဲ့ မိဘမောင်ဖွားတွေ ကအစ လမ်းညွှန်ပြမယ့်သူနဲ့ ဝေးရာ နေရာဒေသတွေမှာသာ အချိန်တွေ ကုန်ခဲ့ရ ပြန်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ လူမျိုးခြား ဘာသာခြားတွေအလယ်မှာ နေနေရ ပေမဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာကိုတော့ အမြဲ အလေးထား ကိုးကွယ်ကြည်ညိုမြဲ ဖြစ်ပါတယ်။ ဖေဖေ၊ မေမေတို့နဲ့ တစ်ခါတစ်ရံ ခေတ္တခဏပြန်လည်တွေ့ဆုံရ တိုင်းလည်း ဖေဖေက ဗုဒ္ဓတရားတော်တွေထဲက ကျွန်မ သိသင့်သိထိုက်တာလေး တွေ အကျဉ်းချုံးပြီး ကျွန်မ နားလည်လွယ်အောင် ပြောပြရှင်းပြခဲ့တာကြောင့် လည်း ဘာသာရေးဘက်မှာ ကျွန်မ စုံလုံးမကမ်းခဲ့တာ ဖြစ်ပါတယ်။ ဆပ်လို့မကုန် နိုင်လောက်တဲ့ မိဘကျေးဇူးတွေပါပဲရှင်။

၁၉၇၇ ခုနှစ်ကစပြီး ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်တဲ့ ဒီဘက်နိုင်ငံမှာသာ

အနေများခဲ့ပေမဲ့ ချစ်သမီးထံပေးစာတွေထဲမှာ ဖေဖေက လိုအပ်မယ်ထင်သမျှ ရေးပေးလမ်းပြခဲ့တဲ့ ကျေးဇူးတွေကြောင့်လည်း ကျွန်မ ဘာသာရေးဘက်မှာ အားမနည်းခဲ့ဘူးလို့ ဆိုရပါမယ်။ ဒီကျေးဇူးကို နည်းနည်းလေးဖြစ်ဖြစ် ဆပ်တဲ့အနေနဲ့ ဖေဖေရဲ့ 'ချစ်သမီးထံပေးစာ' တွေထဲက (၃၈)ဖြာ မင်္ဂလာ ကို ပါဠိ-မြန်မာ-အင်္ဂလိပ်ဘာသာတွေနဲ့ ရေးပို့ပေးခဲ့တဲ့ စာစုကလေးကို ကျွန်မ ဓမ္မဒါန စာအုပ်ကလေးထုတ်ပြီး အင်္ဂလန်နိုင်ငံမှာရော မြန်မာနိုင်ငံမှာပါ ကလေးတွေကို မျှဝေပေးပြီး ကုသိုလ်ယူခဲ့ဖူးပါတယ်။



ကျွန်မ ဒီနိုင်ငံရောက်စက မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဆိုလို့ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ Birmingham ဆရာတော် ဦးရေဝတဓမ္မ တစ်ပါးပဲ ရှိခဲ့ဖူးပါတယ်။ နောက်များမကြာခင်မှာပဲ မြောင်းမြဆရာတော်ဘုရားကြီး ဦးဉာဏိက ရောက်ရှိလာခဲ့ပါတယ်။ မြောင်းမြဆရာတော်ကြီးကို တစ်ပတ်တစ်ခါ ဆွမ်းကပ်ခွင့်ကြုံခဲ့လို့လည်း ဆရာတော်ဘုရားကြီးဆီက ဗုဒ္ဓဘာသာဝင်တွေ သိသင့်သိထိုက်တဲ့ ဘာသာရေး၊ သာသနာရေးဆိုင်ရာတွေ သိခဲ့ရသလို တရားဓမ္မတွေကိုလည်း နာကြားမှတ်သားခဲ့ရပါတယ်။ ဆရာတော်ကြီးရဲ့ ကျေးဇူးကြီးလှတာမို့ အမြဲမမေ့ ကန်တော့လျက်ပါဘုရား။



ခုအချိန်အထိလည်း ဆရာတော်ကြီး ဒုက္ခဆင်းရဲမျိုးစုံ ကြုံတွေ့ခဲ့ရ အပြီး ပြုစုပျိုးထောင်သွားခဲ့တဲ့ 'လန်ဒန် တိသရဏဝိဟာရ' ရဲ့ ဒကာရင်း တွေအနေနဲ့ လှူဒါန်းမပျက် ရှိနေဆဲဖြစ်လို့ အမြဲမပြတ် တရားဒေသနာတွေ နာကြား မှတ်သားနေကြရဆဲဖြစ်ပါတယ်။ ခုခေတ်၊ ခုအချိန်မှာတော့ အင်္ဂလန်နိုင်ငံမှာလည်း ဗုဒ္ဓသာသနာပြန့်ပွားစည်ပင်လာခဲ့ပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေလည်း အများအပြား ထွန်းကားလာခဲ့ပြီမို့ ကျွန်မ အတွက် အလှူရေစက် လက်နဲ့မကွာ လှူဒါန်းစရာတွေ များလာခဲ့ပြီ ဖြစ်သလို တရားဘာဝနာပွားများစရာနေရာတွေလည်း များလာခဲ့ပြီ ဖြစ်ပါတယ်။

ဝိပဿနာဘာဝနာကို စပြီး လေ့လာပွားများခဲ့နိုင်တာကတော့ အင်္ဂလန်နိုင်ငံက ဆရာကြီးဦးဂိုအင်ကာရဲ့ 'ဓမ္မဒီပ' တရားစခန်းဝင်ခဲ့ရာက စခဲ့တယ်လို့ ဆိုရပါတယ်။ ဆရာကြီးဦးဂိုအင်ကာရဲ့ ဝိပဿနာတရား (၁၀) ရက်စခန်းနဲ့ ဓမ္မရဲ့အနှစ်သာရကို စသိခဲ့အပြီးမှာတော့ တစ်နှစ်တစ်ခါ အမိမြေ ပြန်တိုင်း သဒ္ဓမရံသီရိပ်သာ၊ ရွှေဥမင်ရိပ်သာနဲ့ ဖားအောက်တောရတို့မှာ ဆက်ပြီး အခါအားလျော်စွာ ကြိုးစားအားထုတ်ခဲ့တာတွေကလည်း ကျွန်မဘဝအတွက် အမှတ်ရစရာလေးတွေအဖြစ် မှတ်တမ်းတင်လိုက်ရပါတယ်။

* * *

## လူမှုရေးဘက်လည်း မလစ်ဟင်းရစေ

၁၉၇၇ ခုနှစ်ကစပြီး ဒီနိုင်ငံမှာ အလုပ်တွေမပြတ် လုပ်နေခဲ့ရာက ၂၀၀၀ ပြည့်နှစ်မှာတော့ ကျွန်မ အလုပ်တွေ လက်မခံတော့ပဲ နားလိုက်ပါတယ်။ ဆရာမင်းညို အလုပ်က ခွင့်ရတဲ့အခါ ဟိုနိုင်ငံ၊ ဒီနိုင်ငံ လျှောက်လည်ကြ၊ မြန်မာနိုင်ငံကို တစ်နှစ်တစ်ခေါက် ပြန်ကြနဲ့ ကျွန်မဘဝ အသာစီးက နေနေရာက အကျိုးရှိတဲ့ အလုပ်တစ်ခုခု မလုပ်ပဲ မနေနိုင်တဲ့ ကျွန်မရဲ့ မွေးရာပါ ဝါသနာ ဗီဇကို အားပေးအားမြှောက် လုပ်ပေးခဲ့တဲ့ အခြေအနေကလေးတစ်ခု ဖြစ်လာခဲ့ပြန်ပါတယ်။

အဲဒါကတော့ ကျွန်မ အလုပ်က လုံးဝနားခဲ့ပြီး လေးနှစ်အကြာမှာ ဦးမင်းညိုက သူလည်း အလုပ်စောစောနားတော့မယ်ဆိုပြီး မိခင်အသက်၊ ကလေးအသက် အသက်နှစ်သက်ကို သူ့ပညာ သူ့လက်ကို အားကိုးပြီး အလုပ်လုပ်နေရတဲ့ (OG)အလုပ်ကနေ Early retirement အချိန်စောပြီး အနားယူလိုက်ပါတော့တယ်။ ဒီတော့ ကျွန်မတို့နှစ်ယောက် အကန့်အသတ်မရှိ ဟိုဟိုဒီဒီ လျှောက်လည်လို့ရသွားတော့တာပေါ့ရှင်။ အမိမြေမှာလည်း အရင်ကထက် အချိန်ကြာကြာ နေနိုင်လာခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီအချိန်က မော်လမြိုင် ဖားအောက်တောရ တရားစခန်းမှာ ကျွန်မတို့ နှစ်ယောက်စလုံး တစ်လ တရားစခန်း ဝင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလို အမိမြေကို တစ်နှစ်တစ်ခါ အချိန်ကြာကြာသွားနေနိုင်ခဲ့ချိန် ၂၀၀၄ ခုနှစ်လောက်က ထင်ပါတယ်။ ကျွန်မတို့နှစ်ယောက် ရန်ကုန်အိမ်မှာ

ရှိနေကြတုန်း ကျွန်မ လန်ဒန်တက္ကသိုလ် SOAS မှာ မြန်မာစာပြ ဆရာမဘဝက ရင်းနှီးခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးရဲ့ မေတ္တာရပ်ခံချက်နဲ့ မြန်မာနိုင်ငံနဲ့ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုအကြား ဆက်ဆံရေးကိစ္စတစ်ခုမှာ ကျွန်မခင်ပွန်းကို စကားပြန်လုပ်ပေးပါလို့ မေတ္တာရပ်ခံလာခဲ့ပါတယ်။

ခရီးထွက်တာ ဝါသနာပါလှပြီး စကားစမြိုင်ဆို မမောနိုင်မပန်းနိုင် ပြောတတ်တဲ့ ဆရာဦးမင်းညိုကြီးလည်း အဲဒီအဖွဲ့နဲ့အတူ သီတင်းနှစ်ပတ်လောက် ရန်ကုန်မြို့က အစိုးရဌာနဆိုင်ရာတွေ၊ အစိုးရဖွင့်ထားတဲ့ ပရဟိတလုပ်ငန်းတွေ၊ သင်တန်းတွေကအစ နယ်မြို့တချို့က အသင်းအဖွဲ့တွေပါမကျန် ခရီးအနှံ့ သွားခဲ့ပြီး စကားပြန် လုပ်ပေးခဲ့ရတော့တာပါပဲရှင်။

တာဝန်တွေအပြီး နောက်တစ်နေ့မှာတော့ သူတို့နိုင်ငံ မပြန်ခင် အဖွဲ့ ခေါင်းဆောင် အမျိုးသမီး နှစ်ယောက်က အိမ်ကိုလာပြီး ကျေးဇူးတင် စကားပြော ရင်း နှုတ်ဆက်ခဲ့ကြပါတယ်။ ပြန်ခါနီးမှာ စာအိတ်ကလေးတစ်အိတ် ပေးပြီး အင်္ဂလန်မှာ တွေ့ကြဦးမယ်လေလို့ ပြောပါတယ်။ ကျွန်မတို့လည်း သူတို့ လိပ်စာ ပေးသွားတယ်ဆိုပြီး ဖွင့်ကြည့်တော့ ရက်သတ္တနှစ်ပတ်စာ စကားပြန် လုပ်ခ တရားဝင်ပေးရတာပါလို့ ရေးထားပြီး ပိုက်ဆံပါ ထည့်သွားပေးတာကိုးရှင်။ ဦးမင်းညိုကြီးလည်း ဘာလုပ်ရမှန်းမသိ ပေးတဲ့သူတွေကလည် မရှိတော့ဘူး ဆိုတော့ သူကပဲ အေးလေ ဘာတတ်နိုင်မှာလဲ ဒီငွေတွေကို လိုအပ်တဲ့ နေရာမှာ သွားလှူတာပေါ့လို့ ဆိုပါတယ်။

ဒါနဲ့ ကျွန်မကလည်း ဌာနေမှာ အလှူအတန်းကျွမ်းတဲ့ ညီမမိသားစုကို ဘယ်မှာသွားလှူရရင်ကောင်းမလဲမေး၊ မိတ်ဆွေတွေကိုလည်း မေးစမ်းကြရတော့ တာပေါ့။ မကြာခင်မှာပဲ ရွှေဂုံတိုင်မှာ အခြေချနေနေပြီဖြစ်တဲ့ ကျွန်မ BBC မြန်မာပိုင်းအစီအစဉ်က Contract အပြီး၊ နောက် ငွေဗျိုင်းဖြူဒေါ် လေးအဖြစ် ဆက်တာဝန်ယူလာတဲ့ ညီမငယ်ကြည်ကြည်က သူတို့နားမှာ စွန့်ပစ်ကလေး လေးတွေကို ပြုစုစောင့်ရှောက်နေတဲ့ ဌာနတစ်ခုရှိတယ်။ အဲဒီမှာ သွားလှူပါလား လို့ အကြံပေးခဲ့ပါတယ်။

မွေးကင်းစအရွယ်ကလေးတွေကို ဆေးရုံဆေးခန်းတွေ၊ လမ်းဘေး ရေမြောင်းထဲ၊ အမှိုက်ပုံထဲတွေမှာ အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်သွား ခဲ့ကြတာတွေကို ကယ်ဆယ်ပြုစုစောင့်ရှောက်နေတဲ့ ဌာနဖြစ်တယ်လို့ သိခဲ့ ရပါတယ်။ ကျွန်မတို့လည်း အဲဒီဌာနမှာ သွားလှူမယ်ပေါ့။ အိမ်ကလူတွေက လည်း သူတို့လည်း လိုက်လှူမယ်ဆိုပြီး သူတို့တတ်နိုင်တာလေး ဝယ်ပြီး လိုက်လှူ ခဲ့ကြပါတယ်။ ၂၀၀၄ ခုနှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။

ရွှေဂုံတိုင်စွန့်ပစ်ကလေး စောင့်ရှောက်ရေးဌာနကိုရောက်တော့ ကျွန်မ တို့က ဆရာမင်းညို ဘာသာပြန်ခ ရထားတဲ့ငွေတွေကို အာဟာရနဲ့ ဆေး ပဒေသာပင်အတွက် လှူဒါန်းနိုင်ခဲ့ပါတယ်။ အဲဒီအချိန်က အဲဒီဌာနဟာ အမှန် တကယ် အလှူငွေတွေ လိုအပ်နေတဲ့နေရာဖြစ်တာကိုလည်း ကိုယ်တွေ့သိခဲ့ရပါ တယ်။ ဒါပေမဲ့ နောက်နှစ်တွေ နှစ်တွေသွားလှူခဲ့ချိန်မှာတော့ အခြေအနေ ကောင်းနေပြီး နယ်ဘက်က ဌာနခွဲတွေကိုတောင် အလှူငွေတွေ မျှဝေပေးနိုင် နေပြီဆိုတာ တွေ့သိခဲ့ရပါတယ်။ အဲဒီနေ့က ကျွန်မတို့ ရုံးခန်းမှာ အဟာရနဲ့ ဆေးပဒေသာပင်အတွက် အလှူငွေ လှူခဲ့ပြီး ဌာနအုပ်ချုပ်ရေးမှူးက ကလေးတွေ လည်း ကြည့်သွားပါဦးဆိုပြီး ကလေးလေးတွေကို စုရုံးခေါ်လာပြခဲ့ပါတယ်။ အသက် (၃)နှစ်၊ (၄)နှစ် အရွယ် ကလေးလေးတွေ ဖြစ်ပါတယ်။ အဲဒီမှာတင် ဖခင်ဖြစ်သူ နယ်တကာပြောင်း အမှုထမ်းရာ လိုက်ပါသွားလေ့ရှိပြီး ဒီလိုအလှူမျိုး တွေ လှူဒါန်းနေကျဖြစ်တဲ့၊ ဘာလှူရင် လက်ငင်းပီတိ ဖြစ်ရမယ်ဆိုတာ ကျွမ်းနေ တဲ့ ကျွန်မ ညီမ 'ဆွေ' ရဲ့ သမီး နှင်းဖြူက သူ့ရဲ့ အလှူဌာနအဖြစ် ဝယ်လာတဲ့ Jelly ဘူးလေးတွေကို ကလေးတွေကို တစ်ယောက်တစ်ဘူး လိုက်ပေးလှူ နေပါရောရှင်။ မုန့်မက်တဲ့ အသက်(၃-၄)နှစ်အရွယ် ကလေးလေးတွေဟာ ဂျယ်လီဘူးလေးတွေ ဝမ်းသာအားရယူ ကိုင်ထားရင်း သူတို့ လက် ကလေးတွေ နဲ့လည်း မဖွင့်တတ်လေတော့ ဦးမင်းညိုကြီးကို မော့ကြည့်ပြီး၊ ပုဆိုးစလေးဆွဲပြီး "ဖေဖေကြီးရေ. . . ဖွင့်ပေးပါ" တဲ့။

ကျွန်မ ထမိစ လာဆွဲတာ ခံစားရလို့ ကြည့်လိုက်တော့လည်း ကလေး

လေးက "မေကြီးရေ. . . ဖွင့်ပေးပါ" တဲ့။ ကျွန်မတို့ နှစ်ယောက်စလုံး မျက်ရည် မဆည်နိုင်ကြတော့ဘဲ ကလေးလေတွေဆီက ဂျယ်လီဘူးလေးတွေယူပြီး ဖွင့်ပေးခဲ့ကြရတဲ့ အဖြစ်လေးကိုတော့ ကျွန်မတစ်သက် ဘယ်တော့မှ မမေ့နိုင်ခဲ့တဲ့ အမှတ်တရလေးတစ်ခုပါပဲရှင်။

အဲဒီအမှတ်တရကလေးကနေ ဆက်နွယ်သွားခဲ့တဲ့ ကောင်းမှုကုသိုလ် အစုစုကလည်း မနည်းခဲ့ပါဘူး။ အဲဒီ အမိမြေတစ်ခေါက် ခရီးက လန်ဒန် ပြန်ရောက်တော့ ထုံးစံအတိုင်း မြောင်းမြဆရာတော်ဘုရားကြီး အရှင်ဉာဏိက စတင်တည်ထောင်ခဲ့တဲ့ 'တိသရဏဝိဟာရ' မှာ စနေနေ့ ညတိုင်း တရားနာ တရားထိုင် ဝတ်ပြုနေကြ တရားပွဲအပြီး အမိမြေက အတွေ့အကြုံတွေပြောပြ၊ လှူခဲ့တန်းခဲ့သမျှ၊ ဝေမျှခဲ့တဲ့အခါ "ရွှေဂုံတိုင်က စွန့်ပစ်ကလေးလေးတွေ အကြောင်း ပြောပြခဲ့မိပါတယ်။

အဲဒီမှာတင် မောင်နှမတွေ လာဖြစ်နေကြတဲ့ တရားထိုင်ဖော် ထိုင်ဖက် မိတ်ဆွေအားလုံးက နောင်နှစ် ကျွန်မတို့ မြန်မာနိုင်ငံပြန်ရင် လှူသမျှ တန်းသမျှ ကုသိုလ်ပြုသမျှတွေမှာ သူတို့လည်း ပါဝင်ပါရစေ၊ သူတို့အတွက်ပါ ထည့်ပြီး လှူဒါန်းပေးပါလို့ ပြောခဲ့ကြရာကစပြီး 'စေတနာ ရွှေနဒီ London' ဆိုတဲ့ 'စေတနာ ရွှေနဒီ' လို့ ကျွန်မတို့အဖွဲ့ နာမည်ကို ပေးခဲ့သူကတော့ ညီမငယ်သဖွယ် ဖြစ်ခဲ့တဲ့ ဒေါက်တာခင်သက်မော် ပင့်ဖိတ် ထားခဲ့လို့ လန်ဒန်မှာ သာသနာလာပြု နေတဲ့ မန္တလေး မြဝတီကျောင်းတိုက်က သီလရှင်ဆရာကြီး ဖြစ်ပါတယ်။

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အရင်းခံကာ စေတနာ ဓာတ်အလျင် အမြဲအစဉ် တသွင်သွင် စီးဆင်းနေမည် စေတနာ ရွှေနဒီ" လို့ ကျွန်မ တင်စားရေးသားထားတဲ့ ကျွန်မတို့ရဲ့ စေတနာရွှေနဒီ (London)ကနေ လူများလာတော့ စေတနာရွှေနဒီ (UK) အဖွဲ့ကလေးရဲ့ အမည်ကို ကျွန်မက စိတ်ကူးယဉ်ယဉ်နဲ့ SSSS(UK) "Serenely Streaming Sincere Support" လို့ စိတ်ကူးယဉ်ပြီး နာမဝိသေသသန(Adjetives)တွေ တစ်ပြုံကြီးနဲ့ ပုံဖော်လိုက်တာကို မြန်မာနိုင်ငံမှာ တွေ့ဆုံခဲ့တဲ့ အင်္ဂလိပ်လူမျိုး ကျောင်းဆရာ

တစ်ယောက်ကို ပြောပြတော့ သူက ခပ်လှောင်လှောင်ပြုံးလိုက်တာမြင်လို့ ကျွန်မ တင်စားချက်တွေ များလွန်းနေပြီလားလို့ သတိထားမိပြီး 'GOLD'အဖွဲ့ Group of Lavish Donors လို့ ပြောင်းလိုက်ပါတော့တယ်။ Lavish ဆိုတာလဲ မေတ္တာ စေတနာတွေကို အထူးပြုထားတာသာ ဖြစ်ပါတယ်။

အဲဒီအချိန်ကစပြီး London က အလှူရှင်တစ်စု စေတနာရွှေနဒီ London အဖွဲ့ဟာ နာရေးကူညီမှုအသင်း (ကိုကျော်သူ)ကို အဓိကထားပြီး မြန်မာနိုင်ငံတစ်ဝန်းက ဘိုးဘွားရိပ်သာတွေ၊ မိဘမဲ့ကလေးဂေဟာတွေနဲ့ အမှန်တကယ် အကူအညီ လိုအပ်နေတဲ့နေရာတွေ နှစ်စဉ်လှူဒါန်းခဲ့ကြပါတော့တယ်။

တစ်နှစ်မှာတော့ ကိုကျော်သူရဲ့ နာရေးကူညီမှုအသင်းကို အလှူငွေသွားလှူခဲ့ရင်းက တာဝန်ကျနေတဲ့ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ကို "ကျွန်မတို့ စေတနာရွှေနဒီ London" အဖွဲ့လေးမှာ အလှူငွေတွေ ရှိနေပါသေးတယ်။ ဘယ်နေရာမှာ လှူရင်ကောင်းမလဲ အကြံဉာဏ်ပေးပါဦး ဆရာမရယ်" ဆိုတော့ ဆရာမ သန်းမြင့်အောင်က မမမေးလို့ ကျွန်မ ပြောမယ်နော်။ ဟောဒီဓာတ်ပုံတွေက ကျွန်မတို့ ကြိုးစားနေတဲ့ "ဆည်းဆာရိပ် ဂိလာန ဘိုးဘွားများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့" ဆိုပြီး ဆွေမျိုးမရှိ ကြည့်ရှုစောင့်ရှောက်မယ့်သူ မရှိ၊ မကျန်းမမာ ဖြစ်နေတဲ့ ဘိုးဘွားတွေအတွက် ရိပ်သာလေးတစ်ခုအတွက် အဆောက်အဦတစ်ခု စပြီး အုတ်မြစ်ချနေတာပါဆိုပြီး ဓာတ်ပုံတွေ ပြခဲ့ပါတယ်။ ကျွန်မလည်း ဒေါ်သန်းမြင့်အောင်နဲ့ တရားရုံးချုပ်ရှေ့နေ အမျိုးသမီးများရဲ့ အလှူဒါနထဲမှာ ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြာပြီး ထည့်ဝင်လှူဒါန်းဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးကို တစ်သက်တာ ဘယ်တော့မှ မမေ့နိုင်စရာ ဖြစ်သလို နောက် ၃၊ ၄ နှစ်လည်း 'ဆည်းဆာရိပ်' အတွက် စေတနာရွှေနဒီ ဆက်လက်လှူဒါန်းဖြစ်ခဲ့တာအတွက်လည်း ဆရာမ သန်းမြင့်အောင်ကို အမြဲတစေ ကျေးဇူးတွေတင်နေပြီး ပြုရသမျှ ကုသိုလ်တွေ မျှဝေနေခဲ့ရတာလည်း ဖြစ်ပါတယ်ရှင်။

ဆရာမဒေါ်သန်းမြင့်အောင်ရဲ့ ကျေးဇူးနဲ့ပဲ "HIV ကလေးလေးတွေကို စောင့်ရှောက်ပေးနေတဲ့ 'သုခရိပ်မြုံ' ကိုလည်း သွားပြီး လှူဒါန်း နိုင်ခဲ့ပါသေးတယ်။ သုခရိပ်မြုံမှာ သွားလှူတော့ ကလေးလေးဟှေကို စောင့်ရှောက်ပေးနေတဲ့ မာမီကြီးက "ကဲ. . . ကလေးတို့ရေ မင်းတို့အတွက် လာလှူတဲ့ ဖိုးဖိုးနဲ့ဖွားဖွားကို ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ကြလေ" ဆိုတော့ အသက် ၄၊ ၅ နှစ်အရွယ်ယောကျ်ားကလေးက မတ်တပ်ထရပ်ပြီး လက်ကလေးပိုက်လို့ "ကျွန်တော့်နာမည် လွင်မိုး" တဲ့ ကလေးမငယ်ကလေးတစ်ယောက်ကတော့ "သမီးနာမည် ထက်ထက်မိုးဦး" တဲ့လေ။ အဲဒီအချိန်။ အဲဒီအခါက ခေတ်စားနေတဲ့ ရုပ်ရှင်မင်းသမီး၊ မင်းသားတွေရဲ့ နာမည်တွေနဲ့ သူတို့ကိုယ် သူတို့ မိတ်ဆက်နေကြတဲ့ သူတို့ဘဝ အခြေအနေ သူတို့မသိ အပြစ်ကင်းလှတဲ့ အပြစ်မရှိဘဲ ခံနေရတဲ့ ကလေးငယ်ကလေးတွေကို ကြည့်ပြီး ကျွန်မတို့မှာ ငိုအားထက်ရယ်အားသန် ဘာပြန်ပြောရမှန်းမသိလောက်အောင် ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရတဲ့ အခြေအနေဟာလည်း ဘယ်လိုမှမမေ့နိုင်လောက်တဲ့ အမှတ်တရလေးတွေ အများကြီးထဲက အမှတ်တရလေးတစ်ခုကို မှတ်မှတ်ရရ ပြောပြလိုက်ရပြန်တာ ဖြစ်ပါတယ်။

အဲဒီလို. . . အဲဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ အလှူကစပြီး London မိသားစုတွေ တစ်နှစ်တစ်ခါ အားထုတ်ကြိုးပမ်း လှူဒါန်းထောက်ပံ့မှုတွေ မြိုင်မြိုင်ကြီး လုပ်ဖြစ်သွားခဲ့ကြတာကတော့ ကျွန်မဘဝမှာ ပီတိအဖြစ်ရဆုံး ကုသိုလ်ကောင်းမှုပါပဲလို့ မှတ်တမ်းတင်လိုက်ရပါတယ်ရှင်။

* * *

# ကမ္ဘာအနှံ့ ခြေဆန့်ခဲ့ကြရာမှာ

ကိုယ့်ဘဝသက်တမ်း တစ်ဝက်လောက် နေလာခဲ့တဲ့ နိုင်ငံရဲ့ သဘော သဘာဝ အနေအထားလေး နည်းနည်းလောက်ကိုတော့ ဗဟုသုတအဖြစ် မှတ်မှတ်ရရ ပြောပြရပါဦးမယ်ရှင်။ ကျွန်မ အလုပ်ဝင်စ ငယ်ဘဝကစပြီး ဒီနိုင်ငံမှာ နေခဲ့ သွားခဲ့တာလေးတွေကိုတော့ အလျဉ်းသင့်သလို ကျွန်မ ရေးပြီး သွားခဲ့ပါပြီ။ ကျွန်မတို့ အလုပ်လုပ်စဉ်က အသက်(၆၀)မှာ အသက်ပြည့် ပင်စင် ယူကြရတာဖြစ်ပါတယ်။ ကျွန်မကတော့ အသက်ပြည့်သွားပြီးပေမဲ့ ကန်ထရိုက်နဲ့ လုပ်နေတာမို့ ကိုယ်လုပ်နိုင်၊ လုပ်ချင်တဲ့အချိန်အထိ ဆက်ပြီး လုပ်သွားနိုင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မ အသက်(၆၀)မှာ အလုပ်နားလိုက်ပါတယ်။

ဒီနိုင်ငံမှာက သူတို့နိုင်ငံအတွက် တရားဝင်အလုပ်လုပ်ပေးသူတိုင်းကို သက်ဆိုင်ရာဌာနတွေကနေ ပင်စင်လစာတွေ ထုတ်ပေးကြပါတယ်။ အသက်ကြီးသွားရင်လည်း သက်ကြီးပင်စင်ဆိုပြီး လစဉ်ပေးလေ့ရှိပါတယ်။ ကျွန်မတို့ ခေတ်တုန်းက အသက်(၆၀)မှာ အလုပ်ပင်စင်ရော၊ သက်ပြည့်ပင်စင်ရော၊ သက်ကြီးပင်စင်ပါ ရခဲ့ပါတယ်။ ခုတော့ သက်ပြည့်ပင်စင်က (၆၅)နှစ်မှ ရတယ်လို့ သိရပါတယ်။ Old age Pension လို့ England နိုင်ငံမှာခေါ်တဲ့ သက်ကြီးပင်စင်ကတော့ ကျွန်မတို့ အလုပ်လုပ်လာခဲ့တဲ့သက်တမ်း တစ်လျှောက်လုံး မပေးမနေ ပေးထားခဲ့ရတဲ့ National Insurance ခေါ် ဘဝအာမခံချက် စုငွေတစ်မျိုးကနေ ပေးခဲ့တာ ဖြစ်ပါတယ်။ ကျွန်မ အသက်(၆၀)ပြည့်ပြီ

ဆိုတာနဲ့ သက်ပြည့်ပင်စင်၊ သက်ကြီးပင်စင်တွ ကျွန်မ ဘဏ်စာရင်းထဲ ချက်ချင်း ဝင်လာခဲ့တော့တာပါပဲ။ ဒါ့အပြင် အသက်(၆၀)ပြည့်ပြီးသူတိုင်း လန်ဒန်မှာ ရှိတဲ့ မြေပေါ် မြေအောက်ရထား အားလုံး၊ ဘတ်စ်ကား အားလုံး အခမဲ့စီးခွင့်ရှိပါတယ်။ အဲဒါအတွက်လည်း (၃)နှစ်သက်တမ်းရှိတဲ့ အခမဲ့ စီးခွင့်လက်မှတ် (FREE-DOM PASS) ထုတ်ထားပေးပါတယ်။ (၃)နှစ်ပြည့်ရင် အသစ်ထုတ် ပေးတာ ပေါ့ရှင်။ ကျန်းမာရေးနဲ့ ပတ်သက်ရင်လည်း သောက်ဆေး၊ စားဆေးကအစ ဆေးရုံတက်ရတာ အပါအဝင် အခမဲ့ ကုသပေးတာဖြစ်ပါတယ်။ ရောဂါတစ်ခုခု ရှိတယ်ဆိုရင်လည်း ပျောက်ကင်းတဲ့အထိ သက်ဆိုင်ရာ အထူးကုဆရာဝန်တွေက ကုသပေးကြလေ့ရှိပါတယ်။ ဘယ်နေ့ ဘယ်ရက်မှာ ဘာရောဂါအတွက် ဘယ်ဆေး ခန်းကိုလာပါ စသဖြင့် အသေးစိတ် ရှင်းလင်းညွှန်ပြချက်နဲ့ အသိပေးခေါ် တတ် လေ့ရှိပါတယ်။ ကုပေးရမယ့်သူဘက်က ဒီလောက် ပြည့်ပြည့်စုံစုံ ကြည်ကြည် သာသာခေါ်ပြီး ကုပေးနေမှတော့ ငြင်းတဲ့လူရှိခဲ့ရင်လည်း သူ့အပစ်ပဲပေါ့ရှင်။

ကျွန်မတို့နှစ်ယောက်လည်း အင်္ဂလန်မှာ နေသားကျလာခဲ့ကြရာက နေ ကမ္ဘာအနှံ့ ခြေဆန့်ကြဖို့ အခွင့်ကြုံတာနဲ့ တစ်ပြိုင်နက် အနီးအနားက ဥရောပ နိုင်ငံတွေက စပြီး အရင်က စိတ်ကူးထဲ ရောက်ချင်နေသမျှ နေရာဒေသတွေကို အခွင့်သင့်ရင် သင့်သလို သွားခဲ့ကြတာ ဖြစ်ပါတယ်။

အင်္ဂလန်ရောက်ပြီး တစ်နှစ်ကျော်မှာ၊ မြန်မာပြည် IFL မှာ ပြင်သစ်ဘာသာ ဒီပလိုမာသင်တန်း တက်နေကတည်းက သင်ခန်းစာတွေထဲ သင်ရ၊ ရုပ်ရှင်တွေထဲ မြင်ရလေ့ရှိတဲ့ ပြင်သစ်နိုင်ငံ၊ ပါရီမြို့လယ်က ရှောန်ဇေလီဆေ လမ်းမကြီးနဲ့ အီဖယ် မျှော်စင်ကြီးကို ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့တွေ့ခဲ့ရတဲ့ ပြင်သစ်ခရီးစဉ်ကတော့ ကျွန်မ အတွက် အကျေနပ်ဆုံး အမှတ်တရတစ်ခု



အီဖယ်မျှော်စင်ကြီးရှေ့မှ အမှတ်တရ


လို့ ဆိုရပါမယ်။

အဲဒီ နောက်ပိုင်း ခွင့်ရက်ရှည် ရသမျှ အင်္ဂလန်နဲ့ အနီးတစ်ဝိုက်က ဂျာမနီ၊ ပေါ်တူဂီ၊ စပိန်နိုင်ငံတွေ၊ Scandinavia နိုင်ငံတွေဖြစ်တဲ့ နော်ဝေ၊ ဆွစ်ဒင်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေပါမကျန် ခရီးအနှံ့ခြေဆန့်ခဲ့ကြသလို ဗုဒ္ဓဂယာကို အဓိကထားပြီး အိန္ဒိယ၊ နီပေါ စတဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ် နေရာဒေသထိ မမောနိုင် မပန်းနိုင်အောင်ပါပဲ။

အလျှဉ်းသင့်ရင် သင့်သလိုလည်း Singapore မှာ အခြေချနေထိုင်ကြတဲ့ ကိုမင်းညိုရဲ့ အခင်ဆုံးသူငယ်ချင်း ဆရာစံတို့ စုံတွဲနဲ့ လည်ကြ ပတ်ကြ၊ ခရီးတွေ အတော်များများ ထွက်ထွက်ခဲ့ကြတာကလည်း မမေ့နိုင်စရာ အဖြစ်အပျက်တွေပဲပေါ့ရှင်။ Cambodia ရောက်ခဲ့ကြတော့လည်း ကျွန်မတစ်ခါက ဆယ်ကျော်သက်အရွယ်မှာ အနီးကပ် တွေ့ဖူးမြင်ဖူးခဲ့တဲ့ သီဟာနု ဘုရင်ရဲ့ နန်းတော်၊ ခုချိန်မှာတော့ ဘုရင်သီဟာနုရဲ့သားတော် စံမြန်းနေတဲ့ နန်းရင်ပြင် တစ်ဝိုက် လျှောက်လှမ်းသွားလာနေရင်း ဘယ်ရပ်ဌာနေ ဘယ်သူ့ကို မှန်းမသိဘဲ လွမ်းသလိုလိုကြီးများတောင် ခံစားမိခဲ့ရပါသေးတယ်။

ဆရာညို့သူငယ်ချင်း ဆရာစံနဲ့ ညီမနန်းလေးတို့ရဲ့ သားနဲ့ ကိုးရီးယား သတို့သမီးလေးတို့ရဲ့ လက်ထပ်ပွဲကျင်းပရာ တောင်ကိုးရီးယားနိုင်ငံ၊ Seoul မြို့ကိုလည်း အနှံ့လည်ခဲ့တော့ အခုမြန်မာနိုင်ငံမှာ ပြနေတဲ့ ကိုးရီးယားနန်းတွင်း ဇာတ်ကားတွေထဲက နန်းတော်တွေရှိရာ နေရာတွေလည်း ရောက်ခဲ့ကြပါသေး တယ်။ နေရာတကာ စပ်စုတတ် (စပ်စုတာ မဟုတ်ပါဘူးလေ စူးစမ်းတာပါ) ကြတဲ့ ကျွန်မတို့နှစ်စုံတွဲ အန္တရာယ်များလှတဲ့ စစ်အကြီးအကျယ်ဖြစ် ပစ်ခတ် နေရာ တောင်ကိုးရီးယားနဲ့ မြောက်ကိုးရီးယားနယ်စပ်စခန်း ပန်မွန်ဂျုံကိုတောင် ရောက်တုန်း ရောက်ခိုက် သွားဖြစ်အောင် သွားခဲ့ကြသေးတယ်။

အမေရိကန် ပြည်ထောင်စုကတော့ ကျွန်မရဲ့ တစ်ဦးတည်းသော ယောင်းမနဲ့ မိသားစုတွေ အခြေချနေကြတဲ့ နေရာမို့ မကြာခဏရောက်လေ့ရှိတာ ဖြစ်ပါတယ်။ ဖလော်ရီဒါကို ရောက်တော့လည်း ကျွန်မတို့ ရောက်သွားတဲ့ အချိန်



မှာ အသက် ၇၀ ကျော်လောက် ရှိနေပြီဖြစ်ပေမဲ့ ကိုယ်တိုင်ကားမောင်းပြီး ကျွန်မတို့ သွားလိုရာ လိုက်ပို့ပေးခဲ့တဲ့ နာမည်ကျော် စာရေးဆရာမကြီး 'ပဒ္မာခြား ခင်' (ဒေါ်ခင်မကြီး) ရဲ့ ဧည့်ဝတ်ကျေခဲ့ပုံကိုလည်း အမြဲသတိရနေကြပါတယ်။

တရုတ်နိုင်ငံ ရောက်တော့လည်း မဟာတံတိုင်းကြီး(Great Wall) ကို တက် ဖြစ်အောင် တက်ခဲ့ကြတာမှာ ကျွန်မတို့က တစ်ဆင့်သာတက်ခဲ့ချိန်မှာ နေရာ တကာမှာ တူမတူအောင် စူးစမ်းလေ့ရှိတဲ့ ကိုမင်းညိုကတော့ အဆင့် (၆)ဆင့် ရှိတဲ့ (Great Wall) ကြီးမှာ(၄)ဆင့်အထိ ရောက်သွားခဲ့လို့ ခရီးသွားအုပ်စု ကားတစ်စီးလုံး သူ့ကို စောင့်နေခဲ့ကြရပါတယ်။ အဲဒီလို ကိုယ်က တခြားသူတွေ ရဲ့နိုင်ငံတွေကို သွားလေ့ရှိသလို ကိုယ့်ဆီကိုလည်း နိုင်ငံအနှံ့က သူငယ်ချင်း မိတ်ဆွေတွေ အမြဲအပြတ် လာနေကြတာလည်းရှိရဲ့။ ဥရောပနဲ့ အမေရိကန် တစ်ခွင် အဆင်သင့်သလို သွားနေခဲ့ကြပြီး ကျွန်မတို့ နှစ်ယောက် လည်း အသက် (၆၀) ကစလို့ အငြိမ်းစားယူခဲ့တော့တာ ဖြစ်ပါတယ်။

အထူးသဖြင့်ကတော့ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်လောက်ကစပြီး လန်ဒန်မှာ ဂီတပွဲလေးတွေ လုပ်လာခဲ့ကြတော့ အမိမြေက အနုပညာရှင်တွေကို ဖိတ်ခေါ်လာနိုင်ခဲ့ကြတဲ့ အတွက် နှစ်ပေါင်းအတော်ကြာကြာ မတွေ့ဆုံခဲ့ကြရတဲ့

မိတ်ဆွေတွေနဲ့ ပြန်တွေ့ ခဲ့ကြရတာဟာလည်း ကြည်နူးစရာပဲပေါ့ရှင်။ ဖျော်ဖြေရေးအတွက် ဖိတ်ခေါ်လို့ ရောက်လာကြတဲ့ စန္ဒရား ဦးလှထွတ်နဲ့ ဒေါ်ချိုဝေလွင်၊ စန္ဒရားတင်ဝင်းလှိုင်၊ ကိုသန်းမြတ်စိုး စသည်တို့ရဲ့ အသံနဲ့ အလွမ်းဖြေနေရသူတွေကို ဖျော်ဖြေရေး မကျင်းပခင် တစ်ရက် ကျွန်မအိမ်မှာ ဆိုကြ၊ တီးကြနဲ့ ပျော်စရာကြီးပါပဲလေ။ ညီမ ချိုပြုံးနဲ့ သမီးတို့နဲ့လည်း ပြန်တွေ့ကြရတာမို့ စစခြင်း မချိုက 'အမေ့အိမ်'သီချင်းနဲ့ ပညာပြလိုက်တာ ကွယ်လွန်ပြီးခါစ အမေ့ကို လွမ်းနေတဲ့ ကျွန်မ၊ မျက်ရည် မဆည်နိုင်အောင် ဖြစ်သွားခဲ့ရတာ အမှတ်ထင်ထင် သတိရနေဆဲပါ။



ချိုပြုံး။ ကျွန်မတို့ ဇနီးမောင်နှံနဲ့ သမီးချိုပြုံး



အစ်ကို ဝင်းညွန့်ရဲ့သမီး စောယုဝင်းနဲ့ သူ့ဦးလေးတို့ လန်ဒန်မှာ ဆုံကြစဉ်က

မြန်မာ့အသံမှာကတည်းက ခင်မင်ကျွမ်းဝင်ခဲ့တဲ့ ကျွန်မ ချစ်သော သူငယ်ချင်း နာမည်ကျော် ဒေါ်မာမာအေးကတော့ Birmingham ဘုရားအတွက် အသံလွှင့်ဖို့ လန်ဒန်ကို ရောက်ရှိချိန်က စပြီး အမေရိကန်နိုင်ငံမှာ သောင်တင် နေသားကျသွားချိန်ထိ အမြဲမပြတ် တွေ့နေ ကြုံနေ သူ့အသံသာသာလေးကို အပြင်မှာ နားသောတ ဆင်နေခဲ့ရတာဖြစ်တယ်။



* * *

# နှစ် (၅၀)ပြည့် ရွှေရတု



ဒီကြားထဲ အမိမြေကိုလည်း တစ်နှစ်တစ်ခါက် မှန်မှန်ပြန်လာတတ်ကြပါသေးတယ်။ လွန်ခဲ့တဲ့နှစ်ကတော့ အကြောင်းအမျိုးမျိုးကြောင့် အမိမြေမှာ အနေကြာသွားခဲ့လို့ London မှာ လုပ်ဆောင်စရာရှိတာတွေ အချိန်လွဲကုန်ခဲ့ပါတော့တယ်။ အရေးအကြီးဆုံးကတော့ ကိုယ့်ကို ဂရုတစိုက် ပြုစုကြည့်ရှုစောင့်ရှောက်ပေးနေတဲ့ နှစ်စဉ် စေတနာ့ဝန်ထမ်း ဆေးစစ်ပေးတဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စတွေပဲ ဖြစ်ပါတယ်။

ဆေးရုံဘက်က ဘယ်နေ့ ဘယ်ရက် လာပါ ဆိုရင် ကျွန်မတို့က အဲဒီနေ့မှာ ဌာနေကပြန်လာမှာ မဟုတ်သေးလို့ ရက်ရွှေ့ပါဦး ဆိုလည်း ရွှေ့ပေးခဲ့ကြတဲ့အထိ သူတို့ဆီက သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးနဲ့ စိတ်ချမ်းသာရေးကို အခကြေးငွေ မပေးရဘဲ ဖြည့်ဆည်းပေးနေပုံကိုတော့ ကျွန်မ အထူးပဲ လေးစားမိရပါတယ်။ ဒါကြောင့်ပဲ လွန်ခဲ့တဲ့နှစ်က အကြောင်း အမျိုးမျိုး ကြောင့် အမိမြေမှာ ခါတိုင်းနှစ်တွေထက် ၃၊ ၄ လပိုကြာသွားခဲ့တာ စိတ်ရှည် လက်ရှည် ရက်ရွှေ့စောင့်ဆိုင်းပေးနေခဲ့တဲ့ လန်ဒန်က ကျွန်မတို့ရဲ့ ဆရာဝန်တွေနဲ့ ဆေးစစ်၊ သွေးစစ် စစ်စရာရှိတာတွေ အချိန်အတော်ကြာ နောက်ကျပြီးမှ လုပ်ခဲ့ ကြရပါတယ်။

အဲဒီလို အချိန်ကို ဂရုမစိုက်လိုက်မိတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးကတော့ ဒီနှစ် အမိမြေ ပြန်ချိန် Timing တွေ လွဲသွားခဲ့ရပြီး ခါတိုင်း ထက် နောက်ကျသွားခဲ့လို့ နှစ်ပေါင်းများစွာ အတော်ကြာအောင် မခံစားရဘဲ ရှိနေခဲ့တဲ့ မြန်မာ့နွေရာသီအပူဒဏ်ကို အပြင်းအထန် ခံစားနေခဲ့ရတဲ့ အဖြစ် ပါပဲရှင်။ ကိုယ့်နိုင်ငံမှာ နေကတည်းက ပူတဲ့ရာသီနဲ့မတည့်ဘဲ နှင်းခဲအောင် အေးတဲ့ရာသီ ငြိမ့်ငြိမ့်လေးအေးတဲ့၊ ရာသီဥတုရှိတဲ့ ဒေသဟာတာ ကျွန်မအတွက် အံ့ဝင်ခွင်ကျ ဖြစ်ခဲ့တာပါ။ အခု မြန်မာပြည်ရဲ့ ပူပြင်းလှတဲ့ နွေရာသီဒဏ်ကို ပီပီပြင်ပြင် ခံရတာတော့ ဒီတစ်ခေါက်မှာမှ ရင်ကြပ်ရောဂါဒဏ် စပြီး ခံစားလာရ တဲ့ ဦးမင်းညိုဟာ လေအေးပေးစက် (Air Con)က လေဒဏ်ခံရတိုင်း၊ ရှုရတိုင်း ရင်တွေကြပ်ကြပ်လာတော့ Air Condition စက်လည်း မဖွင့်ရနဲ့မို့ ကျွန်မ ဒုက္ခက ဆိုးသထက်ဆိုးနေတော့တာ ဖြစ်ပါတယ်။

ဒီနှစ် မြန်မာ့နှစ်ကူး အတာကြူးတဲ့တန်ခူးလသင်္ကြန်အခါမှာတော့ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး အပူဒဏ်ကို ဖြေသာနေသာရှိခဲ့ပေမဲ့ သင်္ကြန် ကာလလည်းပြီးရော ပူလိုက်တဲ့ရာသီဥတုဒဏ် ကျွန်မမှာ အလူးအလှိမ့်ခံနေရပြီး ငယ်ကတည်းက ရာသီဥတုပူရင် မခံနိုင်ဘဲ အပူဖု မိတ်တွေထွက်တတ်တဲ့ ကျွန်မ အကြီးအကျယ် ခံစားနေရပါတော့တယ်။ ကျွန်မအကြောင်း ကောင်းကောင်းကြီး

သိနေတဲ့ ဦးမင်းညို ခမျာလည်း နည်းအမျိုးမျိုးနဲ့ အပူသက်သာအောင် ကြံဆောင်နေရရှာပါတယ်။ ဟော. . . မနေ့က ၂၀၁၅ ခု၊ ဧပြီလ၊ ၂၃ ရက် ညနေပိုင်းမှာတော့ မိုးတွေထစ်ချုံးပြီး အကြီးအကျယ်ရွာချလိုက်လို့ အပူဒဏ်ကြောင့် အိပ်ကောင်းခြင်း မအိပ်ရတာကြာနေပြီဖြစ်တဲ့ ကျွန်မ ရက်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကောင်းကောင်းကြီး အိပ်ပျော်သွားခဲ့ရပါတယ်။ နောက်တစ်နေ့ နေ့လယ်မှာလည်း ကျေးဇူးရှင်မိုးမင်းက တသည်းသည်း ရွာလာပေးပြန်တာမို့ ဆရာမင်းညိုက ဦးထုပ်ကလေးယူလာပေးပြီး ကဲ. . . ကဲ မိတ်တွေပျောက်သွားအောင် မိုးရေထဲထွက် မိုးရေချိုး"ဆိုလို့ ကျွန်မ အသက် (၇၅)နှစ်အရွယ် အဘွားကြီး ဒီကနေ နေ့လယ်ကပဲ ခြံထဲက မြက်ခင်းပေါ်မှာ ဦးထုပ်ကလေးဆောင်းပြီး မိုးရေချိုးနေပုံကို မြင်ကြရင်ဖြင့် ကျွန်မတို့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် ဒီအသက်အရွယ်ရောက်တဲ့အထိ ကျရာနေရာမှာ ဖြစ်အောင်၊ ပျော်အောင် နေတတ်နေကြဆဲပါပဲဆိုတာ သိမြင်နိုင်ကြမှာပဲလို့ အမှတ်တရတွေထဲက လောလောဆယ် အမှတ်တရလေးတစ်ခုလည်း မှတ်တမ်းတင်လိုက်ရပြန်ပါတယ်ရှင်။

ခု ရေးခဲ့ပြီးသမျှတွေဟာ လွန်ခဲ့တဲ့ (၇၅)နှစ်ကျော် ကတည်းက စခဲ့တဲ့ ကျွန်မဘဝ တစ်လျှောက် ဖြစ်ခဲ့ပျက်ခဲ့သမျှတွေကနေ မှတ်မှတ် ရရ ရှိခဲ့တဲ့ အကြောင်းအရာကလေးတွေပဲ ဖြစ်ပါတယ်။ ဒီအမှတ်တရလေးတွေကို ကျွန်မက မေတ္တာရပ်ခံ ဖတ်ကြည့်ခိုင်းလို့ စာမြည်းသဘော ဖတ်ပေးခဲ့ကြသူတွေက ဒီလောက်နှစ်ပေါင်းရှည်ကြာနေလာခဲ့ချိန်မှာ ဒါထက်မက ရေးစရာတွေ အများကြီး ရှိရဦးမှာပေါ့၊ ထပ်ရေးပါဦးလို့ ဝိုင်းပြောကြပါတယ်။ အားပေးသူ ရှိလို့ကတော့ "မောတယ် ပန်းတယ် သဘောမှာ မထားလို့ရယ်" ဖြစ်တတ်တဲ့ 'ကျွန်မ'အားတွေ တက်လာခဲ့ရလို့ ကျေးဇူးပါရှင်လို့ ပြောရင်း. . . အဲဒီလောက်ကြာသွားတဲ့ နှစ်တွေအတွင်းမှာ လောကဓံတရား(၈)ပါးနဲ့အညီ ဖြစ်ခဲ့ပျက်ခဲ့တာတွေထဲမှာ ပျော်စရာ၊ ကြည်နူးစရာလေးတွေရှိသလို စိတ်ဆင်းရဲစရာတွေ၊ ဝမ်းနည်းကြေကွဲဖွယ်ရာတွေ အများကြီးလည်း ရှိခဲ့ပါတယ်။

ဒါပေမဲ့ တိုင်းတစ်ပါးမှာ နေနေရပေမဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာဂုဏ်ကို မညှိုးနွမ်းစေခဲ့ဘဲ ဘာသာရေး၊ သာသနာရေးတင်မက လူမှုရေးပါမကျန် ကျွန်မ တတ်နိုင်သလောက် စည်းရုံးဆောင်ရွက်ခဲ့ရသမျှတွေ အသေးစိတ်ရေးနေမယ် ဆိုရင်တော့ မဆုံးနိုင်လောက်အောင် ဖြစ်သွားမှာပါပဲ၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာတော့ ကျွန်မ ဘဝအကြောင်းချည်းမဟုတ်တဲ့ ကျွန်မတို့မိသားစုထဲမှာ ကြုံခဲ့ရသမျှ လောကဓံတရား(၈)ပါးနဲ့အညီ ဖြစ်ပျက်ခဲ့တတ်ပုံကလေးတွေကိုပါ ရေးခွင့်ကြုံပါလိမ့်ဦးမယ်လို့ မျှော်လင့်ရင်း 'ကျွန်မ ခင်မြဆွေ'ရဲ့ မထူးခြားလှပေမဲ့ မှတ်မိခဲ့သမျှ ဘဝခရီးတစ်လျှောက်က အမှတ်ရစရာလေးတွေကို နိဂုံးချုပ် လိုက်ရပါတော့မယ်ရှင်။

ခင်မြဆွေညို (လန်ဒန်)<br>၂၀၁၅၊ မေ

'သင်ခန်းစာယူစရာလေးများလည်း ယူနိုင်အောင်
ခုခေတ်နဲ့ ရှေးခေတ်က
အတွေးအခေါ်၊ အယူအဆ၊ အနေအထိုင်၊
လှုပ်ရှားသွားလာ ရှန်းကန်ရပုံကလေးတွေကို
နှိုင်းယှဉ်ကြည့်ကာ သင်ခန်းစာယူနိုင်ကြရအောင်လေ' ဟု
အတွေးပေါက်ပြီး . . .



# ဂျွန်မာဘ
# အမှတ်တရလေးများ

ခင်မြဆွေညို (လန်ဒန်)

